မြန်မာ့အလင်း

၁၂၇၅ ခုနှစ်ကတည်ထောင်သည်။
Established 1914

၁၃၆၈ ခုနှစ်၊ ဝါဆိုလဆန်း ၇ ရက်၊ ၂၀၀၆ ခုနှစ်၊ ဇူလိုင် ၁ ရက်၊ စနေနေ့၊ အတွဲ (၄၅)၊ အမှတ် (၂၇၁)

နိုင်ငံတော်အကြီးအကဲ ပိုလ်ချုပ်မှူးကြီးသန်းရွှေ ဗီယက်နမ်သမ္မတ မစ္စတာငုယင်မင်ကျစ်ထံ ဝမ်းမြောက်သဝဏ်လွှာပေးပို့

နေပြည်တော် ဇွန် ၃၀

၂၀၀၆ခုနှစ် ဇွန် ၂၇ရက်တွင် ဗီယက်နမ်ဆိုရှယ်လစ်သမ္မတနိုင်ငံ၏ သမ္မတအဖြစ် ရွေးချယ်တာဝန်ပေးအပ်ခြင်းခံရသူ မစ္စတာ ငုယင်မင်ကျစ်ထံသို့ ပြည်ထောင်စုမြန်မာနိုင်ငံတော် နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးသန်းရွှေထံမှ ဝမ်းမြောက်ကြောင်း သဝဏ်လွှာပေးပို့ခဲ့သည်။

(သတင်းစဉ်)

မေတ္တာတန်ပိုးနှင့် မေတ္တာတန်ခိုးများ (အမှတ်စဉ်-၃)

မေတ္တာ၏ အကျိုးအာနိသင်

မေတ္တာ၏ အကျိုးအာနိသင်သည်
အလွန်များပြား ကြီးမား မြင့်မြတ်၏။ ဘဝသမ္ပတ္တိ
အကျိုးပေးသန်သော ကောင်းသော
ကံတကာထဲတွင် ဤမေတ္တာကံသည် အထွတ်မြတ်ဆုံး
အသာဆုံးတည်း။ မေတ္တာကံကို တုပြိုင်နိုင်သော
ကံ ဟူ၍ မရှိပေ။

သေက္ခတောင်ဆရာတော် ဦးတိလောက
(သာသနာရေး)

နိုင်ငံတော်ကိုဆန့်ကျင်နေသည့် အဖျက်သမားများနှင့် ကျောင်းသားအမည်ခံနိုင်ငံရေးပွဲစားအချို့ အထွေထွေအုံကြွမှုကြီးအမည်တပ်ထားသည့် ဆူပူသောင်းကျန်းမှုများဖြစ်ပေါ်အောင် လှုံ့ဆော်ဖန်တီး အေးချမ်းစွာပညာသင်ကြားမှုနှင့် နိုင်ငံတော်တည်ငြိမ်မှုပျက်ပြားအောင် ကျောင်းသားလူငယ်များအကြား အဖျက်အမှောင့်လုပ်ငန်းများ သွတ်သွင်းဖန်တီးသွေးထိုးလှုံ့ဆော်မှုများလုပ်ဆောင် ဆိုးညစ်သည့်သရုပ်မှန်ကို ကျောင်းသားလူငယ်များ သိမြင်ရှောင်ရှားနိုင်အောင်ကာကွယ်စောင့်ထိန်း

ရန်ကုန် ဇွန် ၃၀

ရန်ကုန်တိုင်း လှည်းကူးမြို့နယ်ရှိ ဗဟိုဝန်ထမ်းတက္ကသိုလ်(ဖောင်ကြီး)၌ ဖွင့်လှစ်သော တက္ကသိုလ်၊ ကောလိပ် ဆရာ၊ ဆရာမများ အထူးမွမ်းမံသင်တန်း အမှတ်စဉ်(၉) သင်တန်းဆင်းပွဲအခမ်းအနားကို ယနေ့နံနက် ၉နာရီက ဗဟိုဝန်ထမ်းတက္ကသိုလ်(ဖောင်ကြီး) နဝရတ်ခန်းမ၌ ကျင်းပရာ မြန်မာနိုင်ငံပညာရေးကော်မတီဥက္ကဋ္ဌ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီး သိန်းစိန် တက်ရောက်၍ အမှာစကားပြောကြားသည်။ **(အပေါ်ပုံ)**

စာမျက်နှာ ၈ ကော်လံ ၁ ✻

နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေပေါ်ပေါက်ရေးသည်မြန်မာနိုင်ငံသားအားလုံး၏တာဝန်ဖြစ်သည်။

မြန်မာ့အလင်း အယ်ဒီတာ့ အာဘော် (၂၀၀၆ ခုနှစ်၊ ဇူလိုင်လ ၁ ရက်)

သမဝါယမ၏ အနှစ်သာရများ ဆက်လက်ဖော်ဆောင်

၁၉၉၄ခုနှစ်တွင် ကျင်းပခဲ့သည့် (၄၉)ကြိမ်မြောက် ကုလသမဂ္ဂ အထွေထွေညီလာခံက နှစ်စဉ်ဇူလိုင်လ၏ ပထမ စနေနေ့တိုင်းကို အပြည်ပြည်ဆိုင်ရာ သမဝါယမနေ့အဖြစ် သတ်မှတ်ခဲ့သည်။ ၂၀၀၆ခုနှစ် ဇူလိုင်လ၏ ပထမစနေနေ့ဖြစ်သည့် ဇူလိုင်လ ၁ရက်(စနေနေ့)သည် အပြည်ပြည်ဆိုင်ရာ သမဝါယမနေ့ ဖြစ်သည်။

နိုင်ငံတစ်ဝန်းတွင် အပြည်ပြည်ဆိုင်ရာ သမဝါယမနေ့ အထိမ်းအမှတ်အဖြစ် သမဝါယမအသင်းများက စုပေါင်းဝင်ငွေခွန်ပေးဆောင်ခြင်း၊ စုပေါင်းသွေးလှူခြင်း၊ စုပေါင်းမြေစိုက်ပိုစတာ စိုက်ထူခြင်း၊ ကျောင်းများ၌ စာစီစာကုံးပြိုင်ပွဲများ ကျင်းပခြင်း၊ အထူးဈေးရောင်းပွဲ၊ ရက်သတ္တပတ်ဈေးရောင်းပွဲများကျင်းပခြင်း စသည့် လှုပ်ရှားမှုများ ပြုလုပ်ကြသည်။

အပြည်ပြည်ဆိုင်ရာ သမဝါယမနေ့ အထိမ်းအမှတ် အခမ်းအနားများ ကျင်းပရာ၌ သမဝါယမ၏ အနှစ်သာရ၊ ကျင့်ဝတ်နှင့် သမဝါယမအခြေခံမူများကို ပြည်သူများ ပိုမိုထိတွေ့ရင်းနှီးမှုရှိလာစေရန်၊ မြန်မာ့သမဝါယမ မျှော်မှန်းချက်နှင့် ရည်မှန်းချက်များအား ပြည်သူများ ကျယ်ပြန့်စွာ သိရှိနိုင်စေရန်၊ နိုင်ငံတော်၏စီးပွားရေး၊ လူမှုရေးကဏ္ဍများတွင် သမဝါယမအခန်းပါဝင်မှုကို ပိုမိုသိမြင်ယုံကြည်လာစေရန်၊ သမဝါယမ၏ အနှစ်သာရ၊ ကျင့်ဝတ်နှင့်အခြေခံမူများ၊ မြန်မာ့သမဝါယမမျှော်မှန်းချက်နှင့် ရည်မှန်းချက်များအား လက်တွေ့ကျင့်သုံး ဆောင်ရွက်ခြင်းဖြင့် နိုင်ငံတော်ကကျင့်သုံးနေသည့် ဈေးကွက်စီးပွားရေးစနစ်ကို အထောက်အကူပြုစေရန် ဟူသည့် ရည်မှန်းချက်များထားရှိသည်။

သမဝါယမ၏ အခြေခံတွေးခေါ်ယူဆချက်သည် တန်းတူရည်တူဖြစ်ခြင်း၊ မျှတခြင်း၊ ဆန္ဒအလျောက် ပါဝင်နိုင်ခြင်း၊ ကိုယ့်အားကိုယ်ကိုးခြင်း၊ စီးပွားရေးနှင့် လူမှုရေးဘဝ မြှင့်တင်ခြင်းတို့ဖြစ်သည်။

သမဝါယမ သဘောတရားမှာ ဆန္ဒအလျောက် လွတ်လပ်စွာ အသင်းသားများအဖြစ် ပါဝင်ခွင့်ရှိခြင်း၊ အသင်းသား၏ အလိုဆန္ဒနှင့်အညီ စီမံခန့်ခွဲခြင်း၊ သမဝါယမအသင်း၏ စီးပွားရေးလုပ်ငန်းများတွင် အသင်းသားများ ပူးပေါင်းပါဝင် ဆောင်ရွက်ခြင်း၊ ကိုယ်တိုင်အုပ်ချုပ်ခြင်းနှင့် လွတ်လပ်မှုရှိခြင်း၊ ပညာပေးရေး၊ လေ့ကျင့်သင်ကြားရေးနှင့်သတင်းပေးပို့ရေးများဆောင်ရွက်ခြင်း၊ သမဝါယမအသင်းအချင်းချင်း ပူးပေါင်းဆောင်ရွက်ခြင်း၊ လူ့အဖွဲ့အစည်းအကျိုး သယ်ပိုးဆောင်ရွက်ခြင်းတို့ဖြစ်သည်။

မြန်မာ့သမဝါယမအသင်းများသည် အသင်း၏ အခြေခံတွေးခေါ်ယူဆချက်များကို စွဲကိုင်ရင်း အသင်းသူ အသင်းသားများ၏ စီးပွားရေး၊ လူမှုရေး လိုအပ်ချက်များကို ဖြည့်ဆည်းဆောင်ရွက်ပေးခြင်း၊ နိုင်ငံတော်က ချမှတ်ပေးသည့် စီးပွားရေးစီမံကိန်းများ အောင်မြင်အောင်ဆောင်ရွက်ခြင်း စသည့် အစဉ်အလာကောင်းများကို ဆက်လက်အကောင်အထည်ဖော်လျက်ရှိပါကြောင်း ရေးသားတင်ပြလိုက်ရပါသည်။ ။

ပြည်သူ့သဘောထား

- ✳ ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
- ✳ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
- ✳ နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက် နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
- ✳ ပြည်တွင်းပြည်ပအဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

နယ်စပ်/စည်ပင်ဝန်ကြီး ဗိုလ်မှူးကြီးသိန်းညွန့်အား ကုလသမဂ္ဂကလေးများရန်ပုံငွေအဖွဲ့ ဌာနေကိုယ်စားလှယ်တွေ့ဆုံ

နေပြည်တော် ဇွန် ၃၀

နယ်စပ်ဒေသနှင့်တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စည်ပင်သာယာရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးကြီးသိန်းညွန့်အား ကုလသမဂ္ဂကလေးများရန်ပုံငွေအဖွဲ့ ဌာနေကိုယ်စားလှယ် Mr. Ramesh Shrestha သည် ဇွန် ၂၈ရက် ညနေ ၄ နာရီတွင် နေပြည်တော်ရှိ နယ်စပ်ဒေသနှင့်တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စည်ပင်သာယာရေးဝန်ကြီးဌာန ဝန်ကြီး၏ ဧည့်ခန်းမ၌ လာရောက်တွေ့ဆုံသည်။ **(အပေါ်ပုံ)**

တက်ရောက်

ထိုသို့ တွေ့ဆုံရာသို့ နယ်စပ်ဒေသနှင့်တိုင်းရင်းသားလူမျိုးများဖွံ့ဖြိုးတိုးတက်ရေးနှင့် စည်ပင်သာယာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးကြီးတင်ငွေ၊ စည်ပင်သာယာရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးမျိုးမြင့်နှင့် တာဝန်ရှိသူများ တက်ရောက်ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

မြဝတီရုပ်မြင်သံကြား

၁-၇-၂၀၀၆ (စနေနေ့)

နံနက်ပိုင်း

- ၇း၀၀ ၁။ မြဝတီအဖွင့်
- ၇း၀၅ ၂။ အဖွင့်သီချင်း
- ၇း၁၀ ၃။ ကျန်းမာရွှင်လန်းယောဂအစွမ်း
- ၇း၁၅ ၄။ မျိုးချစ်တပ်မတော်
- ၇း၂၅ ၅။ မြန်မာပြည်တစ်ဝန်း ရောင်စုံမှတ်တမ်း
- ၇း၃၀ ၆။ မြန်မာသံစဉ်ချိုနားဝင်
- ၇း၄၅ ၇။ မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီး ပြိုင်ပွဲအစီအစဉ်
- ၇း၅၀ ၈။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
- ၈း၀၀ ၉။ မြဝတီရုပ်မြင်သံကြားသတင်း
- ၈း၁၀ ၁၀။ ဆရာတော် ဦးဃောသိတ တရားတော် **“ဝိသုဒ္ဓိတရားခုနစ်ပါး”**

နေ့လယ်ပိုင်း

- ၁၂း၀၀ ၁။ မြဝတီအဖွင့်
- ၁၂း၀၅ ၂။ အဖွင့်သီချင်း
- ၁၂း၁၀ ၃။ မျိုးချစ်တပ်မတော်
- ၁၂း၂၀ ၄။ သာယာသီကြွေးခေတ်ဆန်းတေး
- ၁၂း၃၀ ၅။ ရုပ်မြင်သံကြားဇာတ်လမ်း **“အချစ်နဲ့ အကောင်းအတိုင်းဖြစ်စေမည်”** (ဒွေး၊ လွင်မိုး၊ မင်းဦး၊ မေသန်းနု)

ညပိုင်း

- ၄း၀၀ ၁။ မြဝတီအဖွင့်
- ၄း၀၅ ၂။ အဖွင့်သီချင်း
- ၄း၁၀ ၃။ လက်စွမ်းပြပဟန်ဂီတသံ
- ၄း၁၅ ၄။ ရင်ခုန်စီးဆင်းအချစ်သီချင်း
- ၄း၂၅ ၅။ နားဝင်ငြိမ့်စီးသီချင်းကြီး
- ၄း၅၅ ၆။ မျိုးချစ်တပ်မတော်
- ၅း၂၅ ၇။ အလွမ်းတေးပန်းချီချစ်သူဆီ
- ၅း၄၀ ၈။ သာယာသီကြွေးခေတ်ဆန်းတေး
- ၆း၀၀ ၉။ မြဝတီရုပ်မြင်သံကြားသတင်း
- ၆း၁၀ ၁၀။ နိုင်ငံတကာသတင်း
- ၆း၂၀ ၁၁။ မိုးလေဝသသတင်း
- ၆း၂၅ ၁၂။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
- ၆း၃၀ ၁၃။ အံ့ဩဖွယ်ရာဆပ်ကပ်ပညာ
- ၆း၄၀ ၁၄။ လျှပ်တစ်ပြက်
- ၇း၀၀ ၁၅။ ရသစုံလင်ရုပ်မြင်ဇာတ်လမ်း **“မြက်ခင်းစိမ်းနဲ့ အိမ်ကလေး”** (အပိုင်း-၄၁)
- ၈း၀၀ ၁၆။ မြဝတီရုပ်မြင်သံကြားသတင်း
- ၁၇။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
- ၁၈။ ယနေ့ညအတွက်မြဝတီ၏ တေးလက်ဆောင်
- ၁၉။ FIFA WORLD CUP 2006 Quarter Finals ပွဲစဉ် England Vs Portugal (Live)

၂-၇-၂၀၀၆

(နံနက်ပိုင်း)

- ၀၁း၃၀ ၁။ FIFA WORLD CUP 2006 Quarter Finals ပွဲစဉ် Brazil Vs France (Live)

ဧည့်လမ်းညွှန်တစ်ယောက်အကြောင်း အလုပ်ရုံဆွေးနွေးပွဲကျင်းပ

ရန်ကုန် ဇွန် ၃၀

ဟိုတယ်နှင့်ခရီးသွားလာရေးလုပ်ငန်းဝန်ကြီးဌာန၏ ကြီးကြပ်မှုဖြင့် မြန်မာနိုင်ငံခရီးသွားလုပ်ငန်းရှင်များအသင်းက စီစဉ်ဆောင်ရွက်သော “ဧည့်လမ်းညွှန်တစ်ယောက်အကြောင်း အလုပ်ရုံဆွေးနွေးပွဲ”ကို ဇွန် ၂၈ရက် နံနက် ၉ နာရီတွင် မန္တလေးမြို့ Mandalay Hill Resort ၌ ကျင်းပရာ ဟိုတယ်နှင့်ခရီးသွားလာရေးလုပ်ငန်းဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်အေးမြင့်ကြူ တက်ရောက်၍ အမှာစကားပြောကြားခဲ့သည်။

အလုပ်ရုံဆွေးနွေးပွဲကို မန္တလေးဒေသရှိ မြန်မာနိုင်ငံခရီးသွားလုပ်ငန်းရှင်များအသင်းနှင့် ဟိုတယ်ဆိုင်ရာလုပ်ငန်းရှင်များအသင်းတို့က အဓိကပံ့ပိုးဆောင်ရွက်ပေးထားပြီး ဆွေးနွေးပွဲသို့ ကော်မတီဝင်နှင့်အသင်းဝင်များ၊ ဟိုတယ်နှင့်ခရီးသွားလုပ်ငန်းများမှ တာဝန်ရှိသူများ၊ မန္တလေးမြို့ရှိ လိုင်စင်ရ ဧည့်လမ်းညွှန်များနှင့် စိတ်ဝင်စားသူများ တက်ရောက်လေ့လာကြသည်။

ပါဝင်ဆွေးနွေး

ဆွေးနွေးပွဲတွင် ဝါရင့်အတွေ့အကြုံရှိ ဧည့်လမ်းညွှန်များဖြစ်သော ဦးမျိုးသန့်(အင်္ဂလိပ်ဘာသာ)၊ ဦးအုန်းကျော်(ပြင်သစ်ဘာသာ)၊ ဦးမျိုးဝင်း (ရုရှားဘာသာ)၊ ဦးထင်ကြီး(စပိန်ဘာသာ)၊ ဦးခင်မောင်သန်း (ဂျပန်ဘာသာ)၊ ဒေါ်ဆက်ဆက်ဝင်း(ပြင်သစ်ဘာသာ)၊ ဒေါ်ဖြူဖြူထိုက် (ဂျာမန်ဘာသာ)၊ ဒေါ်စပ်မြစန္ဒာ (အီတလီဘာသာ)၊ ဒေါ်စကားဝါစိုး(ထိုင်းဘာသာ) ဧည့်လမ်းညွှန်များက ပါဝင်ဆွေးနွေးကြကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

အောင်ပင်လယ်စာသင်တိုက် ဝါဆိုသင်္ကန်းဆက်ကပ်ပွဲ

ရန်ကုန် ဇွန် ၃၀

တောင်ဥက္ကလာပမြို့နယ် (၂)ဝိုင်း အောင်ပင်လယ်စာသင်တိုက်တွင် ဝါဆိုဝါကပ်တော်မူကြမည့် ပဓာနနာယကဆရာတော် ဘဒ္ဒန္တပဏ္ဍိတ (မဟာဂန္ထဝါစကပဏ္ဍိတ) အမှူးရှိသော စာချစာသင်သံဃာတော်အပါး ၁၀၀ ကျော်တို့အား ကျောင်းတိုက် ဂေါပကအဖွဲ့က ဦးဆောင်၍ ဒါယကာ ဒါယိကာမများ စုပေါင်းကာ ဝါဆိုသင်္ကန်းကပ်လှူပွဲနှင့် စာအောင်သံဃာတော်ပူဇော်ပွဲကို ဇူလိုင် ၉ ရက်တွင် ကျင်းပမည်ဖြစ်သည်။ ဝါဆိုသင်္ကန်းတစ်စုံလျှင် ကျပ် ၂၅၀၀ နှုန်းဖြင့်ဖြစ်စေ၊ မိမိတို့အစီအစဉ်ဖြင့်ဖြစ်စေ ဖုန်း-၅၇၀၅၀၅သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရသည်။ **(၁၉၂)**

အမှုထမ်းသက် မှတ်တမ်းစာအုပ်ရောင်းချ

ရန်ကုန် ဇွန် ၃၀

ပြန်ကြားရေးဝန်ကြီးဌာန ပုံနှိပ်ရေးနှင့်စာအုပ်ထုတ်ဝေရေးလုပ်ငန်း စာပေဗိမာန်က အမှုထမ်းသက် မှတ်တမ်းစာအုပ် (Service Book)ကို ယနေ့ ဖြန့်ချိရောင်းချနေပြီဖြစ်သည်။

အမှုထမ်းသက် မှတ်တမ်းစာအုပ် ဝယ်ယူလိုသော ဝန်ကြီးဌာနများ၊ ဦးစီးဌာနများနှင့် လုပ်ငန်းဌာနများသည် အမှာစာ၊ အသုံးပြုမည့် ဝန်ထမ်းအမည်စာရင်း ကိုယ်စားလှယ်လွှဲစာတို့နှင့်အတူ မန်နေဂျာ အရောင်းဌာန စာပေဗိမာန် အမှတ်(၅၂၉) ကုန်သည်လမ်း ရန်ကုန်မြို့ ဖုန်း-၃၈၁၄၄၈၊ ၂၄၉၀၃၁ တို့သို့ဆက်သွယ်၍ ကျသင့်ငွေကို မျဉ်းသားချက်(သို့မဟုတ်) ငွေသားဖြင့် ပေးချေကာ ဝယ်နိုင်သည်။ စာအုပ်ရောင်းဈေးမှာ ငွေကျပ် ၁၅၀ ဖြစ်သည်။ ဝန်ထမ်းတစ်ဦးချင်း ဝယ်ယူလိုပါက ဝန်ထမ်းစိစစ်ရေးကတ်ပြ၍ စာပေဗိမာန်စာအုပ်ဆိုင်တွင် ဝယ်ယူနိုင်ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

နိုင်ငံခြားရေးဝန်ကြီးဌာန ဝန်ကြီး ဦးဉာဏ်ဝင်း ဗီယက်နမ် ဒုတိယဝန်ကြီးချုပ်နှင့် နိုင်ငံခြားရေးဝန်ကြီးထံ သဝဏ်လွှာပေးပို့

နေပြည်တော် ဇွန် ၃၀

၂၀၀၆ ခုနှစ် ဇွန် ၂၈ရက်တွင် ဗီယက်နမ် ဆိုရှယ်လစ်သမ္မတနိုင်ငံ၏ ဒုတိယဝန်ကြီးချုပ်နှင့် နိုင်ငံခြားရေး ဝန်ကြီးအဖြစ် ခန့်အပ် တာဝန်ပေးခြင်းခံရသူ မစ္စတာ ဖန်ဇာခီရမ်းထံသို့ ပြည်ထောင်စု မြန်မာနိုင်ငံတော် နိုင်ငံခြားရေးဝန်ကြီးဌာန ဝန်ကြီး ဦးဉာဏ်ဝင်းထံမှ ဝမ်းမြောက်ကြောင်း သဝဏ်လွှာပေးပို့ခဲ့သည်။ **(သတင်းစဉ်)**

မင်္ဂလာကျက်သရေအပေါင်းခညောင်းသည့် မြန်မာအမျိုးသမီးများနေ့

ခေမာမုံညင်း

ဇူလိုင် ၃ ရက်နေ့ဟာ မြန်မာအမျိုးသမီးထုကြီး တစ်ရပ်လုံးကို ထိုက်တန်စွာ ဂုဏ်ပြုကြတဲ့နေ့ ဖြစ်ပါတယ်။ ဘာသာတရားရဲ့ အဆုံးအမကို ဦးထိပ်ထားလေ့ရှိတဲ့ ဗုဒ္ဓဘာသာ မြန်မာ့ရင်သွေး မိန်းကလေးများဟာ လူကြီးသူမ မိဘဘိုးဘွားရဲ့ အုပ်ထိမ်းမှုအောက်မှာ ကျိုးနွံရိုသေစွာ လိုက်နာကြတဲ့ စည်းကမ်းစနစ်ကြောင့် ပြောဆိုလှုပ်ရှား ဝတ်စားဆင်ယင် အစစအရာရာတွင် အရှက်အကြောက်ရှိခြင်း၊ သိမ်မွေ့ယဉ်ကျေးရာမှာ စံထားလောက်ခြင်းဆိုတဲ့ ဂုဏ်ပုဒ်တွေကြောင့် အထက်တန်းကျသူတွေဖြစ်ကြောင်း ကမ္ဘာက အသိအမှတ်ပြုခံခဲ့ကြရပါတယ်။

အမျိုးအနွယ်ကို စောင့်ရှောက်ခြင်းဟာလဲ အမြင့်မားဆုံး ဂုဏ်ပုဒ်ဖြစ်ပါတယ်။ မိဘရဲ့အမွေကို ခံယူထိုက်အောင် ကျင့်ကြံနေထိုင်ခဲ့ကြလို့ အမျိုးကိုချစ်တဲ့ ဝံသာနု အမျိုးသမီးတွေဟာ သမိုင်းစဉ်တစ်လျှောက်လုံးမှာ ထင်ရှားကျော်ကြားလာခဲ့ကြပါတယ်။ ပညာရေးမှာကြည့်ရင် လောကီ လောကုတ္တရာ ကျမ်းဂန်စာပေတွေတတ်လို့ ရဟန်းသံဃာများကိုတောင် စာချပေးရတဲ့ သံဗျင်မင်းသမီးဟာ ပုဂံခေတ်က ထင်ရှားခဲ့ပါတယ်။ မိဖုရားဖွားစော ရှင်စောပုဘုရင်မကြီးနှင့် သုဓမ္မစာရီ ဖြတ်ထုံးဖြင့် အမည်ထင်ရှားခဲ့တဲ့ မိဖုရားစာဆိုတော်တွေဟာလည်း ခေတ်အဆက်ဆက်မှာ ရှိခဲ့ပါတယ်။

မိဖုရားစာဆိုတော်အနေနဲ့ ၁၃ ပါးရှိပြီး မင်းသမီးစာဆိုတော်ကကိုးပါး၊ နန်းတွင်းသူ စာဆိုတော်က သုံးဦးနဲ့ အပျိုတော်စာပေပညာရှင်က ခြောက်ဦး၊ မှူးမတ် အရာရှိကတော် စာဆိုရှင်က ခုနစ်ဦးနဲ့ မှူးမတ်အရာရှိ သမီးကခြောက်ဦးထင်ရှားခဲ့တာကို မြန်မာ့ဂုဏ်ရည် တိုက်က ၁၂၉၅ ခုနှစ်မှာ ထုတ်ဝေခဲ့တဲ့ အမျိုးသမီး စာဆိုတော်များ အတ္ထုပ္ပတ္တိစာအုပ်ပါ မြန်မာစာ ဂုဏ်ထူးဘွဲ့ရ ဒေါ်ဝမ်မေရဲ့ ရတုပိုဒ်စုံထဲမှာ ဖော်ပြထားတာ တွေ့ရပါတယ်။

တန်ဆောင်း မိဖုရား၊ ပခိုးမိဖုရား၊ တောင်ငူဇင်းမယ်မိဖုရား၊ ငါးဆူ ဒါယကာမိဖုရား၊ စဉ့်ကူးမိဖုရား၊ ရှင်မင်း၊ ရခိုင်အိမ်ရှေ့မိဖုရား၊ တောင်တွင်းမင်းသမီး၊ မိဖုရား မမြကလေးနှင့် ကြေးမြင့်တိုင် မိဖုရားတို့ဟာ စာပေနယ်မှာ ထင်ရှားခဲ့ပါတယ်။ ရခိုင်အိမ်ရှေ့မိဖုရားစောပြည့်ညိုဆိုတာ အင်မတန်အဖိုးတန်တဲ့ သျှိုးလိုက်ရတုတွေ ရေးခဲ့ပါတယ်။ အိမ်ရှေ့မင်းစစ်ချီရာကို ပေးလိုက်တဲ့ သျှိုးလိုက်ရတုဖြစ်ပါတယ်။ ဇင်းမယ်မိဖုရားဆိုတာက ရာဇဓာတုကလျာကို ခေါ်တာပါ။ ရခိုင်ပညာရှိ မင်းတိုင်ပင်အမတ် မိပန်းရုံဆိုတာ ဓမ္မသတ်လျှောက်ထုံး၊ ဖြတ်ထုံးတွေ ရေးခဲ့တယ်။ အမျိုးသားတွေရဲ့ လေးစားမှုခံရတဲ့သူဖြစ်တယ်။ နန်းတွင်းသူတွေကို ဆုံးမသွန်သင်ခဲ့တဲ့ သီလရှင်မယ်ကင်းကိုလည်း မေ့ထားလို့ မရဘူး၊ မင်းတုန်းမင်းရဲ့ ငယ်ချစ် စာတော်ဖတ် မယ်သဲဆိုတာလည်း သူငယ်တော်ရဲ့အပါးမှာ စာတော်ဖတ်ရာထူးအတွက် ခေါ်လာပြီးနောက်တော့ မြောက်ဆောင်မိဖုရားဖြစ်သွားသူပါ၊ မကွေးဝန်ရဲ့သမီး ညောင်ကန်ဆရာတော်ရဲ့ တူမဖြစ်ပါတယ်၊ ဆရာတော်က ဇာတာကို စစ်ဆေးကြည့်တဲ့အခါ မိဖုရားဧကန်ဖြစ်မှာကို သိလို့ ကျမ်းဂန်သဒ္ဒါစာပေတွေ သင်ကြားပေးခဲ့သူဖြစ်ပါတယ်။ မင်းတုန်းမင်းသားကို ဘေးလွတ်အောင် ကယ်ခဲ့သူလဲဖြစ်တယ်။ သူ့ရဲ့တေးထပ်တွေဟာ သံဝေဂတွေချည်းပဲ။

နန်းမတော်မမြကလေးကတော့ အရပ်သူဖြစ်ပေမယ့် သီချင်းကြီး၊ သီချင်းခံ၊ ပတ်ပျိုး၊ ခွန်းတောက်တွေကိုရေးခဲ့တဲ့ ဂီတပညာရှင်လည်း ဖြစ်ပါတယ်၊ အဲဒီမိဖုရားတွေဟာ စာပေမှာသာ ထူးချွန်တာမဟုတ်ဘဲဂီတမှာလည်း ပြောင်မြောက်လို့ သူတို့ရေးခဲ့တဲ့ ပတ်ပျိုးတွေ၊ ဘွဲ့သဖြန်တွေဟာ ယနေ့ မဟာဂီတမှာ လေ့လာလိုက်စားနေရဆဲ ဖြစ်ပါတယ်။ လှိုင်ထိပ်ခေါင်တင်ကတော့ ရေယမုန်သားချော့ ပတ်ပျိုးအပြင် ဝိဇယကာရီ ဇာတ်တော်ကြီးကိုပါရေးပြီး ဘောလယ် ကိုးပုဒ်ကို အမွေအဖြစ် ထားရစ်ခဲ့ပါတယ်။ အလွမ်းဘွဲ့၊ မျှော်တော်ယောင်ဘွဲ့၊ ကျေးစေ၊ ဘုရားတိုင်ရတုများဟာလည်း အလွန် သိမ်မွေ့ယဉ်ကျေးလှပါတယ်။ မြင်စိုင်းမင်းသမီးရဲ့ သူရကန်မြ ပတ်ပျိုးဟာလည်းယနေ့ထိ သီဆိုနေရဆဲပါပဲ။ မယ်ဘွဲ့ မောင်ဘွဲ့တွေရေးရာက အရွယ်ရလာတော့ သံဝေဂနိဗ္ဗိန္ဒ တေးထပ်တွေပဲ ရေးခဲ့ကြတယ်၊ နန်းတွင်းသူ ရှင်ထွေးလှ၊ ခင်မထွေးနဲ့ တောင်ငူကိုယ်လုပ်တော် စာဆိုတော် ရဝေရှင်ထွေးကတော့ ဆံထုံး ထုံးနည်း ၅၅ မျိုး၊ အန်ချင်းနဲ့ ရာသီဘွဲ့တွေ ရေးခဲ့ပါတယ်။ ပုဂံခေတ် ဆံထုံး ၅၅ မျိုးကို ရဝေရှင်ထွေးရဲ့ ကျေးဇူးကြောင့် ယနေ့အထိ ဂုဏ်ယူနေကြရတာပါ။

အပျိုတော် မယ်ဖြူတို့၊ မယ်ညိုတို့ကတော့ ငယ်ရွယ်သူတွေလည်းဖြစ်လို့ ကိုယ်ရည်ကိုယ်သွေးရတုတွေ ရေးခဲ့ကြတယ်။ တောင်တွင် မြင့်မိုရ်၊ နန်းတွင် မိညိုတဲ့၊ ကျွန်းတွင် ဇမ္ဗူ၊ နန်းတွင် မိဖြူတဲ့၊ မယ်ခွေကတော့ မဝယ်ဘူးမယ်ရှူးတဲ့ ဖက်စိုဆေးလိပ်ဘွဲ့ကို ရေးခဲ့ပြီး နေနတ်ကယ်မှ ရာဇာလေဆိုတဲ့ အဲချင်းကိုလည်းရေးခဲ့ပါတယ်။ မှူးမတ်ကတော်တွေထဲက အမွေဝန်ကတော် မယ်ခွေ၊ မင်းကြီးကတော်ခင်ဆုံ၊ သေနတ်ဝန်ကတော် ခင်ခင်ကြီးတို့ဟာ ထင်ရှားခဲ့ပါတယ်။ မှူးမတ်သမီးတွေအနေနဲ့ ယောဝန်ကြီးသမီးခင်စိုး၊ အနောက်ဝန်မြေး ခင်လေးကြီး၊ တောင်ခွင်ဝန်သမီး ခင်ခင်ကြီးနဲ့ ဦးကြော့သမီး၊ မြို့ဝန်သမီး ခင်ခန့်၊ ရေနံ့သာခင်ခင်တို့ဟာလည်း မိဘရိုးရာကိုဆက်ခံပြီး စာပေနယ်မှာ ထင်ရှားခဲ့သူတွေဖြစ်ပါတယ်။

နန်းတွင်းသူတွေက စာတတ်၊ ပေတတ်၊ ကျမ်းဂန်းတတ် ပုဂ္ဂိုလ်တွေများတယ်။ ကျေးလက်သမီးပျိုတွေကတော့ သူတို့ရဲ့ခံစားချက်ကို အိုင်ချင်းတွေ၊ ကောက်စိုက်တေးတွေ၊ သဖြန်တွေနဲ့သာ မှတ်တမ်းတင်နိုင်ကြပါတယ်။ ဗုံကြီးသံတွေ၊ မောင်း၊ တေးချင်းတွေဆိုတာ ကျေးလက်အမျိုးသမီးများရဲ့ ပညာခန်း သက်သက်ပါပဲ၊ လက်တန်းစပ်ခဲ့ကြပါတယ်။ ခုလို ဝါဆိုကာလ လွမ်းစရာ ရာသီမှာ အမျိုးသမီးလေးတွေ လယ်ထဲမှာ လုပ်ငန်းခွင်ဝင်ကြတယ်။ မိရိုးဖလာအလုပ်ကို တပျော်တပါးဆက်လက်လုပ်ကိုင်နေကြတယ်။ အမေဆိုဆဲ ဝါဆိုပွဲ တေးကိုသီဆိုပြီး အမျိုးသမီးလေးများ ဝါဆိုဦးမှာ လယ်စိုက်ကြတာ၊ ဝါဆိုပန်းခူးထွက်ပြီး ဘုရားကို အစုလိုက်အပြုံလိုက် လတ်ဆတ်တဲ့ ဝါဆိုတောပန်းလေးတွေနှင့် လှူကြတာ ဒီဇူလိုင်လပဲပေါ့။ တိုက်တိုက်ဆိုင်ဆိုင် မြန်မာအမျိုးသမီးများ ပျော်မဆုံးတဲ့နေ့နဲ့ ဘာကြောင့် သက်ဆိုင်လာရသလဲ၊ အမျိုးသမီးလေးတွေ စုစုစည်းစည်းနှင့် ကိုယ့်ဘဝကိုယ် မြှင့်တင်တန်ဖိုးထားကြတဲ့နေ့ဟာ သူတော်ကောင်းတွေ ဝါဆိုကြမယ့်လနဲ့လိုက်ရောအောင် ဘယ်သမ္မာဒေဝများက ဒီလကိုမှ ရွေးချယ်ပေးခဲ့ကြပါလိမ့်၊ ဝါဆိုဆိုတာ အလွန်တည်ငြိမ်အေးချမ်းတဲ့ လဖြစ်တယ်၊ ဝါဆိုလ ရွာတဲ့မိုးဟာ အလွန်အေးပါတယ်။

"သန္ဓေ၊ တောထွက်၊ ဓမ္မစကြ်၊ တစ်ချက်ပြာဋိဟာ" စကားအရ ထူးမြတ်တဲ့လဖြစ်ပါတယ်။ ရဟန်းတွေလည်း ရောက်တဲ့နေရာမှာပဲ ဝါဆိုကြရတယ်၊ လယ်ကန်သင်းတွေကို ဖြတ်သွားရင်း ခရုကဏန်း၊ ငါးဖား၊ ပုစွန်လေးတွေကို နင်းမိမယ်၊ လယ်ရှင်တွေ ငြိုစူတာခံရမယ်ဆိုဖြီး သံဃာများ လယ်ထဲ မဖြတ်ရအောင် ပညတ်တော်မူခဲ့ပါတယ်။

"ဝါတွင်းသုံးလ မာသသုံးထွေ၊ တောမြိုင်ခြေဝယ်၊ ချေလည်း မဟောက်၊ မျောက်လည်းမကြော်၊ ငှက်သူတော်တို့၊ မပေါ်မထွက်၊ တောကြက်ဥဒေါင်း၊ ဖော်ပေါင်းကင်းအောင်၊ ဝါရှောင်ဖိုမ၊ နေကြပြကတော့ ကျင့်သိမ်မွေ့၏။ လူလေ့လူလာ၊ လူတို့ရွာ၌ လူမှာသော်ကား၊ သူငါများပင်၊ ယောကျ်ားမိန်းမ၊ အဟိတ်မျှလောက်၊ ဘဝလေ့လာ၊ မရှောင်ခွာဘူး" သို့ မန်လည်ဆရာတော်ဘုရားက မဃဒေဝလင်္ကာကြီးမှာ ရေးခဲ့သလို အင်မတန်သိမ်မွေ့တဲ့ လရာသီ၊ ဝါဆိုချိန်ခါမှာ ကြံကြံဖန်ဖန် ငါတို့အမျိုးသမီးတွေကိုလည်း တစ်ပြည်လုံးက ဂုဏ်ပြုကြတော့မှာကလား၊ မြန်မာပြည်ဖွားပြီး မြန်မာဖြစ်ရတဲ့ ကုသိုလ်ဟာ ထူးလှပါကလားလို့ ဆင်ခြင်မိပါတယ်။ အမျိုးသမီးများနေ့လို့ ကျင်းပခဲ့တာဟာ ရှစ်နှစ်ကြာခဲ့ပါပြီ။

ကမ္ဘာ့အမျိုးသမီးများနေ့က မတ်လ ၈ ရက်ဖြစ်ပြီး မြန်မာအမျိုးသမီးများနေ့က ဇူလိုင် ၃ ရက် ဖြစ်ပါတယ်။ မြန်မာအမျိုးသမီးရေးရာအဖွဲ့ချုပ်ကြီးကိုတော့ ၂၀၀၃ ခုနှစ် ဒီဇင်ဘာ ၂၀ ရက်မှာ ဖွဲ့စည်းခဲ့ပြီး အဖွဲ့ချုပ်ကြီးရဲ့ ရည်ရွယ်ချက်ခုနစ်ချက်နဲ့ ဆောင်ရွက်ဖို့ အခြေခံမူလေးချက်ကို မူတည်ပြီး တစ်နိုင်ငံလုံးက အဖွဲ့ချုပ်ကြီးအပေါ် ယုံကြည်အားထား အားကိုးကြတဲ့အလျောက် အဖွဲ့ဝင်ပေါင်းများစွာ တိုးတက်လာနေပြီဖြစ်ပါတယ်။ နိုင်ငံတော် တည်ဆောက်ရာမှာ ကိုယ်စွမ်း၊ ဉာဏ်စွမ်းရှိသမျှနှင့် ပါဝင်ထမ်းဆောင်ကြမယ်လို့ ခိုင်မြဲစွာ သန္နိဋ္ဌာန်ချထားကြပါတယ်။

အမျိုးသမီးများရဲ့ အခွင့်အရေးကို ကာကွယ်စောင့်ရှောက်ကြမယ့် စီးပွား၊ ကျန်းမာ၊ ပညာ၊ ယဉ်ကျေးမှုကို လုံခြုံအောင် ထိန်းသိမ်းကြမယ်။ တိုင်းရင်းသားဓလေ့ထုံးတမ်းများကို တန်ဖိုးထားကြမယ်။ တိုင်းတစ်ပါးက ဘယ်လိုပဲ စွပ်စွဲကြပါစေ။ ဘာမှ ဂရုစိုက်ဖို့မလို။ အမျိုးသမီးများကို အကြမ်းဖက်မှုမှ ကာကွယ်ဖို့နဲ့ ဘဝပြန်လည်ထူထောင်ဖို့ ကလေးသူငယ်များ အမျိုးသမီးများကို ရောင်းဝယ်ဖောက်ကား လူမဆန်တဲ့ လူကုန်ကူးမှုတွေ၊ အဲဒီမိစ္ဆာလုပ်ငန်းတွေ တစ်စတစ်စ ပျောက်ကွယ်သွားအောင် ဆောင်ရွက်ကြမယ်။ နှစ်သိမ့်ဆွေးနွေးပညာပေးမှုတွေနဲ့ ကာကွယ်ကြမယ်လို့ သစ္စာကတိပြုပြီးသားဖြစ်ကြပါတယ်။ မြန်မာအမျိုးသမီးတို့ရဲ့ သဘာဝယဉ်ကျေးမှုနဲ့ လုံးဝဆန့်ကျင်တဲ့ ဒီလို မိစ္ဆာလုပ်ငန်းကို ဘယ်အခါမျှ အားပေးငုံ့ခံကြမယ် မဟုတ်ပါဘူး။

ယခုအခါ အဖွဲ့ချုပ်ကြီးက တိုင်းရင်းသူလေးများနှင့် လက်ပွန်းတတီး တွေ့ဆုံပြီး လက်တွဲခေါ်ယူလျက်ရှိနေပါတယ်။ အဆင့်ဆင့်အဖွဲ့အစည်းတွေက အမျိုးသားရေးစိတ်ဓာတ်ခိုင်မာဖို့ လမ်းညွှန်ပေးလျက်ရှိနေပါတယ်။ အမျိုးသမီးလေးများ အသက်မွေးဝမ်းကျောင်းပညာရပ်များကိုလည်း သင်တန်းများနှင့် သင်ကြားအားပေးလျက်ရှိပါတယ်။ နှစ်စဉ်ပဲ ထူးချွန်တဲ့ အမျိုးသမီးများကို ဖော်ထုတ်ပြီး ဂုဏ်ပြုလျက်ရှိပါတယ်။ စာပေ၊ ဂီတ၊ ကြက်ခြေနီ၊ သူနာပြု၊ အားကစား၊ အင်ဂျင်နီယာ၊ ရဲတပ်ဖွဲ့၊ မီးသတ်တပ်ဖွဲ့က စွမ်းရည်ပြပွဲတွေနှင့်လည်း တင်ဆက်ဂုဏ်ပြုခဲ့တဲ့အပြင် ခေတ်အဆက်ဆက် ဂုဏ်ယူဖွယ်ရာ မြန်မာအမျိုးသမီးများ ဝတ်စားဆင်ယင်မှုသရုပ်ပြပွဲများကိုလည်း တင်ဆက်ဖော်ထုတ်ပေးခဲ့ပါတယ်။ လှရေး၊ ပရေး ဂုဏ်ပြိုင်မှုထက် ဇာတိမာန်ရေးရာမှာသာ ဂုဏ်ပြိုင်ကြရမှာဖြစ်ပါတယ်။ မျိုးချစ်စိတ်ဓာတ်၊ ပြည်ထောင်စုစိတ်ဓာတ် ရင့်သန်ပွားများစေဖို့ ရည်သန်ပြီး နှစ်စဉ်ပဲ စာတမ်းဖတ်ပွဲများလည်း ကျင်းပပေးခဲ့ပါတယ်။ ဗဟုသုတပြန့်ပွားရေးအတွက် ကျပန်းစကားပြောပွဲများ၊ အမျိုးသမီးများနေ့ ဂုဏ်ပြုကဗျာ၊ ဆောင်းပါးများ၊ မှတ်တမ်းတင်ရန် ဓာတ်ပုံပြိုင်ပွဲများ ကျင်းပပေးတဲ့အတွက် အမျိုးသမီးများ ပါဝင်စွမ်းရည်ပြနိုင်ခဲ့ကြပါတယ်။ ရခဲတဲ့အခွင့်အရေးဖြစ်ပါတယ်။ ထူးခြားမှုများကတော့ ကျွမ်းကျင်သူခေါင်းဆောင်များကိုယ်တိုင် ကွင်းဆင်းပြီး ပြဿနာရပ်များ လက်ပွန်းတတီး ဖြေရှင်းပေးခဲ့ကြပါတယ်။ အဖွဲ့ချုပ်ကြီးက ကမ္ဘာ့နိုင်ငံအမျိုးသမီးအဖွဲ့ပေါင်းစုံနဲ့လည်း ရင်းနှီးစွာ ဆက်သွယ်ပြီး မြန်မာအမျိုးသမီးထုကြီးရဲ့ သရုပ်မှန်လှုပ်ရှားဆောင်ရွက်နေပုံများကို တင်ပြပေးလျက်ရှိနေပါတယ်။

မြန်မာအမျိုးသမီးဆိုတာ ဘယ်အခါမှ နောက်က မနေခဲ့ဘူး။ နယ်ချဲ့ တော်လှန်ရေး၊ ဖက်ဆစ်တော်လှန်ရေးတွေမှာလည်း အသက်စွန့်ပြီး ကာကွယ်ခဲ့ကြတဲ့ အာဇာနည်သူရဲကောင်းတွေ ဂုဏ်ယူလို့ မဆုံးနိုင်အောင် များပြားလှပါတယ်။ ဘာသာရေး၊ လူမှုရေး၊ အိမ်ထောင်သာယာရေးမှာ ဦးဆောင်သူတွေဟာ အမျိုးသမီးများသာဖြစ်ပါတယ်။ ထူးချွန်တဲ့ မြန်မာအမျိုးသမီး ၁၁၇ ဦး အကြောင်းပါဝင်တဲ့ "ဗမာအမျိုးသမီး" စာအုပ်ကို ၁၉၈၉ ခုနှစ်က စာရေးသူရေးခဲ့ဖူးပါတယ်။ ဝံသာနုသခင်မကြီးတွေ ပညာရေး၊ ဆေးလောက၊ သတင်းစာလောက၊ သာသနာရေး၊ စီးပွားရေး၊ တပ်မတော်ဝန်ထမ်းအမျိုးသမီးများ၊ ဂီတရုပ်ရှင်သဘင်၊ စာပေအနုပညာရှင်တွေ ပါဝင်ပါတယ်။ လွတ်လပ်ရေးအတွက် အမျိုးသားများနှင့်တန်းတူ နိုင်ငံပေါင်းချုပ်အသင်းကြီးမှာ တင်ပြဆွေးနွေးပါဝင်ခဲ့တဲ့ လျှမ်းလျှမ်းတောက် ပညာတတ် သိက္ခာရှိ မြန်မာအမျိုးသမီးကိုယ်စားလှယ်အမတ်များအကြောင်းကို ထိုစဉ်ကပဲ ကမ္ဘာကသိခဲ့ပြီးဖြစ်ပါတယ်။ မြန်မာအမျိုးသမီးများ ကိုယ်စွမ်းဉာဏ်စွမ်း၊ စေတနာသတ္တိစွမ်း ပြကြရမယ့် အချိန်မှာသတိကြီးစွာထားပြီး မြန်မာနိုင်ငံလုံးဆိုင်ရာ အမျိုးသမီးရေးရာ အဖွဲ့ချုပ်ကြီးနှင့်အတူ ပါဝင် လှုပ်ရှားကြရပါလိမ့်မယ်။

အခုလို အေးမြတည်ငြိမ်ပြီး ဝသန်ကာလ ဇူလိုင် ၃ ရက် မြန်မာအမျိုးသမီးများနေ့မှာ တစ်ခဲနက်သစ္စာအဓိဋ္ဌာန်ပြုပြီး စွမ်းရည်ပြကြပါစို့လို့ တိုက်တွန်းရင်း ဇူလိုင် ၃ ရက် မင်္ဂလာကျက်သရေရှိတဲ့နေ့ကို ဂုဏ်ပြုလိုက်ရပါတယ်။ ဝါဆိုမိုးရေ အေးမြသလို မြန်မာအမျိုးသမီးများလည်း အေးမြရွှင်လန်းကြပါစေ။ ။

မြန်မာအမျိုးသမီးများနေ့

၂၀၀၆ ခုနှစ်၊ ဇူလိုင်လ (၃)ရက်

MYANMAR WOMEN'S DAY

3rd JULY 2006

အမေရိကန်နိုင်ငံအရှေ့ပိုင်းဒေသများ ရေလွှမ်း လူကိုးဦးထက်မနည်းသေဆုံးပြီး ထောင်ပေါင်းများစွာရွှေ့ပြောင်းရ

ဖီလာဒယ်ဖီးယား ဇွန် ၃၀

ရက်အတန်ကြာ မိုးသည်းထန်စွာရွာသွန်းမှုကြောင့် အမေရိကန်နိုင်ငံ အရှေ့ပိုင်းဒေသများတွင် ဆယ်စုနှစ်တစ်ခုတာကာလအတွင်း အဆိုးရွားဆုံးသော ရေလွှမ်းမှုဖြစ်ပေါ်ခဲ့ကြောင်း သိရသည်။ (အပေါ်ပုံ)

ထိုသို့ မိုးသည်းထန်စွာ ရွာသွန်းပြီး ရေများစီးဆင်းခဲ့မှုကြောင့် လူကိုးဦးထက်မနည်းသေဆုံးပြီး ဒေသခံပြည်သူထောင်ပေါင်းများစွာ နေအိမ်များကိုစွန့်ခွာ ထွက်ပြေးခဲ့ကြရသည်။

လမ်းများပေါ်တွင် ရေလွှမ်းမိုးနေမှုကြောင့် အရေးပေါ်ကယ်ဆယ်ရေးအဖွဲ့များက အကူအညီပေးလျက်ရှိပြီး နယူးဂျာစီ၊ နယူးယောက်နှင့် ပင်ဆယ်ဗေးနီးယားမြို့တို့တွင် အာဏာပိုင်များ ရေလွှမ်းနေမှု လျော့ကျစေရန်ဆောင်ရွက်လျက်ရှိသည်။

ရေလွှမ်းမှုကြောင့် ဗာဂျီးနီးယားပြည်နယ်မှ နယူးယောက်မြို့သို့သွားရာ လမ်းတစ်လျှောက်တွင် မော်တော်ယာဉ်များသွားလာမှုအခက်အခဲကြုံတွေ့ရလျက်ရှိသည်။ ဇွန် ၂၈ ရက်ညက မြစ်ရေတက်မှုမှာ အန္တရာယ်ရှိသည့်အနေအထားသို့ ရောက်ရှိခဲ့မှုကြောင့် ပြည်သူနှစ်သိန်းခန့်ကို ဘေးလွတ်ရာသို့ ရွှေ့ပြောင်းနေထိုင်ကြရန် အာဏာပိုင်များက ပြောကြားခဲ့သည်။

အမ်အင်အေ၊ရိုက်တာ

အမေရိကန်နှင့် စေ့စပ်ညှိနှိုင်းမှုများ အီရန်အတွက် အကျိုးမရှိနိုင်ဟု ခါမေနီပြောကြား

တီဟီရန် ဇွန် ၃၀

အမေရိကန်နိုင်ငံနှင့် စေ့စပ်ညှိနှိုင်းမှုများသည် အနောက်နိုင်ငံများနှင့် နျူကလီးယား အစီအစဉ်အပေါ် အငြင်းပွားနေသော အီရန်နိုင်ငံအတွက် အကျိုးအမြတ်ရှိလာမှာမဟုတ်ကြောင်း အီရန်ထိပ်တန်းခေါင်းဆောင် ခါမေနီက ဇွန် ၂၇ရက်တွင် ပြောကြားလိုက်သည်။

အီရန်နိုင်ငံက ၎င်း၏ ယူရေနီယံ ကြွယ်ဝအောင် လုပ်ဆောင်မှုများကို ရပ်ဆိုင်းရန် သဘောတူညီခဲ့လျှင် ဥရောပသမဂ္ဂက အီရန်နှင့် တိုက်ရိုက် ဆွေးနွေးမှုများကျင်းပရာတွင် ပူးပေါင်းဆောင်ရွက်ရန် အမေရိကန်က တောင်းဆိုခဲ့သည်။ ယင်းတောင်းဆိုချက်ကို ကမ္ဘာ့အင်အားကြီး ခြောက်နိုင်ငံက ကျောထောက်နောက်ခံပြုထားသော ပြယုဂ်အဖြစ် ပြုလုပ်ခဲ့သည်။ သို့သော် အီရန်နိုင်ငံက ယခုအချိန်ထိ အကြောင်းပြန်ကြားခြင်းမရှိသေးပေ။

အီရန်ထိပ်တန်းခေါင်းဆောင် ခါမေနီ။

အလိုမရှိ

အမေရိကန်နှင့် စေ့စပ်ညှိနှိုင်းမှုများသည် အီရန်အတွက် တစ်စုံ တစ်ရာသော အကျိုးအမြတ်ရရှိမှာ မဟုတ်ကြောင်း၊ ယခုလို စေ့စပ်ညှိနှိုင်းမှုများ ပြုလုပ်ရန် မိမိတို့အလိုမရှိကြောင်း ခါမေနီက နိုင်ငံပိုင်ရုပ်မြင်သံကြားမှ ပြောကြားလိုက်သည်။

တုံ့ပြန်

အီရန်နိုင်ငံသည် နျူကလီးယား လက်နက်များ ထုတ်လုပ်ရန် ရည်မှန်းချက်ရှိသည်ဟု အနောက်နိုင်ငံများ၏ အခိုင်အမာပြောဆိုခြင်းကို အီရန်က ငြင်းဆိုလိုက်ပြီး အဏုမြူစွမ်းအင် ထုတ်ရန်အတွက်သာဖြစ်ကြောင်း တုံ့ပြန်ပြောကြားလိုက်သည်။

အီရန်သည် အမေရိကန်အား ယုံကြည်မှုမရှိကြောင်းနှင့် အမေရိကန်က အီရန်နိုင်ငံ၏ အခြေအနေကို ပြောင်းလဲနိုင်လိမ့်မည်ဟု မယုံကြည်ကြောင်း အကြောင်းကြားစာကို အမေရိကန်သို့ ပေးပို့လိမ့်မည်ဟု လေ့လာဆန်းစစ်သူတစ်ဦးက ပြောကြားသည်။ **အမ်အင်အေ၊ရိုက်တာ**

မြန်မာ့အလင်း နိုင်ငံတကာ သတင်းများ

ကန်ရေတပ် တိုက်လေယာဉ်နှစ်စင်း ကယ်လီဖိုးနီးယား၌ ပျက်ကျ

ဝါရှင်တန် ဇွန် ၃၀

ကယ်လီဖိုးနီးယားပြည်နယ်ရှိ ပို့ဟန်တာလစ်ဂက် စစ်စခန်းပေါ်တွင် အမေရိကန်ရေတပ် အက်ဖ်အေ-၁၈ တိုက်လေယာဉ်နှစ်စင်းတိုက်မိပြီး ပျက်ကျသွားစဉ် လေယာဉ်မှူးတစ်ဦးသေဆုံးပြီး အခြားလေယာဉ်မှူးမှာ ပြင်းပြင်းထန်ထန် ဒဏ်ရာရသွားကြောင်း အမေရိကန်ရေတပ် ပြောရေးဆိုခွင့်ရှိသူက ပြောကြားသည်။

ဆန်ဖရန်စစ္စကိုမြို့ တောင်ဘက် ၂၄၁ ကီလိုမီတာအကွာရှိ စစ်စခန်းပေါ်တွင် တိုက်မိပျက်ကျစဉ် ဂျက်တိုက် လေယာဉ်နှစ်စင်းမှာ ပုံမှန်လေ့ကျင့် ပျံသန်းနေခြင်းဖြစ်သည်။ မည်သည့်အတွက် ထိုသို့ဖြစ်ရသည်ကို စတင်စုံစမ်းစစ်ဆေးလျက်ရှိကြောင်း အမေရိကန်ရေတပ်က ကြေညာသည်။ **အမ်အင်အေ၊ဆင်ဟွာ**

ကမ္ဘာတစ်လွှား ထူးထူးခြားခြား

ကမ္ဘာ့အကြီးဆုံးထိုင်ခုံ

ကမ္ဘာ့အကြီးဆုံးထိုင်ခုံကို တွေ့ရစဉ်။ (ယာပုံ)

အဆိုပါထိုင်ခုံကြီးကို ဟွန်ဒူးရပ်စ်နိုင်ငံရှိ ဘတ်ဆက်ပရိဘောဂလုပ်ငန်းမှ ၁၉၅၉ခုနှစ်က ပြုလုပ်ခဲ့ခြင်းဖြစ်ပြီး အမြင့် ၁၉ဒသမ ၅ပေရှိကာ အလေးချိန် ၄၆၀၀ပေါင်ရှိသည်။ ၎င်းထိုင်ခုံကြီးသည် ကမ္ဘာ့အကြီးဆုံး ထိုင်ခုံကြီးအဖြစ် ဂင်းနက်စ်မှတ်တမ်းတင်ခြင်း ခံရသည်။ **(အင်တာနက်)**

ဆွီဒင်၌ ရေနံနှင့်ဒီဇယ် သုံးစွဲမှုလျှော့ချမည်

စတော့ဟုမ်း ဇွန် ၃၀

သယ်ယူပို့ဆောင်ရေးကဏ္ဍတွင် ရေနံနှင့်ဒီဇယ်လောင်စာဆီ သုံးစွဲမှုသိသိသာသာ လျှော့ချရေးအတွက် ရေနံနှင့်ဒီဇယ်သုံးစွဲမှုကို အနည်းဆုံးအနေအထား သုံးစွဲသွားကြရေးကို ဆွီဒင်အစိုးရက ဆောင်ရွက်တော့မည်ဖြစ်ကြောင်း ဆွီဒင်အစိုးရအရာရှိတစ်ဦးက ဇွန် ၂၈ရက်၌ ပြောကြားလိုက်သည်။

ယခုကဲ့သို့ ရေနံနှင့်ဒီဇယ်သုံးစွဲမှုကို ဖြတ်တောက်ခြင်းဖြင့် ဆွီဒင်နိုင်ငံသည် လာမည့် ၂၀၂၀ ပြည့်နှစ်တွင် ပြည်ပမှ ရေနံမှီခိုအားထားနေရမှု အဆုံးသတ်သွားဖွယ်ရှိကြောင်း ၎င်းက ပြောကြားသည်။

ပိုမိုဖြစ်ပေါ်

ထို့အတူ ရာသီဥတုပြောင်းလဲမှုနှင့် ကမ္ဘာ့ရေနံဈေးနှုန်း မြင့်တက်လာမှုတို့ကို ရင်ဆိုင်ရခြင်းမှ သက်သာစေမည်ဖြစ်သည့်အပြင် အခြားနိုင်ငံများနှင့်လည်း ပိုမိုယှဉ်ပြိုင် လာနိုင်မည်ဖြစ်ကြောင်း သိရသည်။

၂၀၂၀ ပြည့်နှစ်တွင် မိမိတို့မျှော်မှန်းချက်သို့ ရောက်ရှိနိုင်မည်ဖြစ်ကြောင်း၊ သို့ရာတွင် အဆိုပါကာလသို့သွားရာ အချိန်ကာလများ၌ ပြည်ပရေနံအပေါ် မှီခိုအားထားရမှု ရှိနေမည်သာဖြစ်ကြောင်းလည်း ဆွီဒင်ဝန်ကြီးချုပ် ရိုရန်ပါဆန်က ပြောကြားသည်။

ဆွီဒင်နိုင်ငံတွင် ရေနံမှစွမ်းအင်ထုတ်လုပ်မှု ၃၅ ရာခိုင်နှုန်းခန့် ရှိနေပြီး ဒီဇယ်နှင့်ဓာတ်ဆီများ သယ်ယူပို့ဆောင်ရေးတွင် သုံးစွဲမှုအနေဖြင့် ၄၀ မှ ၅၀ ရာခိုင်နှုန်းအထိ လျှော့ချဖြတ်တောက်မည်ဖြစ်ကြောင်း သိရသည်။

အမ်အင်အေ၊ရိုက်တာ

အေအိုင်ဒီအက်စ်ရောဂါ တိုက်ဖျက်ရေး ဆော်ဩ

ဗန်ကောက် ဇွန် ၂၉

အာရှ-ပစိဖိတ် အစိုးရများသည် လူငယ်များအား ရည်ရွယ်၍ အိတ်ချ်အိုင်ဗွီ/အေအိုင်ဒီအက်စ် တိုက်ဖျက်ရေးကို ဆောင်ရွက်ရန် ကုလသမဂ္ဂစီးပွားရေးနှင့် လူမှုရေးကော်မရှင်က ဆော်ဩလိုက်သည်။

လူငယ်များအကြား အဆိုပါရောဂါကူးစက်မှုမှာ တိုးပွားလာကြောင်း အသစ်ကူးစက်ခံရသူများတွင် လူငယ်တစ်ဝက်ရှိကြောင်း ကုလသမဂ္ဂ ဗန်ကောက်ရုံးခွဲမှ ဗုဒ္ဓဟူးနေ့က ထုတ်ပြန်ချက်တွင် ဖော်ပြသည်။

အသစ်ကူးစက်ခံရသူ လူငယ်များတွင် ဗီယက်နမ်နှင့် ထိုင်းနိုင်ငံတို့တွင် နှစ်စဉ် ၆၀ရာခိုင်နှုန်း ရှိသည်ဟု ဆိုသည်။ **အမ်အင်အေ၊ဆင်ဟွာ**

အရှည်ဆုံးနံရံကာတွန်းပန်းချီ

အရှည်ဆုံး နံရံကာတွန်းပန်းချီတစ်ခုကို ရေးဆွဲထားမှုအားတွေ့ရစဉ်။ (ဝဲပုံ)

တရုတ်နိုင်ငံပေကျင်းမြို့ရှိ ပန်းချီကောလိပ်မှကျောင်းသူကျောင်းသားများနှင့် ပေကျင်းမြို့မှ အပျော်တမ်းပန်းချီပညာရှင်များ စုပေါင်းပြီးအကြီးဆုံးနှင့် အရှည်ဆုံး ပန်းချီကားကြီးတစ်ချပ်ကို ရေးဆွဲခဲ့ကြသည်။ ၎င်းပန်းချီကားကြီးတွင် အားကစားဆိုင်ရာကာတွန်းပုံများပါရှိပြီးအရှည်မီတာ ၁၀၀၀ ကျော်ရှိကြောင်းသိရသည်။

(အင်တာနက်)

အမှားနှင့်အမှန်ကွဲပြားအောင်သိရှိစေရန် မီဒီယာများကတစ်ဆင့်ရှင်းလင်းအသိပေးရမည် သတင်းမှန်ရရေးနှင့် မှားယွင်းသောလုပ်ကြံသတင်းများကို ပြည်သူတွေအမှန်အတိုင်းသိအောင်ဆောင်ရွက် တည်ငြိမ်ရေးနှင့်ဖွံ့ဖြိုးတိုးတက်ရေးအတွက် စစ်မှန်သည့်ပြည်ထောင်စုစိတ်ဓာတ်အစဉ်ရှင်သန်ရေးကြိုးပမ်း

ရန်ကုန် ဇွန် ၃၀

ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်း အခြေခံသတင်းစာပညာ သင်တန်းအမှတ်စဉ်(၅)သင်တန်းဆင်းပွဲအခမ်းအနားကို ယနေ့နံနက် ၇ နာရီခွဲတွင် ရန်ကုန်မြို့ ဗဟန်းမြို့နယ် တက္ကသိုလ်ရိပ်သာလမ်းသစ်ရှိ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းဌာနချုပ်ရုံးခန်းမဆောင်၌ကျင်းပရာ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်း အထွေထွေအတွင်းရေးမှူးဦးဌေးဦး တက်ရောက်၍ သင်တန်းဆင်းအမှာစကားပြောကြားသည်။ (အောက်ပုံ)

တက်ရောက်

သင်တန်းဆင်းပွဲအခမ်းအနားသို့ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း ဗဟိုအလုပ်အမှုဆောင်များဖြစ်ကြသည့် ဝန်ကြီးဦးအောင်မင်း၊ ဝန်ကြီး သူရဦးမြင့်မောင်၊ ရန်ကုန်မြို့တော်ဝန် ဦးအောင်သိန်းလင်း၊ ဒုတိယမြို့တော်ဝန် ဦးမောင်ပါ၊ ဌာနချုပ်မှ တာဝန်ရှိသူများ၊ သင်တန်းနည်းပြဆရာများနှင့် သင်တန်းသားများ တက်ရောက်ကြသည်။

အခမ်းအနားတွင် ရှေးဦးစွာ အထွေထွေအတွင်းရေးမှူး ဦးဌေးဦးက သင်တန်းဆင်းအမှာစကားပြောကြားရာတွင် နိုင်ငံသားအားလုံး၏ ရည်မှန်းချက်ပန်းတိုင်သည် နိုင်ငံတော်ကြီးကို အေးချမ်းသာယာပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်သော စည်းကမ်းပြည့်ဝသည့် ဒီမိုကရေစီနိုင်ငံတော်သစ်ကြီး ပေါ်ထွန်းလာရေးဖြစ်ကြောင်း၊ ရည်မှန်းချက်ပန်းတိုင်ကို ရောက်ရှိရေး အတွက် နိုင်ငံ၏စစ်မှန်သည့်အင်အားစုများဖြစ်သည့် နိုင်ငံတော်အစိုးရ၊ တပ်မတော်နှင့် ပြည်သူတို့ပူးပေါင်း အကောင်အထည်ဖော် ဆောင်ရွက်မှုများကြောင့် ဘက်စုံကဏ္ဍစုံဖွံ့ဖြိုးတိုးတက်မှုများကိုလည်း မျက်ဝါးထင်ထင် တွေ့မြင်ခံစားနေကြရပြီဖြစ်ကြောင်း။

နိုင်ငံတော်သစ်ထူထောင်ရာတွင် အဓိကကျသည့် နိုင်ငံတော်တည်ငြိမ်ရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစဉ်များတွင် စွဲမြဲခိုင်မာသည့် ယုံကြည်ချက်၊ ခံယူချက်များနှင့် မိမိတို့၏ဆန္ဒအလျောက် ပါဝင်ဆောင်ရွက်ကြမည့် လူငယ်လူရွယ်များကို အခြေပြုပြီး၊ အသင်းကြီးကို စတင်ဖွဲ့စည်းခဲ့သည်မှာ ယခုဆိုလျှင် ၁၂နှစ်ကျော်ကာလကို ရောက်ရှိပြီဖြစ်ကြောင်း၊ အသင်းဝင်များသည် သီးခြားလူတန်းစားတစ်ရပ်က ပေါက်ဖွားလာခြင်းမဟုတ်ဘဲ ပြည်သူတွေထဲက ပြည်သူများပင်ဖြစ်ကြောင်း၊ တိုင်းကျိုး ပြည်ပြုလုပ်ငန်းများတွင် ကိုယ်တိုင်ပါဝင်ဆောင်ရွက်ရုံသာမကဘဲပြည်သူတစ်ရပ်လုံးပါဝင်ဆောင်ရွက်လာစေရန် စည်းရုံးရေးအင်အားဖြင့် အထောက်အကူပြုသွားကြမှာဖြစ်ကြောင်း။

စနစ်တကျဖွဲ့စည်း

နိုင်ငံတော်သစ် ထူထောင်ရေး အမျိုးသားရေး တာဝန်များကို အသင်းကြီးက ချမှတ်ထားသည့် မူဝါဒ၊ လမ်းစဉ်၊ စည်းကမ်းချက်များအတိုင်း အသင်းဝင်များ၏ စုစည်းညီညွတ်သည့်အားဖြင့် ပါဝင်ဆောင်ရွက်နိုင်စေရန် စနစ်တကျ ဖွဲ့စည်းမှုဖြင့် စီမံဆောင်ရွက်မှုများကိုလည်း ပြုလုပ်ထားပြီးဖြစ်ကြောင်း၊ ချမှတ်ထားသည့် ရှေ့လုပ်ငန်းစဉ်များအတိုင်း မိမိတို့နယ်မြေအလိုက် တည်ငြိမ်ရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေးအတွက် လက်တွေ့ကျသည့်အကျိုးပြု လုပ်ငန်းများကိုလည်း စဉ်ဆက်မပြတ် ဆောင်ရွက်နေသည်မှာ အားလုံးအသိပင်ဖြစ်ကြောင်း၊ အပြောမဟုတ် လက်တွေ့ကျသည့် အကျိုးပြုလုပ်ငန်းများကို ဆောင်ရွက်နိုင်ကြသည့်အတွက် နယ်မြေလူထု၏ ယုံကြည်မှု၊ ပူးပေါင်းဆောင်ရွက်မှုများ ရရှိခဲ့ပြီး အသင်းဝင်အင်အားသည်လည်း ၂၃ ဒသမ ၁သန်းကျော်အထိ တိုးတက်လာသည်ကို ဝမ်းမြောက်ဂုဏ်ယူဖွယ်ရာ တွေ့မြင်နေကြရပြီဖြစ်ကြောင်း။

အသင်းကြီးကို အသင်းဝင်များဖြင့် ဖွဲ့စည်းထားတာ ဖြစ်၍ အသင်းဝင် တစ်ဦးချင်း၏ အရည်အချင်းများ မြင့်မား တိုးတက်လာသည်နှင့် အမျှ အသင်းဝင်များ၏ စုစည်းညီညွတ်သည့်အားဖြင့် ဖွဲ့စည်းထားသော အသင်းအဆင့်ဆင့် အနေနှင့်လည်း မိမိတို့ နယ်မြေအကျိုးကို ပိုမိုထိရောက်စွာ ပါဝင်ဆောင်ရွက်နိုင်မှာဖြစ်ကြောင်း၊ အသင်းကြီးက ဖွင့်လှစ်သည့် သင်တန်းတိုင်းသည် တစ်ဦးချင်း၊ တစ်ယောက်ချင်းအကျိုးထက် ပြည်သူများ၏ အကျိုးကို အသင်းကြီးအနေနှင့် ပိုမိုသယ်ပိုးနိုင်စေရန် ရည်ရွယ်ဖွင့်လှစ်ပေးခြင်းဖြစ်သည်ဟု ခံယူကြရမှာ ဖြစ်ကြောင်း။

ပါဝင်ဆောင်ရွက်

အခြေခံသတင်းစာပညာသင်တန်းတွင် မှန်ကန်သော ယုံကြည်ချက်၊ ခံယူချက် စွဲမြဲခိုင်မာရေး၊ အမျိုးသားနိုင်ငံရေး၊ သတင်းရယူခြင်း၊ သတင်းတည်ဆောက်ခြင်း၊ သတင်းတည်းဖြတ်ခြင်း၊ သတင်းရေးသားခြင်း၊ သတင်းဖြန့်ချိခြင်း၊ မီဒီယာများအသုံးပြုခြင်း၊ သတင်းဆိုင်ရာ နည်းပညာများ၊ စောင့်စည်းရမည့်အချက်များ၊ အမှားအမှန် ဝေဖန်ပိုင်းခြားခြင်း၊ မမှန်သတင်းများအပေါ် အမှန်အတိုင်း သိရှိစေရန် ဆောင်ရွက်ခြင်း၊ အကျိုးရှိသော ဆောင်ရွက်မှုများအပေါ် ပါဝင်ဆောင်ရွက်လာစေရန် အသိပေးခြင်း စသည့်ဘာသာရပ်များကို အတွေ့အကြုံရှိသည့် ဝါရင့် နည်းပြဆရာကြီးများကိုယ်တိုင် ဆွေးနွေးပို့ချခဲ့ပြီး ဖြစ်ကြောင်း၊ ရရှိလာသည့် အသိပညာ၊ အတတ်ပညာ၊ နည်းပညာတို့ဖြင့် နိုင်ငံတော်နှင့် ပြည်သူများ၏ အကျိုးအတွက် ပါဝင်ဆောင်ရွက်သွားကြရမှာ ဖြစ်ကြောင်း။

လက်ရှိကာလသည် ပြည်သူများ လိုလားသည့် အတိုင်း နိုင်ငံတော်သစ်ကို ထူထောင်နေသည့်ကာလဖြစ်ကြောင်း၊ ပြည်သူများ၏ဆန္ဒအတိုင်း စနစ်ဟောင်း က စနစ်သစ်ကို ညင်သာစွာ ကူးပြောင်းနေသည့်ကာလ ဖြစ်ရာ စနစ်သစ်အရ ပေါ်ပေါက်လာမည့် အနာဂတ် နိုင်ငံတော်သစ်ကြီး ရေရှည်တည်တံ့စေရန် ခိုင်မြဲသည့် အခြေခံအုတ်မြစ်များကို ချမှတ်ပုံဖော် တည်ဆောက်နေသည်ကို အားလုံးအသိဖြစ်ကြောင်း၊ နိုင်ငံ၏သမိုင်းကြောင်း၊ နိုင်ငံသားများ၏စရိုက်လက္ခဏာ၊ယဉ်ကျေးမှုအစဉ်အလာ၊ နိုင်ငံသားအများစုကြီး၏ ဆန္ဒသဘောထားများအပေါ် အခြေတည်ပြီး နိုင်ငံသားများ၏ အမျိုးသားအကျိုးစီးပွားဖြစ်ထွန်းစေရန် ပုံဖော်တည်ဆောက်နေခြင်းဖြစ်ကြောင်း၊ အသင်းကြီးအနေဖြင့် ပြည်သူများနှင့် လက်တွဲပြီးရည်မှန်းချက်ပန်းတိုင်ရောက်အောင် ဆက်လက်ကြိုးပမ်းဆောင်ရွက်သွားမှာဖြစ်ကြောင်း။

နိုင်ငံတော်အစိုးရ၊ တပ်မတော်နှင့် ပြည်သူအင်အားစုသုံးရပ် ပူးပေါင်းပြီး အပြောမဟုတ်၊ လက်တွေ့အလုပ်ဖြင့် ကြိုးပမ်းမှုများကြောင့် နိုင်ငံတော်တစ်ဝန်းလုံးသည် ယခင်နှင့်မတူအောင် အေးချမ်း တည်ငြိမ်လျက်ရှိသည်ကို တွေ့ရမှာဖြစ်ကြောင်း၊ စီးပွားရေး၊ လူမှုရေးကဏ္ဍများလည်း ဖွံ့ဖြိုးတိုးတက်ရေးလမ်းကြောင်းပေါ်ကို ရောက်ရှိနေပြီဖြစ်ကြောင်း၊ တည်ငြိမ်မှုနှင့် ဖွံ့ဖြိုးတိုးတက်မှုကို လူတိုင်းလိုလားကြမည်ဖြစ်ရာ ပို၍တည်ငြိမ်မှုရှိစေရန်နှင့် ဖွံ့ဖြိုးတိုးတက်စေရန် ဝိုင်းဝန်းကြိုးပမ်းသွားကြရမှာဖြစ်ကြောင်း၊ ပကတိအခြေအနေများကိုလည်း အသိအမှတ်ပြုကြရမှာဖြစ်ကြောင်း။

အကောင်းနှင့်အဆိုး၊ အပြုနှင့်အဖျက်၊ တိုးတက်ခြင်းနှင့် ဆုတ်ယုတ်ခြင်း စသည့် ဆန့်ကျင်ဘက်များ၏ ယှဉ်တွဲအားပြိုင်မှုသဘာဝကို အလေးထားရန်လိုကြောင်း၊ ပြည်တွင်းပြည်ပ အဖွဲ့အစည်းအချို့၏ ပကတိအခြေအနေကို မျက်ကွယ်ပြုပြီး ပြောဆို၊ လုပ်ဆောင်မှုများသည် အပြုသဘောထက် အဖျက်သဘောများဖြစ်သည့် နိုင်ငံတော်တည်ငြိမ်ပျက်ပြားစေရန်၊ နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်မှုကို ဆုတ်ယုတ်စေရန် လုပ်မိနေပြီဆိုသည်ကို သိမြင်ကြရန် လိုကြောင်း၊ မိမိနိုင်ငံ၏ အကျိုးကို မိမိနိုင်ငံသားများကသာ အလိုလားဆုံးဖြစ်ကြောင်း၊ မိမိနိုင်ငံ၏ ပကတိအခြေအနေများကိုလည်း အကြောင်းကြောင်းကြောင့် မျက်ကွယ်ပြုနေကြသူကလွဲ၍ မိမိနိုင်ငံသားများကပင် အသိဆုံးဖြစ်ကြောင်း။

စဉ်ဆက်မပြတ်ကြိုးပမ်း

ပကတိအခြေအနေကို မျက်ကွယ်ပြုပြီး လုပ်ကြံသတင်းများ၊ မမှန်သတင်းများ၊ ကောလာဟလသတင်းများ၊ စည်းလုံးမှုပျက်ပြားစေရန် လှုံ့ဆော်အခါပေးသည့် သတင်းများ၊ လူ့အခွင့်အရေးများ၊ ဒီမိုကရေစီရေးကို ဘန်းပြပြီး တည်ငြိမ်မှုပျက်ပြားစေရန် လှုံ့ဆော်မှုများကို ရေးသား၊ ထုတ်လွှင့်နေကြသည်ကိုလည်း တွေ့နေရကြောင်း၊ တည်ငြိမ်အေးချမ်းမှုရှိနေသည့် နိုင်ငံတော်ကို တည်ငြိမ်အေးချမ်းမှုပျက်ပြားစေသည့် အခြေအနေနှင့် ဖွံ့ဖြိုးတိုးတက်မှုရရှိစေရန် ကြိုးပမ်းနေမှုများကို နှောင့်နှေးကြန့်ကြာစေသည့် အခြေအနေမျိုးကိုသာ ဖြစ်ပေါ်စေမှာဖြစ်ကြောင်း၊ တည်ငြိမ်အေးချမ်းမှုပျက်ပြားပါက ပြောင်းလဲကျင့်သုံးလာသည့် ဈေးကွက်စီးပွားရေးစနစ်အရ နိုင်ငံတော်က အားပေးမှုကြောင့် နိုင်ငံတော်၏ စီးပွားရေးကဏ္ဍ၌ နိုင်ငံသားများကိုယ်တိုင် ထူထောင်ဆောင်ရွက်နေသည့် ထုတ်လုပ်မှုလုပ်ငန်းများ၊ ရောင်းဝယ်ဖောက်ကားမှုလုပ်ငန်းများ စသည့် စီးပွားရေးလုပ်ငန်းများသည်လည်းထိခိုက်နစ်နာလာမှာဖြစ်ကြောင်း၊ ဆက်စပ်ပြီး နိုင်ငံသားများ၏ လူမှုစီးပွားရေးဘဝ ထိခိုက်လာမှာဖြစ်ကြောင်း၊ ထိုကဲ့သို့ လုပ်ဆောင်မှုများသည် နိုင်ငံတော်နှင့် နိုင်ငံသားများအပေါ် ကောင်းကျိုးထက် ဆိုးကျိုး၊ အပြုသဘောထက် အဖျက်သဘောဆောင်ခြင်းများဖြစ်သည့်အတွက် အမှားနှင့်အမှန် ကွဲပြားအောင်သိရှိစေရန် မီဒီယာများက တစ်ဆင့် ရှင်းလင်းအသိပေးရမှာဖြစ်သလို၊ နိုင်ငံတော်အစိုးရ၊ တပ်မတော်နှင့် ပြည်သူတို့ စဉ်ဆက်မပြတ် ကြိုးပမ်းလုပ်ဆောင်ရာက ရရှိလာသောတည်ငြိမ်မှုနှင့် ဖွံ့ဖြိုးတိုးတက်မှု ရလဒ်ကောင်းများကိုလည်း အသိပေးသွားကြရမှာဖြစ်ကြောင်း၊ မဟုတ်မဟုတ်မမှန်သည့် လုပ်ကြံဖန်တီးမှုများကိုနပကတိအခြေအနေမှန်များနှင့် တုံ့ပြန်သွားကြရမှာဖြစ် ကြောင်း၊ အသင်းဝင်များ အနေနှင့် နိုင်ငံ၏ ဒေသအသီးသီးတွင် လူထုနှင့် တစ်ဆက်တစ်စပ်တည်း ရှိကြသည့်အတွက် သတင်းမှန်ရရေးနှင့် မှားယွင်းသော လုပ်ကြံသတင်းများကို ပြည်သူတွေ အမှန်တိုင်းသိစေရန် ရှင်းလင်းနိုင်ရေး ဆောင်ရွက်သွားကြရန်မှာကြားလိုကြောင်း။

ထိပါးနှောင့်ယှက်

နိုင်ငံတော်ကြီးသည် ရှေးနှစ်ပေါင်းထောင်ချီ၍ တိုင်းရင်းသားလူမျိုးစုံ ညီစွာ ချစ်ချစ်ခင်ခင် စည်းစည်းလုံးလုံး အတူအခြေချနေထိုင်ကြသည့် နိုင်ငံဖြစ်ကြောင်း၊ နိုင်ငံတော်၏ သမိုင်းကြောင်းတွင် တိုင်းရင်းသားလူမျိုးအချင်းချင်း ဥမကွဲသိုက်မပျက် အပြန်အလှန်စာနာနားလည်မှု၊ တွယ်တာမှုတို့ဖြင့် ချစ်ကြည်စွာနေထိုင်ကြသည့် ပြည်ထောင်စုစိတ်ဓာတ် အရင်းခံရှင်သန်မှုများ ရှိကြပြီးဖြစ်ကြောင်း၊ ပြည်ထောင်စု၏ မည်သည့်နေရာ၊ မည်သည့်ဒေသတွင် နေထိုင်သည် ဖြစ်စေခိုင်မြဲသည့်ပြည်ထောင်စုစိတ်ဓာတ်မွေးမြူကြရန် အလွန်အရေးကြီးကြောင်း၊ စစ်မှန်သည့် ပြည်ထောင်စုမျိုးချစ်စိတ်ဓာတ်ရှိသူကသာ နိုင်ငံတော်ကို အေးချမ်းတည်ငြိမ်ရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေးတို့ကို ဆောင်ရွက်နိုင်မှာဖြစ်သည့်အတွက် စစ်မှန်သည့် ပြည်ထောင်စုမျိုးချစ်စိတ်ဓာတ် အစဉ်ရှင်သန်ခိုင်မြဲအောင် ကြိုးပမ်းဆောင်ရွက်ကြရမှာ ဖြစ်ကြောင်း၊ ထိပါးနှောင့်ယှက်မှုများကိုလည်း ကာကွယ်တားဆီးကြရမှာ ဖြစ်ကြောင်း။

အေးချမ်းသာယာပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်သော စည်းကမ်းပြည့်ဝသည့် နိုင်ငံတော်သစ်ကြီးတည်ဆောက်ရေးအတွက် နိုင်ငံတော်ရှေ့ဆက်သွားမည့် မူဝါဒလမ်းစဉ်(၇)ရပ် ချမှတ်ပြီး အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိကြောင်း၊ပထမအဆင့်အနေဖြင့်အမျိုးသားညီလာခံကြီးကျင်းပပြီး ဖွဲ့စည်းပုံအခြေခံဥပဒေမူကြမ်းရေးဆွဲနိုင်ရေးအတွက် ဆောင်ရွက်နေပြီဖြစ်ကြောင်း၊ အမျိုးသားညီလာခံကြီးသည် တိုင်းရင်းသားအားလုံးနှင့် တစ်နိုင်ငံလုံးကို ကိုယ်စားပြုသော တိုင်းပြုပြည်ပြု ညီလာခံကြီးဖြစ်၍ နိုင်ငံတော်အတွက် အရေးကြီးသော ညီလာခံကြီးဖြစ်ကြောင်း၊ အမျိုးသား ညီလာခံကြီးအောင်မြင်စွာ ကျင်းပနိုင်ရေးနှင့် နိုင်ငံတော်ရှေ့ဆက်သွားမည့် မူဝါဒလမ်းစဉ်(၇)ရပ် အောင်မြင်ရေးအတွက် အသင်းကြီးက ပြည်သူနှင့် လက်တွဲပြီး ဆောင်ရွက်သွားမှာဖြစ်ကြောင်း၊ မူဝါဒလမ်းစဉ် (၇)ရပ် ပျက်စီးအောင် ကြိုးပမ်းနေကြသူများသည် အမျိုးသားညီလာခံကြီးပျက်စီးအောင် ဆောင်ရွက်နိုင်စွမ်းမရှိသော်လည်း၊ ဒီမိုကရေစီနိုင်ငံတော်သစ်ပေါ်ထွန်းရေးအတွက် နှောင့်နှေးကြန့်ကြာမှုများ ဖြစ်ပေါ်လာနိုင်သည့်အတွက် သတိပြုကာကွယ်ကြရမှာဖြစ်ကြောင်း။

နိဂုံးချုပ်အနေဖြင့် ပြောကြားလိုသည်မှာ–

- သင်တန်းကပို့ချလိုက်သည့် အသိပညာ အတတ်ပညာများကို ဘဝအတွေ့အကြုံများနှင့် ဆက်စပ်ပြီး လက်တွေ့နယ်ပယ်တွင်အသင်းကြီး၏ ပြန်ကြားရေးမှူးကောင်း၊စည်းရုံးရေးမှူးကောင်း၊တည်ဆောက်ရေးမှူးကောင်းများအဖြစ် ပြည်သူ့အကျိုး၊ နိုင်ငံအကျိုးကို အကောင်အထည်ဖော် ဆောင်ရွက်သွားကြပါ၊
- တိုင်းရင်းသား ပြည်သူများကြားဒို့တာဝန်အရေး(၃)ပါးကို ခံယူလိုစိတ်ဖြင့် ပြည်ထောင်စုမျိုးချစ်စိတ်ဓာတ်ရှင်သန်ထွန်းကားနေအောင် ကြိုးပမ်းဆောင်ရွက်ကြပါ၊
- ဒို့တာဝန်အရေး(၃)ပါးကို ခံယူ၍ ဦးတည်ချက်(၁၂)ရပ်အတိုင်း နိုင်ငံတော် ရှေ့ဆက်သွားမည့် မူဝါဒလမ်းစဉ်(၇)ရပ်၊ ကျေးလက်ဖွံ့ဖြိုးရေး လုပ်ငန်းစဉ် (၅) ရပ်နှင့် အသင်းကြီး၏ ရှေ့လုပ်ငန်းစဉ် (၉)ရပ်အောင်မြင်ရေးတို့ကို အမျိုးသားရေးတာဝန်အဖြစ် ခံယူကြိုးပမ်းဆောင်ရွက်ကြပါရန်

တိုက်တွန်းရင်း နိဂုံးချုပ်ပါကြောင်းဖြင့် ပြောကြားသည်။

ဆုများချီးမြှင့်

ဆက်လက်၍ အထွေထွေအတွင်းရေးမှူး ဦးဌေးဦးက သင်တန်းတွင် ပထမဆုရရှိသော ရှမ်းပြည်နယ်(မြောက်ပိုင်း)မှ ဦးစိုင်းခမ်းကော်၊ ဒုတိယဆုရရှိသော ရန်ကုန်တိုင်းမှ ဦးအောင်ကျော်မင်း၊တတိယဆုရရှိသော ကချင်ပြည်နယ်မှ ဦးတင်မောင်စိုးတို့အားထူးချွန်ဆုများပေးအပ်ချီးမြှင့်သည်။

ယင်းနောက် အထွေထွေအတွင်းရေးမှူး ဦးဌေးဦးက သင်တန်းဆင်းလက်မှတ်များကို သင်တန်းသားများကိုယ်စား ရန်ကုန်တိုင်းမှ ဦးအောင်ကျော်မင်းအား လည်းကောင်း၊ သင်တန်းတွင် လာရောက်ပို့ချသော သင်တန်း ဆရာကြီးများကိုယ်စား ဦးတင်ခ(တက္ကသိုလ်တင်ခ)အားလည်းကောင်း သင်တန်းဆင်းလက်မှတ်များနှင့် ဂုဏ်ပြုလက်မှတ်များကို ပေးအပ်ချီးမြှင့်ပြီး သင်တန်းဆင်းပွဲ အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

အခမ်းအနားအပြီးတွင်အထွေထွေအတွင်းရေးမှူး ဦးဌေးဦးနှင့် ဗဟိုအလုပ်အမှုဆောင်များသည် သင်တန်းသားများအား ရင်းရင်းနှီးနှီးနှုတ်ဆက်သည်။

အဆိုပါ သင်တန်းသို့ ပြည်နယ်နှင့်တိုင်းများမှ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းဝင် ၅၂ဦးတက်ရောက်ကြပြီး သင်တန်းကာလမှာ ရက်သတ္တပတ် ကိုးပတ် ကြာမြင့်ခဲ့ကြောင်းသိရသည်။ **(သတင်းစဉ်)**

ရည်မှန်းချက်တာဝန်များ ပိုမိုကောင်းမွန်သည့် နည်းလမ်းဖြင့် ဆောင်ရွက် အားသာချက်များ အားကောင်းလာပြီး အားနည်းချက်လျော့နည်းအောင် စွမ်းဆောင် ကောင်းသောယှဉ်ပြိုင်မှုနှင့် မှန်ကန်သောယှဉ်ပြိုင်မှုများကို ဖော်ထုတ်အားပေး ဝန်ထမ်းများ ရည်ရွယ်ချက် သဘောပေါက်နားလည်ပြီး တက်ညီလက်ညီကြိုးပမ်း

ရန်ကုန် ဇွန် ၃၀

ပြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်းသည် ယနေ့နံနက် ၉ နာရီ ၁၅ မိနစ်က ရန်ကုန်မြို့ရှိ မြန်မာ့ရုပ်ရှင်လုပ်ငန်း (ရုံးချုပ်) ဇာတ်လမ်းရုပ်ရှင်(အသံခန်းမ) ၌ ကျင်းပသော မြန်မာ့ရုပ်ရှင်လုပ်ငန်း (၃၆)နှစ်မြောက် နှစ်ပတ်လည်နေ့နှင့် ဂုဏ်ပြုဆုပေးအပ်ပွဲအခမ်းအနားသို့ တက်ရောက်၍ အမှာစကားပြောကြားပြီး ဂုဏ်ပြုဆုများကို ပေးအပ်ချီးမြှင့်သည်။

တက်ရောက်

အဆိုပါ အခမ်းအနားသို့ပြန်ကြားရေးဝန်ကြီးဌာနအောက်ရှိ ဦးစီးဌာနနှင့် လုပ်ငန်းများမှ ညွှန်ကြားရေးမှူးချုပ်များ၊ ဦးဆောင်ညွှန်ကြားရေးမှူးများ၊ ဒုတိယညွှန်ကြားရေးမှူးချုပ်များ၊ အကြံပေးပုဂ္ဂိုလ်များ၊ မြန်မာနိုင်ငံစာပေနှင့် စာနယ်ဇင်းအဖွဲ့ ဥက္ကဋ္ဌနှင့် ဗဟိုအလုပ်အမှုဆောင်များ၊ မြန်မာနိုင်ငံ ရုပ်ရှင်အစည်းအရုံး ဥက္ကဋ္ဌနှင့် တာဝန်ရှိသူများ၊ ရုပ်ရှင်နှင့် ဗီဒီယိုဆင်ဆာအဖွဲ့မှ တာဝန်ရှိသူများ၊ ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ မြန်မာ့ရုပ်ရှင်လုပ်ငန်းမှ ဝန်ထမ်းများနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

ပူးပေါင်းဆောင်ရွက်

ရှေးဦးစွာ ပြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်းက အမှာစကားပြောကြားရာတွင် ယခုကဲ့သို့ နှစ်ပတ်လည်နေ့ အခမ်းအနားကို ကျင်းပပေးရခြင်းသည် ရည်ရွယ်ချက် နှစ်ရပ်ဖြင့် ကျင်းပကြောင်း၊ ရည်ရွယ်ချက်နှစ်ရပ်ဖြင့် အောင်မြင်အောင် ကျင်းပမှသာ နှစ်ပတ်လည်နေ့များ ကျင်းပခြင်းသည် အဓိပ္ပာယ်ရှိပြီး အောင်မြင်မည်ဖြစ်ကြောင်း၊ ပထမရည်ရွယ်ချက်မှာ ပြီးခဲ့သည့်နှစ်တွင် မိမိဌာနအနေဖြင့် ပေးအပ်ထားသည့် ရည်မှန်းချက်တာဝန်များကို မည်မျှအထိ အောင်မြင်အောင် ဆောင်ရွက်နိုင်ခဲ့ပြီး အားနည်းချက်၊ အားသာချက်များကို ပြန်လည်သုံးသပ်ရမည်ဖြစ်ကြောင်း၊ ထိုသို့ ပြန်လည်သုံးသပ်ရာတွင် မိမိတို့ရည်မှန်းချက်တာဝန်များကို လက်ရှိဆောင်ရွက်နေသည်ထက် ပိုမိုအောင်မြင်အောင် ပိုမိုကောင်းမွန်သည့် နည်းလမ်းများဖြင့် ဆောင်ရွက်ကြရမည်ဖြစ်ကြောင်း၊ ယင်းသို့ ဆောင်ရွက်ရာတွင် အားသာချက်များကိုပိုမိုအားကောင်းလာအောင်၊ အားနည်းချက်များကို ပိုမိုလျော့နည်းသွားအောင် ဆောင်ရွက်သွားရမည်ဖြစ်ကြောင်း၊ ဒုတိယရည်ရွယ်ချက်မှာ မည်သည့်နေရာတွင်မဆို ယှဉ်ပြိုင်မှုရှိမှ တိုးတက်မည်ဖြစ်ကြောင်း၊ ယှဉ်ပြိုင်သည့် နေရာတွင်လည်း ကောင်းသော ယှဉ်ပြိုင်မှု၊ မှန်ကန်သည့် ယှဉ်ပြိုင်မှုမျိုးဖြစ်ရန်လိုကြောင်း၊ ယှဉ်ပြိုင်မှုများကို ဖော်ထုတ်ပေးရမည်ဖြစ်ပြီး အားပေးရမည်ဖြစ်ကြောင်း၊ သို့မှသာ ထူးချွန်ထက်မြက်သည့်ဝန်ထမ်းများကို ချီးမြှင့်ရာရောက်ကြောင်း၊ ထိုသို့ ဆောင်ရွက်ခြင်းဖြင့် ဌာနတွင်း စည်းလုံးညီညွတ် တက်ကြွမှုဖြင့် လုပ်ငန်းများအောင်မြင်ပြီး တိုးတက်လာမည်ဖြစ်ကြောင်း၊ ထို့ကြောင့် ဌာနများ၏ နှစ်ပတ်လည်နေ့များကို ကျင်းပရာတွင် ရည်ရွယ်ချက်နှစ်ရပ်ဖြင့် အောင်မြင်အောင် ကျင်းပလုပ် ဆောင်သွားကြရန် အရေးကြီးကြောင်း၊ အဆိုပါရည်ရွယ်ချက်နှစ်ရပ်သည် နိုင်ငံတော်အကြီးအကဲ၏ မူဝါဒလည်းဖြစ်ကြောင်း၊ ဝန်ထမ်းများကလည်းရည်ရွယ်ချက်များကို သဘောပေါက် နားလည်ပြီး မိမိဌာနအကြီးအကဲ၏ ဦးဆောင်မှုနှင့်အတူ တက်ညီလက်ညီ ကြိုးစားကြရန် တိုက်တွန်းလိုကြောင်း၊ နှစ်ပတ်လည် အခမ်းအနားကို ယခုကဲ့သို့ ရည်ရွယ်ချက် နှစ်ရပ်ဖြင့် ကျင်းပမှုနှင့်အညီ သတ်မှတ်ပေးခဲ့သည့် မြန်မာ့ရုပ်ရှင်လုပ်ငန်း၏ ၂၀၀၅-၂၀၀၆ ဘဏ္ဍာရေးနှစ်တွင် သတ်မှတ်ပေးခဲ့သော ရည်မှန်းချက်တာဝန်ကိုးရပ်ရှိကြောင်း၊ ယင်းရည်မှန်းချက်တာဝန်များမှာ ဌာနဝင်ငွေ တိုးတက်အောင် ရှာဖွေရမည်၊ မြန်မာ့ရုပ်ရှင်နှင့် ဗီဒီယိုလောကဖွံ့ဖြိုးတိုးတက်လာအောင် ဆောင်ရွက်ရမည်၊ မြန်မာ့ရုပ်ရှင်၊ ဗီဒီယိုကားများ ပြည်ပကို ထိုးဖောက်ပြသဈေးကွက်ရရှိနိုင်ရေးဆောင်ရွက်ရမည်၊ ပြည်တွင်း Media Cover ဖြစ်အောင် ပူးပေါင်းဆောင်ရွက်ရမည်၊ ပြည်တွင်း၊ ပြည်ပရုပ်ရှင်ကား၊ ဗီဒီယိုကားများကို မြန်မာ့ယဉ်ကျေးမှုဓလေ့စရိုက် လက္ခဏာနှင့်အညီ စိစစ်ကြပ်မတ်ထိန်းသိမ်းရမည်၊ နိုင်ငံတော်မှ နှစ်ရှည်ငှားရမ်းထားသော ရုပ်ရှင်ရုံများ ပြုပြင်ထိန်းသိမ်းကြပ်မတ် ဆောင်ရွက်ရမည်၊ ဝန်ထမ်းများ၏ သက်သာချောင်ချိရေး ပိုမိုဆောင်ရွက်ရေးနှင့် စိုက်ပျိုးမွေးမြူရေးလုပ်ငန်း အောင်မြင်အောင်ဆောင်ရွက်ရမည်၊ ဌာနပိုင် ရုပ်ရှင်ကိရိယာများ အဆင့်အတန်းမြင့်မားလာအောင် ဆောင်ရွက်ရမည်နှင့် ခြိုးခြံချွေတာရမည်တို့ဖြစ်ကြောင်း။

သတ်မှတ်ပေးထား

သတ်မှတ်ပေးထားသည့် ရည်မှန်းချက်တာဝန်ကို ဌာနများက အောင်မြင်အောင် ဆောင်ရွက်နိုင်လျှင် ဝန်ကြီးဌာနအတွက် နိုင်ငံတော်နှင့် နိုင်ငံတော်အကြီးအကဲက သတ်မှတ်ပေးထားသည့် ရည်မှန်းချက်တာဝန်လည်း အောင်မြင်မည်ဖြစ်ကြောင်း။

နိဂုံးချုပ်အနေဖြင့်မှာကြားလိုသည်မှာ ဝန်ထမ်းများအနေဖြင့် ယနေ့ မှာကြားလိုက်သည့် မှာကြားချက်များနှင့်အညီ အစစအရာရာ၊ အဘက်ဘက်က မိမိတို့၏ တာဝန်များကို ကျေပွန်အောင်မြင်အောင် ဆက်လက်ကြိုးပမ်း ဆောင်ရွက်သွားကြရန်လိုကြောင်းဖြင့် တိုက်တွန်းပြောကြားသည်။

ထို့နောက် ပြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်းက နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီက ချီးမြှင့်သည့် ပြည်သူ့ဝန်ထမ်းဆိုင်ရာဆုတံဆိပ်ရရှိကြသည့် မြန်မာ့ရုပ်ရှင်လုပ်ငန်းမှ ဝန်ထမ်းရှစ်ဦးတို့အတွက် ဂုဏ်ပြုဆုများကို မြန်မာ့ရုပ်ရှင်လုပ်ငန်း ခေတ္တဦးဆောင်ညွှန်ကြားရေးမှူး ဦးသိန်းထွန်းအောင်အား ပေးအပ်ချီးမြှင့်သည်။

ပေးအပ်ချီးမြှင့်

ယင်းနောက် ဝန်ကြီးက မြန်မာ့ရုပ်ရှင်လုပ်ငန်း၏ ၂၀၀၅-၂၀၀၆ ဘဏ္ဍာရေးနှစ်အတွင်း လျာထားချက်ကျော်လွန်၍ ဘဏ္ဍာငွေအများဆုံးရှာဖွေရရှိခဲ့ကြသည့် ဌာနခွဲ၊ ရုံးခွဲများကို ဆုချီးမြှင့်ရာ ပထမဆုရရှိသည့် ဗီဒီယိုလုပ်ငန်းနှင့် ဗီဒီယိုဆင်ဆာအဖွဲ့ကိုယ်စား ညွှန်ကြားရေးမှူး ဦးရဲဝင်းအားလည်းကောင်း၊ ဒုတိယဆုရရှိသည့် ရန်ကုန်ရုံးခွဲကိုယ်စား ဒုတိယညွှန်ကြားရေးမှူး ဦးကျော်အုံးသန်းအားလည်းကောင်း၊ တတိယဆုရရှိသည့် မြန်မာ့ရုပ်ရှင်လုပ်ငန်း(ရုံးချုပ်) ကိုယ်စား ဒုတိယညွှန်ကြားရေးမှူး (ငွေစာရင်း) ဒေါ်ဖြူဖြူဝင်းအား လည်းကောင်း၊ ၂၀၀၅-၂၀၀၆ ဘဏ္ဍာနှစ်အတွင်း လျာထားချက်ထက် ကျော်လွန်၍ ဘဏ္ဍာငွေအများဆုံး ရှာဖွေရရှိခဲ့ကြသည့် လုပ်ငန်းစုရုံးများကို ဆုချီးမြှင့်ရာ ပထမဆုရရှိသည့် ရန်ကုန်တိုင်း ဗီဒီယိုစိစစ်ကြီးကြပ်ရေးကော်မတီရုံးကိုယ်စား (ဌာနခွဲမှူး၊ တာဝန်ခံ)ဦးသိန်းနိုင်အားလည်းကောင်း၊ ဒုတိယဆုရရှိသည့် ရှမ်းပြည်နယ်(မြောက်ပိုင်း) ဗီဒီယိုလုပ်ငန်း စိစစ်ကြီးကြပ်ရေးကော်မတီရုံး၊ လားရှိုးလုပ်ငန်းစုရုံး ကိုယ်စား ဌာနခွဲမှူး (လုပ်ငန်းစု) ဦးလှကျော်ဦးအား လည်းကောင်း၊ တတိယဆုရရှိသည့် မကွေးတိုင်း ဗီဒီယိုလုပ်ငန်း စိစစ်ကြီးကြပ်ရေးကော်မတီရုံး၊ မကွေးလုပ်ငန်းစုရုံးကိုယ်စား ဌာနခွဲမှူး (လုပ်ငန်းစု) ဦးအောင်ဇော်လင်းအားလည်းကောင်း၊မြန်မာ့ရုပ်ရှင်လုပ်ငန်းဝန်ထမ်းများ အတွက် တူညီဝတ်စုံကို မြန်မာ့ရုပ်ရှင်လုပ်ငန်းခေတ္တဦးဆောင်ညွှန်ကြားရေးမှူး ဦးသိန်းထွန်းအောင်အားလည်းကောင်း ပေးအပ်ချီးမြှင့်သည်။

ဆက်လက်၍မြန်မာ့ရုပ်ရှင်လုပ်ငန်း ခေတ္တ ဦးဆောင်ညွှန်ကြားရေးမှူး ဦးသိန်းထွန်းအောင်က စာရင်းစစ်ချုပ်ရုံး သင်တန်းကျောင်းက ဖွင့်လှစ်သော ပထမအဆင့် စာရင်းကိုင်သင်တန်းတွင် ထူးချွန်ဆုရရှိခဲ့သော စာရင်းကိုင်(၄)ဒေါ်ဇာဇာထွန်းအား ဂုဏ်ပြုဆုငွေနှင့် တစ်ဆင့်မြှင့်ရာထူးခန့်အပ်လွှာကို ပေးအပ်ချီးမြှင့်သည်။

ထို့နောက် တက်ရောက်လာကြသည့် ဧည့်သည်များနှင့် မြန်မာ့ရုပ်ရှင်လုပ်ငန်းမှ ဝန်ထမ်းများအား ကံစမ်းမဲဖောက်၍ လက်ဆောင်ပစ္စည်းများကို ပေးအပ်ချီးမြှင့်ပြီး အခမ်းအနားကို ရုပ်သိမ်းသည်။ **(သတင်းစဉ်)**

အမှာစကား ပြောကြား

ပြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်း မြန်မာ့ရုပ်ရှင်လုပ်ငန်း (၃၆)နှစ်မြောက် နှစ်ပတ်လည်နေ့နှင့် ဂုဏ်ပြုဆုပေးအပ်ပွဲတွင် အမှာစကား ပြောကြားစဉ်။

(သတင်းစဉ်)

MRTV-4 အစီအစဉ်

၁-၇-၂၀၀၆ (စနေနေ့)
နံနက်ပိုင်း

၇:၀၀	MRTV-4 အဖွင့် Logo၊ ယနေ့အစီအစဉ်
၇:၀၅	ကမ္ဘာ့ဖလားနှင့် သူတို့အမြင် [အားကစားကလောင်ရှင် ဖေသိန်း၊ သန့်ဇင်ဝင်း (အိုလံပစ်ဂျာနယ်)၊ ထွန်းထွန်းဦး (အိုလံပစ်ဂျာနယ်)]
၇:၂၀	တေးဂီတအစီအစဉ်
၇:၂၅	"စိတ်"မှစတဲ့ သုံးထပ်ကွမ်း အကယ်ဒမီဆုရှင် "ဝါဝါဝင်းရွှေ"
၈:၀၅	တေးဂီတအစီအစဉ်
၈:၁၀	သက်ရှည်ကျန်းမာဖို့ လမ်းလျှောက်ကြစို့
၈:၅၅	ပြည်တွင်း သတင်းအကျဉ်း
၉:၀၅	တေးဂီတအစီအစဉ်
၉:၁၀	Celebrity Style (ဇင်ဇင်ဇော်မြင့်)
၉:၄၀	နိုင်ငံတကာသတင်းအကျဉ်း
၉:၄၅	ဂေါက်ရိုက်ကြရအောင်
၁၀:၀၅	တေးဂီတအစီအစဉ်
၁၀:၁၀	ယနေ့သိပ္ပံနှင့် နည်းပညာ
၁၀:၂၀	မိုးလေဝသခန့်မှန်းချက်
၁၀:၂၅	ပိန်ခြင်းဝခြင်း ပြဿနာနှင့် အပျိုစင်တို့၏ အသားအရေလှပခြင်း
၁၀:၃၅	တေးဂီတအစီအစဉ်
၁၀:၄၀	ပြည်တွင်းသတင်းအကျဉ်း
၁၀:၅၀	ချည်မျှင်ရှည်ဝါ အထွက်တိုးနည်းပညာ
၁၁:၀၅	တေးဂီတအစီအစဉ်
၁၁:၁၀	ပိုက်ဆက်အတတ်ပညာ အပိုင်း(၁)
၁၁:၂၅	နိုင်ငံတကာသတင်းအကျဉ်း
၁၁:၃၀	နိုင်ငံတကာအနုပညာရေးရာ
၁၁:၅၅	တေးဂီတအစီအစဉ်
၁၂:၀၀	MRTV -4 အပိတ် Logo

အထက်ပါ ငါးနာရီစာ အစီအစဉ်များကို ည ၂၃:၀၀နာရီအထိ သုံးကြိမ်ဆက်တိုက် ထုတ်လွှင့်သွားမည်ဖြစ်ပါသည်။

အင်တာနက် သတင်းနှင့် ဓာတ်ပုံ

မိုဘိုင်းလ်ဖုန်းပြောကြားရင်း ကားမောင်းမှုနှင့် အရက်သောက်ပြီးကားမောင်းမှု အန္တရာယ်အတူတူဖြစ်

မိုဘိုင်းလ်ဖုန်းပြောကြားရင်း ကားမောင်းခြင်းသည် အရက်သောက်ပြီး ကားမောင်းခြင်းကဲ့သို့ပင် အန္တရာယ်အလွန်များကြောင်း လန်ဒန်မြို့မှ သုတေသနပညာရှင်များက ပြောကြားလိုက်သည်။

အန္တရာယ်ကြီးမားမှု

ကားမောင်းရင်း လက်တစ်ဖက်တွင် မိုဘိုင်းလ်ဖုန်းကိုင်ကာ စကားပြောရင်း ကားမောင်းမှုနှင့်ပတ်သက်၍ လန်ဒန်တက္ကသိုလ်မှ သုတေသနပညာရှင်များက လေ့လာခဲ့ရာတွင် အန္တရာယ်ကြီးမားမှုအနေအထားကို အထက်ပါအတိုင်း ချိန်ထိုးပြနိုင်ခဲ့ခြင်းဖြစ်သည်။

လက်ကိုင်ဖုန်းနှင့်စကားပြောရင်း ကားမောင်းခြင်းသည် အာရုံကိုစုစည်းမှု အားနည်းစေကြောင်း၊ ၎င်းတို့ မောင်းနှင်နေသည့် မော်တော်ယာဉ်ကို ကောင်းမွန်စွာ ထိန်းသိမ်းနိုင်ခြင်းမရှိကြောင်း လေ့လာတွေ့ရှိခဲ့ရပြီး အရက်သေစာသောက်စားမှုးယစ်ပြီး ကားမောင်းသူတစ်ဦး စိတ်အာရုံခံစားမှုနှင့် တူညီနေသည်ကို နှိုင်းယှဉ် သုတေသနပြုနိုင်ခဲ့သည်ဟု ၎င်းတို့က ပြောကြားသည်။

လက်ကိုင်ဖုန်းနှင့်စကားပြောရင်း ကားမောင်းသူ လူ ၄၀ အား လေ့လာသုတေသနပြုခဲ့ရာတွင် ကားမောင်းရင်း လက်ကိုင်ဖုန်းနှင့် စကားပြောသည့်အခါ မော်တော်ယာဉ်မောင်းနှင်မှုအပေါ် စိတ်အာရုံလျော့ပါးသွားသည်ဟု ဝန်ခံခဲ့ကြသည်။

ကွာခြားမှုမရှိ

မတော်တဆဖြစ်ရပ်များ၏ အခြေအနေကို လေ့လာခဲ့ရာတွင်လည်း အရက်သောက်ပြီးကားမောင်းခြင်းကြောင့် မတော်တဆဖြစ်ပွားမှုအရေအတွက်နှင့် မိုဘိုင်းလ်ဖုန်းပြောပြီး ကားမောင်းစဉ် မတော်တဆဖြစ်မှုများ အရေအတွက်သည် ကွာခြားမှု မရှိလှကြောင်း လေ့လာသုတေသနပြုအဖွဲ့ခေါင်းဆောင် ပါမောက္ခ ဒေးဗစ်စထရာယာက ပြောကြားသည်။ (အင်တာနက်)

မြန်မာအမျိုးသမီးများနေ့ အထိမ်းအမှတ် မြန်မာအမျိုးသမီးများ ဝတ်စားဆင်ယင်ထုံးဖွဲ့မှုနှင့် စင်တင်တေးဂီတဖျော်ဖြေပွဲအခမ်းအနားကျင်းပ

ရန်ကုန် ဇွန် ၃၀

မြန်မာနိုင်ငံအမျိုးသမီးရေးရာအဖွဲ့ချုပ်၏ကြီးကြပ်မှုဖြင့် ရန်ကုန်တိုင်း အမျိုးသမီးရေးရာအဖွဲ့က စီစဉ်တင်ဆက်သော ၂၀၀၆ခုနှစ် ဇူလိုင်၃ရက် မြန်မာအမျိုးသမီးများနေ့အထိမ်းအမှတ် မြန်မာအမျိုးသမီးများ ဝတ်စားဆင်ယင်ထုံးဖွဲ့မှုပြပွဲနှင့် စင်တင်တေးဂီတဖျော်ဖြေပွဲ အခမ်းအနားကို ယနေ့မွန်းလွဲ ၂နာရီက ရန်ကုန်မြို့ ဒဂုံမြို့နယ် မြို့မကျောင်းလမ်းရှိ အမျိုးသားဇာတ်ရုံ၌ ကျင်းပသည်။ (အောက်ပုံ)

တက်ရောက်

အခမ်းအနားသို့ မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ် နာယကများ၊ ဥက္ကဋ္ဌ၊ ဒုတိယဥက္ကဋ္ဌများ၊ ဗဟိုအလုပ်အမှုဆောင်များ၊ ရန်ကုန်တိုင်း အမျိုးသမီးရေးရာအဖွဲ့နာယက၊ ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ ခရိုင်နှင့် မြို့နယ် အမျိုးသမီးရေးရာ အဖွဲ့ဝင်များ၊ တက္ကသိုလ်၊ ကောလိပ်နှင့် အခြေခံပညာ အထက်တန်းကျောင်းများမှ ကျောင်းသူများ၊ ဖိတ်ကြားထားသူများနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

ရှေးဦးစွာ တေးသံရှင် ဆုသျှားလှဲ၊ အိအိချွန်နှင့် နှင်းပွင့်ဟန်တို့က "ဇာတိမာန်"သီချင်းဖြင့်လည်းကောင်း၊ တေးသံရှင် ယဉ်ယဉ်ထွန်းက "ပင်ချင်းယှက်၍ နွယ်ချင်းခက်သော်" သီချင်းဖြင့် လည်းကောင်း၊ တိုင်းရင်းသားတေးသံရှင်များနှင့် ဧည့်သည်တေးသံရှင်များဖြစ်ကြသော L လွန်းဝါ၊ L ဆိုင်းဇီ၊ ရေဗက္ကာဝင်း၊ ရတနာဦး၊ မီးမီးခဲ၊ ဇမ်နူး၊ မာရဇ္ဇ၊ R ဇာနည်၊ အကယ်ဒမီငြိမ်းငြိမ်းအိ၊ အိအိချွန်၊ မီမီဝင်းဖေ၊ အဒဲ၊ ခင်မျိုးအေး၊ ကြိုးကြာ၊ စိုင်းထီးဆိုင်၊ ရတနာမိုင်၊ နန်းမြတ်သန္တာကို၊ ရှင်ဖုန်းနှင့် ခင်ဘုဏ်းတို့က ပြည်နယ်နှင့် တိုင်းအသီးသီး ကိုယ်စားပြုသော တိုင်းရင်းသားတေးသီချင်းများ၊ တေးသံသာများဖြင့်လည်းကောင်း သီဆိုဖျော်ဖြေကြသည်။

ဖျော်ဖြေတင်ဆက်

ထို့နောက် ရန်ကုန်တိုင်း အမျိုးသမီးရေးရာအဖွဲ့ဝင်များ၊ တက္ကသိုလ်၊ ကောလိပ်များနှင့် ဂျွန်လွင်ဦးစီးသော Stars and Models International Agency မှ အမျိုးသမီးငယ်လေးများ၊ ရုပ်ရှင်နှင့် ဗီဒီယိုသရုပ်ဆောင်များက ကချင်၊ ကယား၊ ကရင်၊ ချင်း၊ ဗမာ၊ မွန်၊ ရခိုင်၊ ရှမ်းတိုင်းရင်းသားမျိုးနွယ်များ၏ ဒေသထွက် ချည်ထည်၊ ပိုးထည်၊ ဂျပ်ခုတ်ထည်များဖြင့် ခေတ်မီလှပဆန်းသစ် ချုပ်လုပ်ထားသည့် အဝတ်အထည် ဒီဇိုင်းမျိုးစုံ ၈၀ တို့ကို ဝတ်ဆင်၍လည်းကောင်း၊ ဆံကေသာအလှများကို ပြသ၍ လည်းကောင်း သရုပ်ပြ ဖျော်ဖြေတင်ဆက်ကြသည်။

ယင်းကဲ့သို့ တိုင်းရင်းသားတေးသံရှင်များက ပြည်နယ်နှင့်တိုင်း ဂုဏ်ပြု တေးသီချင်းများဖြင့် ဖျော်ဖြေနေစဉ် ပြည်နယ်နှင့် တိုင်းများမှ ဒေသအလှအပများ၊ ယဉ်ကျေးမှုရိုးရာဓလေ့ ဝတ်စားဆင်ယင်မှုများကို ပရိဂျက်တာဖြင့် နောက်ခံတင်ဆက်ပြသကြသည်။

ပြန်လည်ပေးအပ်

ထို့နောက် ရန်ကုန်တိုင်း အမျိုးသမီးရေးရာအဖွဲ့ နာယက ဒေါ်မာမာဝေက မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ် ဥက္ကဋ္ဌ ဒေါ်သန်းသန်းနွဲ့ထံ ဂုဏ်ပြုပန်းခြင်းကို ပေးအပ်၍ မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ်ဥက္ကဋ္ဌ ဒေါ်သန်းသန်းနွဲ့က ဂုဏ်ပြုဆုငွေ ကျပ်ငါးသိန်းကို ပြန်လည်ပေးအပ်ပြီး အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

(သတင်းစဉ်)

မြန်မာနိုင်ငံအမျိုးသမီးရေးရာအဖွဲ့ချုပ် ဥက္ကဋ္ဌ ဒေါ်သန်းသန်းနွဲ့ ဂုဏ်ပြုဆုငွေကျပ် ငါးသိန်းကို ရန်ကုန်တိုင်း အမျိုးသမီးရေးရာအဖွဲ့ နာယက ဒေါ်မာမာဝေထံ ပေးအပ်စဉ်။ (သတင်းစဉ်)

သံတမန်ကျွမ်းကျင်မှုသင်တန်းသားများဝါဆိုသင်္ကန်းကပ်မည်

ရန်ကုန် ဇွန် ၃၀

အခြေခံနှင့် အဆင့်မြင့်သံတမန် ကျွမ်းကျင်မှုသင်တန်းသား၊ သင်တန်းသူများ၏ နဝမအကြိမ်မြောက် စုပေါင်းဝါဆိုသင်္ကန်းဆက်ကပ်လှူဒါန်း ပွဲကို ဇူလိုင် ၂ ရက်(တနင်္ဂနွေနေ့) နံနက် ၉ နာရီမှ ၁၂ နာရီအထိ ဒဂုံမြို့နယ် မြို့မကျောင်းလမ်း အိမ်တော်ရာဘုရားဝင်း အလုံပရိယတ္တိ စာသင်တိုက်၌ ကျင်းပမည်ဖြစ်ရာ အပတ်စဉ်အားလုံးမှ သင်တန်းသား၊ သင်တန်းသူများ ပါဝင်ကုသိုလ်ပြုကြပါရန်နှင့် ဦးနိုင်ဝင်း ဖုန်း-၀၉-၈၅၂၁၅၅၇ သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရသည်။ **(က-ပ)**

ကမ္ဘာ့ဖလားကွာတားဖိုင်နယ်ပွဲစဉ်များနှင့် သူတို့အမြင်

၂၀၀၆ ကမ္ဘာ့ဖလားဘောလုံးပြိုင်ပွဲ ကွာတားဖိုင်နယ်ပွဲစဉ်များကို အကြိတ်အနယ်ကစားနေပြီဖြစ်ရာ ဇူလိုင် ၁ရက် **(ယနေ့)**ကစားမည့် ကွာတားဖိုင်နယ်ပွဲစဉ်များနှင့်ပတ်သက်၍ အလွှာစုံမှ အမြင်များကို ဆက်သွယ်မေးမြန်းဖော်ပြလိုက်ပါသည်။

ဦးအေးမောင်လေး (မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ် အလုပ်အမှုဆောင်)

- **အင်္ဂလန်နဲ့ ပေါ်တူဂီပွဲမှာ အင်္ဂလန်က စုစည်းမှု ပိုကောင်းတယ်၊ ကစားအားလဲ ရှိတယ်။ တစ်ပွဲထက်တစ်ပွဲ ခြေတက်လာနေတာမို့ အလယ်တန်းအားနဲ့ကစားရင် ပေါ်တူဂီကို အနိုင်ရဖို့များတယ်။ ပေါ်တူဂီက အသင်းလိုက်ကျတော့ အင်္ဂလန်လောက် မကောင်းဘူး။ အင်္ဂလန်ကို ပိုသဘောကျတယ်။**
- **ဘရာဇီးနဲ့ ပြင်သစ်ပွဲကတော့ ဘရာဇီးကစားတာ ကောင်းတယ်၊ ဒါပေမယ့် ဂိုးသွင်းမှုကို အခုထိ အားမရဘူး။ ဂိုးသွင်းမှုအပိုင်းမှာ လိုအပ်ချက်တွေရှိနေတယ်။ ပြင်သစ်က အခု ကစားအား ကောင်းလာတယ်။ ခြေမှန်ပြန်ရပြီး အချိတ်အဆက်မိသွားရင် ဘရာဇီး မလွယ်ဘူး။ ပြင်သစ်ကို ပိုကြိုက်တယ်။**

မျိုးလှိုင်ဝင်း (မြန်မာ့လက်ရွေးစင်အသင်းခေါင်းဆောင်ဟောင်း)

- ကွာတားပွဲဆိုတော့ အရေးကြီးနေပြီ၊ အမှားခံလို့မရတော့ဘူး။ အင်္ဂလန်အသင်း အမှားအယွင်းနည်းလာနေပြီဖြစ်လို့ အခြေအနေကောင်းမယ်။ လူစုံတက်စုံလဲ ကစားကြမယ်။ ကွင်းလယ်ကစားအားကောင်းတော့ တိုက်စစ်မှူးတွေကို ပံ့ပိုးမှုအများကြီးပေးနိုင်မယ်။ ပေါ်တူဂီအသင်းက လူစုံမပါနိုင်ဘူး။ အလယ်တန်းမှာ ဒေကိုလဲ မပါနိုင်တော့ အားနည်းသွားမယ်။ ပေါ်တူဂီ တိုက်စစ်မှူးတွေ အခက်တွေ့နိုင်မယ်။ အင်္ဂလန် အနိုင်ရမယ်လို့ထင်တယ်။
- ဘရာဇီးနဲ့ ပြင်သစ်ပွဲကတော့ ပွဲကောင်းတစ်ပွဲပဲ။ ဝါရင့် သမ္ဘာရင့်တွေ ပြန်ဆုံတဲ့ပွဲဆိုတော့ နှစ်သင်းစလုံး သတိထားကစားကြမှာပါ။ ပြင်သစ်ထက်စာရင် ဘရာဇီးက ရှေ့၊ လယ်၊ နောက် မျှတယ်။ တစ်ဦးနဲ့တစ်ဦး နားလည်မှုလဲ ရှိကြတယ်၊ ပြင်သစ်က ဘရာဇီးလောက် စုစည်းမှု မကောင်းဘူး။ ဘရာဇီး အနိုင်ရဖို့များမယ်ထင်တယ်။

ရာဇာနေဝင်း (သရုပ်ဆောင်)

- **အင်္ဂလန်နဲ့ ပေါ်တူဂီပွဲမှာ ကျွန်တော့်အကြိုက်က အင်္ဂလန်ပါ။ ပေါ်တူဂီနဲ့ ကစားပုံချင်းလဲ ကွာတယ်။ အချိတ်အဆက်မိမှုလဲ သာတယ်၊ အင်္ဂလန်တို့ ဒီအဆင့်ရောက်မှတော့ ပေါ်တူဂီကို အနိုင်ကစားမှာပါ။**
- **ဘရာဇီးနဲ့ ပြင်သစ်ပွဲကတော့ ခြေတူနေတယ်။ ဒါပေမယ့် ဘရာဇီးကို ကြိုက်တယ်။ ဘရာဇီးကစားပုံက ငြိမ်တယ်။ ပျာယာခတ်မနေဘူး။ တကယ့် သမ္ဘာတွေပါ။ ပြင်သစ်တို့ ဘရာဇီးကို နိုင်ဖို့ဆိုတာ မလွယ်ပါဘူး။ ဘရာဇီးနိုင်မယ်လို့ထင်တယ်။**

ထွန်းထွန်း(အဆိုတော်နှင့် သရုပ်ဆောင်)

- အင်္ဂလန်နဲ့ပေါ်တူဂီပွဲမှာ နည်းပြအပိုင်းကိုကြည့်ရင် ပေါ်တူဂီက သာတယ်။ ကစားသမားတွေကိုကြည့်ရင် အင်္ဂလန်ကသာတယ်၊ ကျွန်တော့်အကြိုက်က ပေါ်တူဂီပါ။ ဒါပေမယ့် အသင်းလိုက် ကစားပုံ၊ တစ်ဦးချင်းအစွမ်းတွေကျတော့ အင်္ဂလန်ကို ပေါ်တူဂီ မမီဘူး။ အင်္ဂလန်နိုင်ဖို့ ရာနှုန်းများတယ်။
- ဘရာဇီးနဲ့ ပြင်သစ်ပွဲစဉ်မှာ ဘရာဇီးက အစစအရာရာ သာပါတယ်။ အချိန်မရွေး ကစားအားတင်နိုင်ပြီး၊ အချိန်ပိုင်းအတွင်း ပြိုင်ပွဲရလဒ်ကိုလဲ ပြောင်းပစ်နိုင်တဲ့ ခြေစွမ်းရှိတယ်။ ပြင်သစ်အသင်းက ခြေမှန်ဘူး။ စပိန်နဲ့ပွဲတုန်းကလဲ ညှစ်ပြီးကစားခဲ့ရတာ၊ တကယ်တမ်းကစားရင် ဘရာဇီးကို ကျော်ဖို့ဆိုတာ မလွယ်ပါဘူး။

မအေးအေးမွန် (အီလက်ထရွန်နစ်ပစ္စည်းအရောင်းဆိုင်၊ ယုဇနပလာဇာ)

- **အင်္ဂလန်နဲ့ ဘရာဇီးပွဲတွေဆိုရင် မလွတ်တမ်းကြည့်ဖြစ်တယ်။ အင်္ဂလန်နဲ့ ပေါ်တူဂီပွဲမှာ အင်္ဂလန် နိုင်မယ်ထင်တယ်။ အင်္ဂလန်အသင်း ကစားတာ မြန်တယ်၊ ချိတ်ဆက်မိတယ်။ ပေါ်တူဂီအသင်းက လေးတယ်။ အင်္ဂလန်အသင်း ကစားသမားတွေကို အမြင်များပြီး ရင်းနှီးနေတော့ နိုင်စေချင်တယ်။**
- **ဘရာဇီးနဲ့ ပြင်သစ်ပွဲကတော့ နှစ်သင်းစလုံးကောင်းတဲ့ အသင်းတွေပါ။ ကမ္ဘာကျော်ဘောလုံးသမားတွေ နှစ်သင်းစလုံးမှာပါတယ်။ ကစားပုံကျတော့ ဘရာဇီးကိုကြိုက်တယ်။ ဘရာဇီး အနိုင်ရမယ်ထင်ပါတယ်။**

ကိုအောင်မြတ်ကြည် (တာမွေမီးပွိုင့်အနီး ဂျာနယ်လက်ပွေ့ရောင်းသူ)

- ကွာတားပွဲတွေကစပြီး ပွဲတိုင်းကြည့်တော့မယ်လို့ ဆုံးဖြတ်ထားတယ်။ မနက်တိုင်း ဂျာနယ်ရောင်းပြီးမှ တစ်နေကုန်အိပ်ရတော့မှာပဲ။ အင်္ဂလန်နဲ့ ပေါ်တူဂီပွဲမှာ ပေါ်တူဂီကို ပိုကြိုက်တယ်။ တိုက်စစ်အပိုင်းမှာ ပေါ်တူဂီ သာတယ်။ ဂိုးသွင်းတာ ပိုကောင်းတယ်။ အင်္ဂလန်ထက် ပိုသဘောကျတယ်။ ပေါ်တူဂီ အချိန်ပိုတွေကစားပြီး အနိုင်ရသွားမယ်လို့ ထင်တယ်။
- ဘရာဇီးနဲ့ ပြင်သစ်ပွဲမှာတော့ ဘရာဇီးကို လူတွေကြိုက်ကြတယ်။ ဒါပေမယ့် ဘရာဇီးကစားပေါက်ကို ပြင်သစ်က သိနေတယ်။ ဇီဒန်းတို့၊ အွန်နရီတို့၊ ဗီယာရာတို့စတဲ့ ကစားသမားတွေက တကယ့်စွမ်းဆောင်ရှင်တွေပါ။ ပြင်သစ် ခြေတွေ့ရင် ဘရာဇီး မလွယ်ပါဘူး။ ဒီပွဲက အပြတ်ပြောမရတဲ့ပွဲ ပါ။

(မြန်မာ့အလင်း)

✳ ရှေ့ဖုံးမှ

အဆိုပါ သင်တန်းဆင်းပွဲအခမ်းအနားသို့ အစိုးရအဖွဲ့ အဖွဲ့ဝင်ဝန်ကြီးများ၊ တရားသူကြီးချုပ်၊ ရှေ့နေချုပ်၊ ဒုတိယဝန်ကြီးများ၊ ဒုတိယစာရင်းစစ်ချုပ်၊ ဝန်ထမ်းရွေးချယ်လေ့ကျင့်ရေးအဖွဲ့ အဖွဲ့ဝင်များ၊ ဌာနဆိုင်ရာအကြီးအကဲများ၊ ဗဟိုဝန်ထမ်းတက္ကသိုလ်(ဖောင်ကြီး)ပါမောက္ခချုပ်နှင့်ဌာနမှူးများ၊နည်းပြများနှင့် သင်တန်းသား သင်တန်းသူ ဆရာဆရာမများ တက်ရောက်ကြသည်။

ရှေးဦးစွာ မြန်မာနိုင်ငံပညာရေးကော်မတီဥက္ကဋ္ဌ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီး သိန်းစိန်က သင်တန်းဆင်း အမှာစကားပြောကြားရာတွင် ယနေ့ အချိန်အခါတွင် နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီအနေနှင့် အမိပြည်ထောင်စု မြန်မာနိုင်ငံတော်ကြီးကို အေးချမ်းသာယာပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်သည့် စည်းကမ်းပြည့်ဝသော ဒီမိုကရေစီနိုင်ငံတော်ကြီးအဖြစ် ညင်သာသိမ်မွေ့စွာ ကူးပြောင်းနိုင်စေရန် လိုအပ်သည့် နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေးအခြေခံများကို အရှိန်အဟုန်ဖြင့် အားသွန်ခွန်စိုက် ကြိုးပမ်းတည်ဆောက်လျက်ရှိကြောင်း။

ကြိုးစားလုပ်ဆောင်

ယင်းသို့ ခေတ်သစ် စနစ်သစ်သို့ ပြေပြစ်ချောမွေ့စွာ ကူးပြောင်းနိုင်စေရန် တစ်နိုင်ငံလုံး၊ တစ်မျိုးသားလုံး အတိုင်းအတာဖြင့် တက်ညီလက်ညီ ဦးထမ်းပဲ့ထမ်း ကြိုးပမ်းဆောင်ရွက်လျက်ရှိရာတွင် ဖွံ့ဖြိုးတိုးတက်မှု နယ်ပယ်ကဏ္ဍတိုင်း၌ အရှိန်အဟုန်ဖြင့် ဟန်ချက်ညီညီ တိုးတက်ဖြစ်ထွန်းနေစေရအောင် နိုင်ငံသူ၊ နိုင်ငံသားအားလုံးက မိမိတို့သက်ဆိုင်ရာအခန်းကဏ္ဍ၏ တာဝန်ဝတ္တရားများကို တာဝန်သိသိနှင့် ကျေကျေပွန်ပွန်၊ အောင်အောင်မြင်မြင် ကြိုးစားလုပ်ဆောင်ကြရန် အထူးလိုအပ်ကြောင်း။

နိုင်ငံတော်၏ အနာဂတ်ကို မျှော်မှန်းပြီး ရေရှည်အကျိုးစီးပွားအတွက် ဦးတည်ကြိုးပမ်း ပြောင်းလဲရသည့်ဖြစ်စဉ်ကြီး၌ တစ်ခန်း၊ တစ်ကဏ္ဍ၏ အားနည်းချို့ယွင်းမှုသည် ညင်သာသိမ်မွေ့စွာပြောင်းလဲဖြစ်ထွန်းနေသည့် ဖွံ့ဖြိုးတိုးတက်မှုအရှိန်ကို နှောင့်နှေးလစ်ဟာစေမှာဖြစ်သကဲ့သို့ ယခုအချိန်တွင် မသိသာ မမြင်သာသည့် ချို့ယွင်းအားနည်းမှုသည် အနာဂတ်ကာလ၌ မလိုလားအပ်သည့်၊ ကြီးမားသည့် ဆုံးရှုံးနစ်နာမှုများဖြစ်ပေါ်စေမှာ အမှန်ပင်ဖြစ်ကြောင်း။

အားထုတ်ကြိုးစား

ထို့ကြောင့် တက္ကသိုလ်၊ကောလိပ် ဆရာဆရာမတိုင်းက ပညာရေးကဏ္ဍက တာဝန်ရှိသူတစ်ဦးအနေဖြင့်သော်လည်းကောင်း၊ ပညာရှင်တစ်ဦးအနေဖြင့်သော်လည်းကောင်း၊နိုင်ငံသူ၊နိုင်ငံသားတစ်ဦးအနေဖြင့်သော်လည်းကောင်း မိမိတို့အပေါ် ကျရောက်လာသည့် တာဝန်တစ်ရပ်ရပ်ကို ကျေပွန်စေရအောင် အသိစိတ်ဓာတ်၊ စေတနာ၊ ပညာအရင်းခံတို့ဖြင့် နိုင်ငံ့အကျိုးကို မျှော်မှန်းပြီး ကိုယ်စီကိုယ်စီ အားထုတ်ကြိုးပမ်းဆောင်ရွက်ကြရန် တိုက်တွန်းပြောကြားလိုကြောင်း။

နိုင်ငံသူ နိုင်ငံသားတစ်ဦးချင်း၏ တိုင်းချစ်ပြည်ချစ်စိတ်ဓာတ်အရင်းခံဖြင့် ကြိုးစားအားထုတ်မှုများ ဆိုင်ရာဆိုင်ရာအပိုင်းကဏ္ဍအလိုက်သော်လည်းကောင်း၊ တစ်မျိုးသားလုံးအတိုင်းအတာအရသော်လည်းကောင်း စုစည်းညီညွတ်သည့် အားမာန်ဖြင့် ပေါင်းစည်းအားထုတ် ဆောင်ရွက်မှုများသည် အနာဂတ်၏အောင်မြင်မှု သို့မဟုတ် လစ်ဟာမှုများကို ပိုင်းဖြတ်ပေးနေသည်ဆိုသည့် အသိစိတ်ဓာတ်၊ ပညာဉာဏ်တို့ဖြင့်ယှဉ်ပြီး အားထုတ်ကြိုးစားသွားကြပါဟု တစ်ဆက်တည်း ပြောကြားလိုကြောင်း။

ယနေ့အချိန်အခါတွင် နိုင်ငံတိုင်း နိုင်ငံတိုင်း၊ လူမျိုးတိုင်း လူမျိုးတိုင်းသည် မိမိနိုင်ငံ၊ မိမိလူမျိုးတိုးတက်ကြီးပွားရေးအတွက် အပြိုင်အဆိုင် ကြိုးစားဆောင်ရွက်လျက်ရှိနေကြကြောင်း၊ ဒီမိုကရေစီစနစ်ကို ကျင့်သုံးသည်ဖြစ်စေ၊ ဆိုရှယ်လစ်စနစ်ကို ကျင့်သုံးသည်ဖြစ်စေ နိုင်ငံတိုင်း၊ လူမျိုးတိုင်းသည် မိမိအမျိုးသားရေးအကျိုးစီးပွားဖြစ်ထွန်းရေးဆိုသည့် အခြေခံအပေါ်မှာသာ ရပ်တည်လှုပ်ရှားနေကြခြင်းဖြစ်ကြောင်း။

တိုင်းတစ်ပါးအမှီအခိုကင်း

မိမိတို့မြန်မာနိုင်ငံအနေဖြင့် ကိုယ့်နိုင်ငံ ကိုယ့်လူမျိုးတိုးတက်ကြီးပွားရေးအတွက် ကြိုးပမ်းဆောင်ရွက်ရာတွင် တိုင်းတစ်ပါးအမှီအခိုကင်းကင်းနှင့် ဂုဏ်သိက္ခာရှိရှိ ရပ်တည်ပြီး ကိုယ့်စွမ်းကိုယ့်စ ကိုယ့်အားကိုယ့်မာန်ဖြင့်သာ ကြိုးပမ်းဆောင်ရွက်သည့် လမ်းစဉ်၊ နိုင်ငံအချင်းချင်း အပြန်အလှန်အကျိုးဖြစ်ထွန်းမှုကို အခြေခံပြီး ဖြူစင်ရိုးသားဖြောင့်မတ်စွာ တန်းတူရည်တူ ပူးပေါင်းဆောင်ရွက်သည့် လမ်းစဉ်တို့ကို ရွေးချယ်လျှောက်လှမ်းလျက်ရှိကြောင်း။

မြန်မာနိုင်ငံပညာရေးကော်မတီဥက္ကဋ္ဌ နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန် သင်တန်းသူစံပြဆုကို ပြည်ထောင်စုတိုင်းရင်းသားလူငယ်များ စွမ်းရည်ဖွံ့ဖြိုးရေးဒီဂရီကောလိပ်မှ နည်းပြ ဒေါ်ဝေဝေထွန်းအား ပေးအပ်စဉ်။
(သတင်းစဉ်)

ယင်းသို့ နိုင်ငံတော်ကြီးကို တိုင်းတစ်ပါးသြဇာလွှမ်းမိုးလောင်းရိပ် ကင်းလွတ်စွာ ကိုယ့်ခွန်ကိုယ့်အားဖြင့် ရှင်သန်ရပ်တည်နိုင်စေဖို့ဆိုရာတွင် မိမိနိုင်ငံသူ နိုင်ငံသားတိုင်းသည် ထူးခြားထက်မြက်သည့် နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေး အရည်အသွေးများ ပြည့်ဝခိုင်မာနေစေရန် လိုအပ်မှာဖြစ်ကြောင်း။

နိုင်ငံတော်ကြီးကို နိုင်ငံရေးအရ တည်ငြိမ်ခိုင်မာစေရအောင် ထိန်းသိမ်းမြှင့်တင်ပေးနိုင်မည့် တိုင်းချစ်ပြည်ချစ်စိတ်ဓာတ်၊ တိုင်းရင်းသားစည်းလုံးညီညွတ်ရေးစိတ်ဓာတ်နှင့် ပြည်ထောင်စုစိတ်ဓာတ်တို့ ပေါင်းစည်းဖြစ်တည်နေသည့် စိတ်ဓာတ်ရေးရာစွမ်းအား၊ အမျိုးသားစီးပွားရေးဘဝ အရှိန်အဟုန်ဖြင့် တိုးတက်မြင့်မားစေရအောင် တည်ဆောက်ဖန်တီးပေးနိုင်သည့် စွမ်းဆောင်ရည်၊ ကျန်းမာကြံ့ခိုင်မှု၊ နိုင်ငံတကာအဆင့်မီ ပညာရည်မြင့်မားမှု၊ အမျိုးသားယဉ်ကျေးမှု မြတ်နိုးထိန်းသိမ်းမြှင့်တင်မှုတို့ကို အခြေခံသည့် လူမှုရေးအရည်အသွေးတို့ဖြင့် နိုင်ငံသူ နိုင်ငံသားတိုင်းသည် ပြည့်ဝခိုင်မာနေစေရမှာဖြစ်ကြောင်း။

ပြုစုပျိုးထောင်

ယနေ့အချိန်အခါလို ပညာရေးကရှေ့ဆောင်ပြီး နယ်ပယ်ကဏ္ဍစုံ၌ အရှိန်အဟုန်ဖြင့် တိုးတက်ပြောင်းလဲနေသည့် အချိန်အခါသမယတွင် နိုင်ငံသူ နိုင်ငံသားတိုင်း၌ လိုအပ်သည့် နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေး အရည်အသွေးများ ပြည့်စုံနေစေဖို့နှင့် မျက်မှောက်ခေတ်ကာလ၏ သိပ္ပံနှင့်နည်းပညာတိုးတက်ပြောင်းလဲမှုများနှင့်ယှဉ်တွဲပြီး အရည်အသွေးမြင့်မားသည့် ပညာရည်စွမ်းအားဖြင့် ပြည့်စုံနေစေရန်အတွက် ပညာရေးကဏ္ဍက ရှေ့ဆောင်ပြီး ပျိုးထောင်ပေးကြရမှာဖြစ်ကြောင်း။

ယင်းလိုအပ်ချက်နှင့်အညီ နိုင်ငံတော်အစိုးရအနေဖြင့် နိုင်ငံတကာသိပ္ပံနှင့် နည်းပညာတိုးတက်ပြောင်းလဲမှုများကိုအခြေခံပြီး မျက်မှောက်ကာလ၏ စိန်ခေါ်မှုများအပြင် အနာဂတ်ကာလ၌ ကြုံတွေ့ရမည့်စိန်ခေါ်မှုများကိုပါ ရင်ဆိုင်ဖြေရှင်းနိုင်စေရန် အနာဂတ်ကို မျှော်မှန်းသည့် ပညာရေးစနစ်ပြုပြင်ပြောင်းလဲမှုများကို လွန်ခဲ့သည့် ရှစ်နှစ်ကျော် ကိုးနှစ်ကာလ ၁၉၉၈ခုနှစ်ခန့်က စတင်ပြီး စနစ်တကျ စီမံကိန်းအဆင့်ဆင့် ချမှတ်အကောင်အထည်ဖော်ဆောင်ရွက်ခဲ့ခြင်းဖြစ်ကြောင်း။

ယင်းအမျိုးသားပညာရည်မြင့်မားရေးစီမံကိန်းများနှင့်အညီ ကျောင်းသူကျောင်းသား လူငယ်များအတွက်သာမက နိုင်ငံသူ နိုင်ငံသားများအတွက်ပါ စဉ်ဆက်မပြတ် လေ့လာသင်ယူနိုင်စေမည့် ပညာရေးအခြေခံကောင်းများ၊ ကြီးမားကျယ်ပြန့်သည့် လေ့လာသင်ယူနိုင်မှု အခွင့်အလမ်းကောင်းများကို စနစ်တကျ တည်ဆောက်ဖန်တီးပေးခဲ့ပါကြောင်း။

စနစ်တကျတိုးချဲ့ပြင်ဆင်

အသိဉာဏ်ပညာနှင့် ပြည့်စုံစေရန်၊ ရှာဖွေစူးစမ်းနိုင်ရန်၊ လေ့လာဆန်းစစ်နိုင်ရန်၊ တီထွင်ဖန်တီးနိုင်ရန်၊ လက်တွေ့ရပ်လုံးဖော်နိုင်ရန်ဆိုသည့် ရည်မှန်းချက်များဖြင့် ပညာရေးအရည်အသွေးမြှင့်တင်မှု အစီအမံများကို အလေးပေးဆောင်ရွက်ခဲ့ကြောင်း၊ သင်ယူမှု၊ သင်ကြားမှုနယ်ပယ် ပိုမိုကျယ်ပြန့်စေရန်၊ ပိုမိုရွေးချယ်သင်ယူလေ့လာခွင့်ရှိစေရန်၊ ပညာရပ်မျိုးကွဲများ ပေါင်းစပ်ဘာသာရပ်များ ချိတ်ဆက်သင်ကြားနိုင်ရန်၊ ပုံမှန်ပညာရေးစနစ်နှင့်ယှဉ်တွဲပြီး မျက်မှောက်ခေတ်ကာလက တောင်းဆိုသည့် ပညာရပ်အထွေထွေ၊ ဘာသာရပ်အဖုံဖုံကို လေ့လာသင်ယူနိုင်သည့် ပညာရေးအဆောက်အအုံကြီးတစ်ခု ဖြစ်ထွန်းလာစေရန် စနစ်တကျ တိုးချဲ့ပြင်ဆင်ဆောင်ရွက်ခဲ့ကြောင်း။

အဓိကအားဖြင့် ပညာရပ်စုံ၊ နယ်ပယ်ကဏ္ဍစုံ၌ဖြန့်ကြက်ပြီး ကြီးမားကျယ်ပြန့်သည့် အရည်အသွေးမြင့်မားသော လူ့စွမ်းအားအရင်းအမြစ်များရရှိဖြစ်ထွန်းလာစေရန်နှင့် အရည်အသွေးမြင့်မားသည့် လေ့လာသင်ယူနိုင်မှု အခွင့်အလမ်းများ နိုင်ငံတကာအဆင့်မီပညာရေးဆိုင်ရာ အခြေခံအဆောက်အအုံများ ဖြစ်ထွန်းလာစေရန် စီမံကြိုးပမ်းဆောင်ရွက်ခဲ့ခြင်းဖြစ်ကြောင်း။

ယင်းသို့ နိုင်ငံတော်အစိုးရက စီမံဖန်တီးပေးလာသည့် ပညာရေးပြုပြင်ပြောင်းလဲမှုဖြစ်စဉ်ကြီးမှာ တက္ကသိုလ်ကောလိပ် ဆရာဆရာမများ၊ အခြေခံပညာဆရာဆရာမများ၊ ပညာရှင်များ၊ ပညာရေးစီမံခန့်ခွဲသူများအပါအဝင် ပညာရေးအဝန်းအဝိုင်းတစ်ခုလုံးနှင့် မိဘပြည်သူတစ်ရပ်လုံး၏ ပူးပေါင်းပါဝင် ကြိုးပမ်းဆောင်ရွက်မှုများကြောင့် မြန်မာ့ပညာရေးလောက၏ အရေအတွက်အရရော အရည်အသွေးအရပါ တိုးတက်ပြောင်းလဲမှုများသည် အံ့မခန်းစရာ အရှိန်အဟုန်ဖြင့် အောင်မြင်ဖြစ်ထွန်းလာခဲ့သည်ကို ယနေ့တွေ့မြင်နေရပြီဖြစ်ကြောင်း။

တိုးပွားဖြစ်ထွန်း

အဆင့်မြင့်ပညာများ၏ တိုးတက်ဖြစ်ထွန်းမှုများကို ကြည့်မည်ဆိုလျှင် ၁၉၈၈ခုနှစ်ကာလက တက္ကသိုလ်၊ကောလိပ်၃၂ခုသာရှိခဲ့ရာက ယခုဆိုလျှင် မြန်မာနိုင်ငံ ရေကြောင်းပညာတက္ကသိုလ်၊ မြန်မာနိုင်ငံလေကြောင်းနှင့်အာကာသပညာတက္ကသိုလ်၊ ကွန်ပျူတာတက္ကသိုလ်၊ ဆေးဘက်ပညာသည်တက္ကသိုလ်၊ ဆေးဝါးကျွမ်းကျင်မှုတက္ကသိုလ်စသည့် ပညာရပ်အထူးပြု တက္ကသိုလ်ကြီးများအပါအဝင် တက္ကသိုလ်ကောလိပ် ၁၅၆ခုအထိ တိုးပွားဖြစ်ထွန်းလာခဲ့ပြီး ဖြစ်ကြောင်း။

ယခင်က ကွန်ပျူတာနည်းပညာနှင့်ပတ်သက်ပြီး ဒီပလိုမာအဆင့်သာရှိခဲ့ရာက ယခုဆိုလျှင် ကွန်ပျူတာတက္ကသိုလ်နှစ်ခုအပြင် ကွန်ပျူတာကောလိပ်များသည် ပြည်နယ်၊တိုင်းအားလုံး၌ ဖြန့်ကြက်တည်ရှိလာခဲ့ပြီဖြစ်ကြောင်း၊ ထို့အပြင် အခြေခံပညာအထက်တန်းကျောင်းအချို့အပါအဝင် တက္ကသိုလ် ကောလိပ်တိုင်း၌ Electronic Learning Centre များ၊ Electronic Information Resource Centre များရှိလာပြီ ဖြစ်သည်သာမက တက္ကသိုလ်ကောလိပ်အားလုံး ချိတ်ဆက်ထားသည့် ကွန်ရက်စနစ် (Network) ရှိလာခဲ့ပြီဖြစ်ကြောင်း။

ပညာရေးအဆောက်အအုံကြီး

ပညာရပ်များ တိုးတက်ဖြစ်ထွန်းမှုအနေဖြင့်လည်း ဘာသာရပ်မျိုးကွဲများ၊ ပေါင်းစပ်ဘာသာရပ်များ၊ ဆင့်ပွားဘာသာရပ်များ တိုးပွားပေါ်ထွန်းလာသည့်အတွက် ပညာရပ်မျိုးကွဲစုံလင်ပြီး အထူးပြုလေ့လာနိုင်သည့် ကြီးမားကျယ်ပြန့်သော ပညာရေးအဆောက်အအုံကြီးတစ်ခု ဖြစ်ထွန်းနေပြီဟု ဆိုရမှာဖြစ်ကြောင်း။

စဉ်ဆက်မပြတ် လေ့လာသင်ယူမှုအနေနှင့် ကြည့်မည်ဆိုလျှင်လည်း တက္ကသိုလ်ကောလိပ်များမှာ ယခင်ခေတ်အခါက မဟာဘွဲ့သာ အမြင့်ဆုံးသင်ကြားပေးနိုင်ခဲ့သော်လည်း ယခုဆိုလျှင် မဟာဘွဲ့၊ မဟာသုတေသနဘွဲ့၊ ပါရဂူဘွဲ့များအထိ သင်ကြားပေးနေသည့်အတွက် ယနေ့ကာလ ဘွဲ့လွန်သင်တန်းတက်ရောက်သူဦးရေသည် ယခင်ခေတ်ကာလ ဘွဲ့ကြိုသင်တန်းတက်ရောက်သူဦးရေထက် များပြားနေပြီဖြစ်ကြောင်း။

ပညာရပ်နယ်ပယ်အသီးသီး၌ သင်ရိုးညွှန်းတမ်းအဆင့်မြှင့်တင်ပေးနိုင်မှု၊ ပါရဂူဘွဲ့ရ၊ မဟာဘွဲ့ရဆရာများ အပါအဝင် အရည်အသွေးမြင့် ဆရာများ

ဖွံ့ဖြိုးဆဲနိုင်ငံများအပေါ် စံနှုန်းမျိုးထား ခွဲခြားဆက်ဆံနေ

ဒီမိုကရေစီရေး၊ လူ့အခွင့်အရေးတို့ တစ်ကမ္ဘာလုံး တစ်ပြေးညီဖြစ်လာစေရမည်ဟု ကြွေးကြော်နေကြသည့် နိုင်ငံကြီးအချို့သည်လည်း ယင်းကြွေးကြော်သံများ၏နောက်ကွယ်၌ မိမိနိုင်ငံ၏ သြဇာအာဏာတည်တံ့ခိုင်မြဲရေး၊ အသာစီးရရှိပြီးဖြစ်သည့် ကာကွယ်ရေးစွမ်းအား၊ စီးပွားရေးစွမ်းအားတို့ ဆက်လက်အသာစီးရရှိရေးနှင့် မိမိနိုင်ငံ၏ယဉ်ကျေးမှုအစဉ်အလာဖြင့် ကမ္ဘာတစ်ဝန်းလုံးကို လွှမ်းမိုးနိုင်ရေးဆိုသည့် အခြေခံများအပေါ်၌သာ ရပ်တည်လှုပ်ရှားနေကြခြင်းဖြစ်သကဲ့သို့ ယင်းရပ်တည်ချက်အရသာ ဖွံ့ဖြိုးဆဲနိုင်ငံများအပေါ် စံနှုန်းမျိုးထား ခွဲခြားဆက်ဆံနေကြသည်ကို တွေ့ကြရမှာဖြစ်။

နိုင်ငံတော်အစိုးရအနေဖြင့် မိမိနိုင်ငံ၊ မိမိလူမျိုးအကျိုးကို မျက်ခြည်ပြတ်မခံဘဲ ရှေ့ဆက်လျှောက်လှမ်းရမည့် နိုင်ငံတော်သစ်ကူးပြောင်းရေးလမ်းစဉ်နှင့်အညီ မဖိုတ်မသုန်ဆက်လက်လျှောက်လှမ်းသွားမှာဖြစ်

ရင်းရင်းနှီးနှီး နှုတ်ဆက်

မြန်မာနိုင်ငံ ပညာရေးကော်မတီ ဥက္ကဋ္ဌ နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီး သိန်းစိန် တက္ကသိုလ်၊ ကောလိပ် ဆရာ ဆရာမများ အထူးမွမ်းမံသင်တန်း အမှတ်စဉ်(၉) သင်တန်းဆင်းပွဲအခမ်းအနားတွင် သင်တန်းသား သင်တန်းသူ ဆရာ ဆရာမများအား ရင်းရင်းနှီးနှီး နှုတ်ဆက်စဉ်။ (သတင်းစဉ်)

တိုးပွားလာမှုများ၊ ခေတ်မီစာတတ်ခွဲခန်းနှင့် လက်တွေ့ခန်းများ၊ Electronic Information Resource Centre များ၊ e-Library များသည် နိုင်ငံတကာအဆင့်မီ ပညာရေးဆိုင်ရာ အခြေခံအဆောက်အအုံများ ဖြစ်ထွန်းလာမှုများကြောင့် အဆင့်မြင့်ပညာကဏ္ဍတစ်ခုလုံး၌ ပညာရည်အရည်အသွေးမြင့်မားမှု အကျိုးရလဒ်ကောင်းများ လွှမ်းခြုံရရှိနေပြီ ဖြစ်ကြောင်း။

ထိုက်ထိုက်တန်တန်အသုံးပြု

ယင်းသို့ ရရှိဖြစ်ထွန်းနေပြီဖြစ်သည့် အခြေခံကောင်း၊ အရည်အသွေးကောင်းများကို ထိုက်ထိုက်တန်တန်အသုံးပြုပြီး ပိုမိုတိုးတက်သည့် အခြေအနေကို ဖန်တီးကြဖို့သည် တက္ကသိုလ် ကောလိပ် ဆရာဆရာမများအတွက် ပညာရပ်ဆိုင်ရာ အခွင့်အလမ်းကောင်းတွေဖြစ်သကဲ့သို့ ပညာရေးဆိုင်ရာ တာဝန်များလည်းဖြစ်သည်ဟု ပြောကြားလိုကြောင်း။

ဆရာ ဆရာမတစ်ဦးချင်း၊ တက္ကသိုလ်ကောလိပ်တစ်ခုချင်း၏ ပညာရပ်ဆိုင်ရာ အရည်အသွေးများ၊ အတွေ့အကြုံများ၊ တီထွင်ကြံဆမှုများ၊ လေ့လာဆန်းစစ်မှုများ၊ သုတေသနပြု ဖော်ထုတ်တွေ့ရှိမှုများကို အပြန်အလှန်မျှဝေပေါင်းစည်းပြီး နိုင်ငံအတွက် ပညာစွမ်းအားသစ်များကို တည်ဆောက်ပေးကြရန် ဆရာ ဆရာမတို့တွင် တာဝန်ရှိကြောင်း။

ဆက်လက်ကြိုးစားအားထုတ်

ရရှိဖြစ်ထွန်းပြီး ပညာရေးပတ်ဝန်းကျင်ကောင်းများကို အနာဂတ်တိုင်တည်တံ့အောင်၊ တိုးပွားမြင့်မားအောင်ဖန်တီးပေးကြရန်လိုအပ်ကြောင်း၊ တစ်ဦးချင်း၏ စွမ်းအားကောင်းများကို အပြန်အလှန်မျှဝေဖြည့်ဆည်းပြီး ညီညွတ်စွာပေါင်းစည်းထားသည့် ပညာရေးစွမ်းအားစုကြီး ဖြစ်လာအောင် ဆက်လက်ကြိုးစားအားထုတ်သွားကြပါဟု ဆရာဆရာမများကို မှာကြားလိုကြောင်း။

မိမိနိုင်ငံ မိမိတည်ဆောက်နေသည့်ကာလတွင် တက္ကသိုလ် ကောလိပ်တိုင်းကနေ နိုင်ငံတော်အတွက် အားထားရမည့်အဖိုးတန် လူ့စွမ်းအားအရင်းအမြစ်များ စဉ်ဆက်မပြတ်ပေါ်ထွန်းနေစေရအောင် ဆက်လက် ကြိုးစားဆောင်ရွက်ပေးကြရန်လည်း တစ်ဆက်တည်း ပြောကြားလိုကြောင်း။

အကျိုးတူချိတ်ဆက်ပူးပေါင်း

နိုင်ငံတကာ သိပ္ပံနှင့်နည်းပညာတိုးတက်ပြောင်းလဲမှုများကို မိမိနိုင်ငံ၊ မိမိလူမျိုး အကျိုးအတွက် ရယူအသုံးချရမှာ ဖြစ်သကဲ့သို့ နိုင်ငံတကာ တက္ကသိုလ်များ၊ ကောလိပ်များနှင့် အကျိုးတူချိတ်ဆက် ပူးပေါင်းပြီး ပညာရပ်ဆိုင်ရာ ဖွံ့ဖြိုးတိုးတက်မှုအတွက် ကြိုးပမ်းလုပ်ဆောင်ကြရမှာ ဖြစ်ကြောင်း။

သို့သော်လည်း မြန်မာ့ယဉ်ကျေးမှု၏ တန်ဖိုး၊ မြန်မာလူမျိုးတို့ အလေးအမြတ်ထားသည့် ဆရာ့ဂုဏ်သိက္ခာ၊ ဆရာ့ကျင့်ဝတ်၊ ဆရာ့တာဝန်တို့ကို ဆက်လက်ထိန်းသိမ်းကျင့်ကြံ အားထုတ်သွားရန် လိုအပ်မှာ ဖြစ်ကြောင်း၊ ယင်းမြန်မာ့ရိုးရာ အလေ့အကျင့်ကောင်း၊ ဓလေ့စရိုက်ကောင်း၊ အစဉ်အလာကောင်းများကို ခေတ်မီနည်းပညာများဖြင့် ယှဉ်တွဲပေါင်းစပ်ပြီး မြန်မာ့လူ့ဘောင်အဖွဲ့အစည်း၏ ဖွံ့ဖြိုးတိုးတက်မှုအတွက် ကြိုးပမ်း ဆောင်ရွက်သွားကြရမှာ ဖြစ်ကြောင်း။

သွေးထိုးလှုံ့ဆော်

သာဓကအနေနှင့်ပြောရလျှင် ယခုအခါတွင် နိုင်ငံတော်ကို ဆန့်ကျင်နေသည့် အဖျက်သမားများနှင့် ကျောင်းသားအမည်ခံထားသည့် နိုင်ငံရေးပွဲစားအချို့သည် အထွေထွေလူထုအုံကြွမှုကြီးဟု အမည်တပ်ထားသည့် ဆူပူသောင်းကျန်းမှုများ ဖြစ်ပေါ်အောင် ပြည်တွင်း ပြည်ပချိတ်ဆက်ပြီး လှုံ့ဆော်ဖန်တီးနေကြကြောင်း၊ ယင်းအဖျက်သမားများသည် အေးချမ်းစွာပညာသင်ကြားမှုနှင့် နိုင်ငံတော်အတွင်း တည်ငြိမ်အေးချမ်းနေမှု ပျက်ပြားအောင် ကျောင်းသူကျောင်းသားလူငယ်များအကြား အဖျက်အမှောင့်လုပ်ငန်းများ သွတ်သွင်းဖန်တီးသည်များ၊ သွေးထိုးလှုံ့ဆော်သည်များ လုပ်ဆောင်နေကြောင်း။

ထို့ကြောင့် ယင်းအဖျက်အမှောင့်လုပ်ရပ်များ၊ သွေးထိုးလှုံ့ဆော်မှုများ၏ ဆိုးညစ်သည့် သရုပ်မှန်ကို မိမိတို့ တပည့်ကျောင်းသူ ကျောင်းသားလူငယ်များ ပညာနှင့်ယှဉ်ပြီး သိမြင် ရှောင်ရှားနိုင်စေရအောင် ကာကွယ်စောင့်ထိန်းပေးကြရန်လိုအပ်ကြောင်း၊ ကျောင်းသူ ကျောင်းသားလူငယ်များ အသိဉာဏ်ရင့်ကျက်အောင်၊ အတွေးအခေါ်ခိုင်မာအောင်၊ ဆင်ခြင်တုံတရား ပြည့်ဝအောင် ပြုစုပျိုးထောင်ပေးခြင်းအားဖြင့် "ဘေးရန်ဆီးကာ" ဆိုသည့် ဆရာ့ကျင့်ဝတ်ကို ကျေပွန်အောင် ဆောင်ရွက်သွားကြပါဟု ပြောကြားလိုကြောင်း။

ယနေ့အချိန်အခါတွင် မိမိတို့ မြန်မာနိုင်ငံအပေါ် ဩဇာလွှမ်းမိုးခြယ်လှယ်ရန်ကြိုးစားလုပ်ဆောင်နေသည့် အင်အားကြီးနိုင်ငံအချို့နှင့် သူတို့၏ လက်ဝေခံ ပြည်တွင်းပြည်ပက အဖျက်သမားအုပ်စုများသည် နိုင်ငံရေး၊ စီးပွားရေး၊ သံတမန်ရေး၊ဝါဒဖြန့်ချိရေးနည်းလမ်းစုံအသုံးပြုပြီး မြန်မာနိုင်ငံအပေါ် ဖိအားပေးအကျပ်ကိုင်မှုများ တိုးမြှင့်နိုင်စေရန် အရှိန်အဟုန်မြှင့်တင်လုပ်ဆောင်လာလျက်ရှိကြောင်း။

မေးမှိန်ပျောက်ဆုံး

တိုင်းရင်းသား ပြည်သူများ၏ စုစည်းညီညွတ်သည့် အပြုသဘောစွမ်းအားကြောင့် နိုင်ငံတော်တည်ငြိမ်အေးချမ်းမှု၊ ဖွံ့ဖြိုးတိုးတက်မှု အခြေခံကောင်းများ တိုးပွားဖြစ်ထွန်းလာသည်နှင့်အမျှ အဖျက်သမားများ၏ အခန်းကဏ္ဍသည် နိုင်ငံတော်အတွင်း မေးမှိန်ပျောက်ဆုံးလာနေပြီ ဖြစ်သည့်အတွက် ယင်းအခြေအနေက ကုစားနိုင်စေရန် အဖျက်အမှောင့်လုပ်ရပ်များကို တိုးမြှင့်လုပ်ဆောင်နေကြခြင်းပင် ဖြစ်ပါကြောင်း။

နိုင်ငံတော်အစိုးရအနေနှင့် နိုင်ငံတကာ မျက်နှာစာမှာ အပြုသဘောဆက်သွယ်ဆက်ဆံမှုများ၊ ကမ္ဘာ့လူသားများအကျိုးအတွက် နိုင်ငံတကာ **လှုပ်ရှားမှုများမှာ ပါဝင်ပူးပေါင်းဆောင်ရွက်မှုများကို အပြည်ပြည်ဆိုင်ရာ** ကျင့်ဝတ်သိက္ခာများနှင့်အညီ ဆက်လက်တိုးမြှင့်ဆောင်ရွက်ရင်း မိမိနိုင်ငံအကျိုး၊ မိမိလူမျိုးအကျိုးကို မျက်ခြည်ပြတ်မခံဘဲ မိမိတို့ ရှေ့ဆက်လျှောက်လှမ်းရမည့် နိုင်ငံတော်သစ် ကူးပြောင်းရေးလမ်းစဉ်နှင့်အညီ မဖိုတ်မသုန် ဆက်လက်လျှောက်လှမ်းသွားမှာပင် ဖြစ်သည်ဟု ပြောကြားလိုကြောင်း။

နိုင်ငံတော်အတွက် တည်ငြိမ်ခိုင်မာသည့် အနာဂတ်ဖြစ်ပေါ်လာရေးမှာ မိမိတို့ပြည်တွင်းမှာပင် အဖြေရှာရမှာဖြစ်ကြောင်း၊ မိမိနိုင်ငံ မိမိလူမျိုး၏ နှစ်ပေါင်းထောင်ချီသည့် ယဉ်ကျေးမှုအစဉ်အလာနှင့်သမိုင်းကြောင်းအခြေခံများ၊ နိုင်ငံတော်၏ ပကတိအနေအထားကပေးလာသည့် အခြေအနေနှင့်အလားအလာများ၊ တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေးနှင့် ပြည်ထောင်စုမပြိုကွဲရေးကို ရေရှည်အာမခံနိုင်မည့် အခြေခံများပေါ်၌ အခိုင်အမာတည်ဆောက်ထားသည့် နိုင်ငံတော်သစ်ကြီးပေါ်ထွန်းလာရေးသည်သာ တစ်ခုတည်းသော အမျိုးသားရေးပန်းတိုင်ဖြစ်သည်ဟု နိုင်ငံတော်အစိုးရက ခံယူထားကြောင်း။

နိုင်ငံတစ်နိုင်ငံအဖို့ မည်သည့်နိုင်ငံရေးစနစ်ကို ကျင့်သုံးသည်ဖြစ်စေ အဓိကအားဖြင့် နိုင်ငံတော်၏ လွတ်လပ်ရေးနှင့်အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲ ရေး၊ နိုင်ငံတော်လုံခြုံရေးနှင့်ကာကွယ်ရေးအတွက် အမျိုးသားကာကွယ်ရေးစွမ်းအား ခေတ်မီတောင့်တင်းရေး၊ အမျိုးသားယဉ်ကျေးမှုနှင့်အမျိုးသားရေးဂုဏ်သိက္ခာထိန်းသိမ်းစောင့်ရှောက်မြှင့်တင်ရေး၊ အမျိုးသားစီးပွားရေးဘဝတောင့်တင်းခိုင်မာရေး၊ နိုင်ငံသူနိုင်ငံသားများ၏ လူမှုရေးဘဝ တိုးတက်မြင့်မားရေးဆိုသည့် အခြေခံများအပေါ်၌သာ မိမိနိုင်ငံ မိမိတည်ဆောက်ကြရတာပင် ဖြစ်ကြောင်း။

စံနှစ်မျိုးထား ခွဲခြားဆက်ဆံ

ဒီမိုကရေစီရေး၊ လူ့အခွင့်အရေးတို့ တစ်ကမ္ဘာလုံး တစ်ပြေးညီ ဖြစ်လာစေရမည်ဟု ကြွေးကြော်နေကြသည့် နိုင်ငံကြီးအချို့သည်လည်း ယင်းကြွေးကြော်သံများ၏ နောက်ကွယ်၌ မိမိနိုင်ငံ၏ဩဇာအာဏာတည်တံ့ခိုင်မြဲရေး၊ အသာစီးရရှိပြီးဖြစ်သည့် ကာကွယ်ရေးစွမ်းအား၊ စီးပွားရေးစွမ်းအားတို့ ဆက်လက်အသာစီးရရှိရေးနှင့် မိမိနိုင်ငံ၏ ယဉ်ကျေးမှုအစဉ်အလာဖြင့် ကမ္ဘာတစ်ဝန်းလုံးကို လွှမ်းခြုံနိုင်ရေးဆိုသည့် အခြေခံများအပေါ်၌သာ ရပ်တည်လှုပ်ရှားနေကြခြင်းဖြစ်သကဲ့သို့ ယင်းရပ်တည်ချက်အရသာ ဖွံ့ဖြိုးဆဲနိုင်ငံများအပေါ် စံနှစ်မျိုးထား ခွဲခြားဆက်ဆံနေကြသည်ကို တွေ့ကြရမှာဖြစ်ကြောင်း။

ရပ်တည်လှုပ်ရှား

အချုပ်အားဖြင့်ကြည့်လျှင် မိမိနိုင်ငံ မိမိလူမျိုး၏အကျိုးစီးပွားကာကွယ်စောင့်ရှောက်မှုကို အခြားသောနိုင်ငံများသို့ ဆန့်ထုတ်တည်ဆောက် နိုင်ဖို့ဆိုသည့် မဟာဗျူဟာအောက်မှာ ရပ်တည်လှုပ်ရှားနေကြခြင်းသာ ဖြစ်ကြောင်း။

ပြည်ထောင်စုမြန်မာနိုင်ငံတော်အနေဖြင့်လည်း လွတ်လပ်သောအချုပ်အခြာ အာဏာပိုင် နိုင်ငံတစ်နိုင်ငံပီပီ မိမိနိုင်ငံ၏ လွတ်လပ်ရေးနှင့်အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေးအတွက် စည်းလုံးညီညွတ်ရေးစွမ်းအား၊ စီးပွားရေးစွမ်းအား၊ နိုင်ငံတော်ကာကွယ်ရေးစွမ်းအား တောင့်တင်းခိုင်မာရေး၊ အမျိုးသားယဉ်ကျေးမှု ထိန်းသိမ်းရေးဆိုသည့် အခြေခံများအပေါ်၌ မိမိနိုင်ငံကို မိမိဆီလျော်ကိုက်ညီသည့် နိုင်ငံရေးစနစ်ဖြင့် တည်ဆောက်နိုင်သည့် အခွင့်အရေးနှင့် အခွင့်အလမ်းရှိရမှာဖြစ်ကြောင်း။

အထူးသဖြင့် မြန်မာနိုင်ငံလို တိုင်းရင်းသားလူမျိုးများ ပေါင်းစည်းယှက်နွယ်နေထိုင်ကြသည့် ပြည်ထောင်စုကြီးအဖို့ ယင်းအခြေခံများအပြင် တိုင်းရင်းသားစည်းလုံးညီညွတ်ရေးနှင့် ပြည်ထောင်စုကြီး အခွန့်ရှည်တည်တံ့ခိုင်မြဲရေးဆိုသည့် အခြေခံပေါ်မှာ မိမိနိုင်ငံမိမိ အခိုင်အမာတည်ဆောက်နိုင်ရန်လိုအပ်ကြောင်း။

ယနေ့ နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီအနေနှင့် ပြည်ထောင်စုမြန်မာနိုင်ငံတော်ကြီးကို အေးချမ်းသာယာပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်သည့် စည်းကမ်းပြည့်ဝသော ဒီမိုကရေစီနိုင်ငံတော်ကြီးအဖြစ် ညင်သာသိမ်မွေ့စွာကူးပြောင်းနိုင်စေရအောင် ကြိုးပမ်းဆောင်ရွက်လျက်ရှိရာတွင် ယင်းသဘောထားခံယူချက်နှင့်အညီ နိုင်ငံတော်တည်ငြိမ်ခိုင်မာရေးအတွက် အဓိကပင်မ မဏ္ဍိုင်ကြီးများဖြစ်သည့် နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေး အခြေခံကောင်းများကို စနစ်တကျကြိုးပမ်းတည်ဆောက်ပေးနေခြင်းဖြစ်ကြောင်း။

တက္ကသိုလ်ကောလိပ် ဆရာ ဆရာမများအနေဖြင့်လည်း ယင်းအခြေခံ သဘောသဘာဝကို နားလည်ခံယူပြီး အမိပြည်ထောင်စုမြန်မာနိုင်ငံတော်ကြီး၏ အနာဂတ်တည်ငြိမ်ခိုင်မာရေးအတွက် ရေရှည်အာမခံနိုင်မည့် နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေး အခြေခံကောင်းများ အခိုင်အမာဖြစ်ထွန်းလာစေရအောင် ပညာရေးစွမ်းအားဖြင့် ပူးပေါင်းပါဝင်ဆောင်ရွက်သွားကြပါဟု တိုက်တွန်းပြောကြားလိုကြောင်း။

နိဂုံးချုပ်အနေဖြင့် ပြောကြားလိုသည်မှာ-

- **ပြည်ထောင်စုမြန်မာနိုင်ငံတော်ကြီးကို လွတ်လပ်သော အချုပ်အခြာအာဏာပိုင် နိုင်ငံတစ်နိုင်ငံပီသစွာ နိုင်ငံတကာဖြင့် ယှဉ်တွဲရပ်တည် နိုင်စေရေးနှင့် ပြည်ထောင်စုကြီး အခွန့်ရှည်တည်တံ့ခိုင်မြဲရေးအတွက် ထိန်းသိမ်းမြှင့်တင်ပေးနိုင်မည့် နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေးအခြေ ခံများ ခိုင်ခိုင်မာမာဖြစ်ထွန်းလာစေရအောင် အမျိုးသားပညာရည်မြင့်မားမှုကို အခြေခံပြီး ကြိုးပမ်းတည်ဆောက်ပေးကြပါ၊**
- **အေးချမ်းသာယာပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်သော စည်းကမ်းပြည့်ဝသည့် ဒီမိုကရေစီနိုင်ငံတော်ကြီးပေါ်ထွန်းလာရေး ကြိုးပမ်းဆောင်ရွက်မှုဖြစ်စဉ်အဆင့်ဆင့် အောင်မြင်စွာအကောင်အထည်ပေါ် ဖြစ်ထွန်းလာစေရအောင် တိုင်းချစ်ပြည်ချစ်စိတ်ဓာတ်၊ ပြည်ထောင်စုစိတ်ဓာတ် ထက်သန်ခိုင်မာစွာဖြင့် ကျရာအခန်းကဏ္ဍက ပူးပေါင်းပါဝင်ဆောင်ရွက်သွားကြပါ**

ဟု တိုက်တွန်းမှာကြားရင်း နိဂုံးချုပ်ကြောင်းဖြင့် ပြောကြားသည်။

ဆုများချီးမြှင့်

ယင်းနောက် မြန်မာနိုင်ငံပညာရေးကော်မတီဥက္ကဋ္ဌ နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန်က သင်တန်းသားစံပြဆုကို သင်တန်းသားအမှတ်(ဒီ-၃၆) နယ်စပ်ဒေသနှင့်တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးနှင့်စည်ပင်သာယာရေးဝန်ကြီးဌာန ပညာရေးနှင့်လေ့ကျင့်ရေးဦးစီးဌာန ပြည်ထောင်စုတိုင်းရင်းသားလူငယ်များ စွမ်းရည်ဖွံ့ဖြိုးရေးဒီဂရီကောလိပ်မှ နည်းပြ ဦးတင်ဦးအားလည်းကောင်း၊ သင်တန်းသူ စံပြဆုကို သင်တန်းသူအမှတ်(ဘီ-၂၂၀)နယ်စပ်ဒေသနှင့်တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးနှင့်စည်ပင်သာယာရေးဝန်ကြီးဌာန ပညာရေးနှင့်လေ့ကျင့်ရေးဦးစီးဌာန ပြည်ထောင်စုတိုင်းရင်းသားလူငယ်များ စွမ်းရည်ဖွံ့ဖြိုးရေးဒီဂရီကောလိပ်မှ နည်းပြ ဒေါ်ဝေဝေထွန်းအားလည်းကောင်း၊ သင်တန်းသားဖွဲ့လုံ့လဆုကို သင်တန်းသားအမှတ်(ဒီ-၆၀) ကျန်းမာရေးဝန်ကြီးဌာန ဆေးသိပ္ပံပညာဦးစီးဌာန ဆေးဘက်ဆိုင်ရာနည်းပညာတက္ကသိုလ်မှ ကထိကဦးသန်းစိုးအားလည်းကောင်း၊ သင်တန်းသူ ဖွဲ့လုံ့လဆုကို သင်တန်းသူ အမှတ်(အေ-၅၉) သမဝါယမဝန်ကြီးဌာန သမဝါယမဦးစီးဌာန ရန်ကုန်သမဝါယမဒီဂရီကောလိပ်မှ လက်ထောက်ကထိက ဒေါ်ခင်ခင်ဦးနှင့် သင်တန်းသူအမှတ်(စီ-၁၁၆)ပညာရေးဝန်ကြီးဌာန အဆင့်မြင့်ပညာဦးစီးဌာန ရန်ကုန်ပညာရေးတက္ကသိုလ်မှ နည်းပြ ဒေါ်ဌေးဌေးမော်တို့အားလည်းကောင်း ဆုများချီးမြှင့်သည်။

ဆက်လက်၍ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန်က စံပြအဆောင်ဆုရရှိသော သင်တန်းသူတပ်ခွဲ(၄) ပင်မအဆောင်(၃)ကိုလည်းကောင်း၊ သင်တန်းဆင်း အောင်လက်မှတ်များကို တပ်ခွဲအလိုက် သင်တန်းခေါင်းဆောင်နှင့် ဒုတိယခေါင်းဆောင်များမှတစ်ဆင့် သင်တန်းသား၊ သင်တန်းသူများအားလည်းကောင်း ပေးအပ်သည်။

ယင်းနောက် သင်တန်းသား၊ သင်တန်းသူများက လောကချမ်းသာ အဘယလာဘမုနိဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးအတွက် လှူဒါန်းငွေ၊ ဗဟိုဝန်ထမ်းတက္ကသိုလ် ကိုးနဝင်းစေတီတော်တိုးချဲ့မွမ်းမံတည်ဆောက်ရေးအတွက် လှူဒါန်းငွေ၊ ပုဂံရှေးဟောင်းဘုရားပုထိုးများ ပြုပြင်မွမ်းမံထိန်းသိမ်းရေးအတွက် လှူဒါန်းငွေ၊ အမျိုးသားညီလာခံကို ဂုဏ်ပြုလှူဒါန်းငွေ၊ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်းအတွက် လှူဒါန်းငွေ၊ ဗဟိုဝန်ထမ်းတက္ကသိုလ် အခြေခံပညာမူလတန်းလွန်ကျောင်းအတွက် လှူဒါန်းငွေ၊ ဖောင်ကြီးအခြေခံပညာအထက်တန်းကျောင်းအတွက် လှူဒါန်းငွေ၊ ဗဟိုဝန်ထမ်းတက္ကသိုလ်မူလတန်းကြိုကျောင်းအတွက် လှူဒါန်းငွေ စုစုပေါင်းငွေကျပ် ၂၅၈၈၃၀တို့ကို ပေးအပ်လှူဒါန်းကြရာ မြန်မာနိုင်ငံပညာရေးကော်မတီဥက္ကဋ္ဌ နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန်က လက်ခံပြီး ဂုဏ်ပြုမှတ်တမ်းလွှာ ပြန်လည်ပေးအပ်ကာ သင်တန်းဆင်းအခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

ရင်းရင်းနှီးနှီးနှုတ်ဆက်

သင်တန်းဆင်းပွဲ အခမ်းအနားအပြီးတွင် အတွင်းရေးမှူး(၁) ဒုတိယ ဗိုလ်ချုပ်ကြီးသိန်းစိန်သည် သင်တန်းသား သင်တန်းသူ၊ ဆရာ ဆရာမများအား ရင်းရင်းနှီးနှီးနှုတ်ဆက်သည်။ **(သတင်းစဉ်)**

အမျိုးဂုဏ်၊ ဇာတိဂုဏ်မြှင့်မည့် စတုတ္ထအကြိမ်စာပေညီလာခံ

ခင်ပြည်ချစ်

ဝသန်မိုးရက်၊ ခက်လက်စိမ်းမြ
ဝါဆိုလသည်၊ ခေါ်မည်ခြိမ့်သဲ
ညီလာပွဲကို၊ ဝှဲချီးကျင်းပ
ခါသမယတည့်။

စာပေညီအစ်ကိုမောင်နှမများ၏ စတုတ္ထအကြိမ်မြောက် စာပေညီလာခံကျင်းပမည့်အချိန်သို့ ရောက်ခဲ့ပြန်ပါပြီ။ မြန်မာတစ်နိုင်ငံလုံး တိုင်းနှင့်ပြည်နယ်(၁၄)ခုမှ စာပေနှင့် စာနယ်ဇင်းသမားကိုယ်စားလှယ်တော်များသည် ၂၀၀၆ ခုနှစ် ဇူလိုင်လ (၁)ရက်၊ (၂)ရက်နေ့များတွင် ကျင်းပမည့် စာပေညီလာခံကြီးတွင် တက်ရောက်လျက်ရှိကြသည်။

ကမ္ဘာပေါ်တွင် မြန်မာတစ်နိုင်ငံတည်းသာ"စာဆိုတော်နေ့"ရှိသည့်အတွက် မြန်မာနိုင်ငံသား စာရေးဆရာအပေါင်းတို့သည် နှစ်ထောင်းအားရ ဂုဏ်ယူဖွယ်ကောင်းလှ၏။

အမှန်တိုးတက်၊ နိုင်ငံတွက်ကို
သီဖွဲ့ဆိုကြ၊ ကလောင်သစို့
ဘဝထိုထို၊ ခြယ်မှုန်းလိုပြန်
စာဆိုဟန်သည်၊ မြန်ပြည်တစ်ဝှမ်း
ပြည့်ဝန်ထမ်း၏။

နိုင်ငံတော်တိုးတက်ရေး တည်ဆောက်ရေးတွင် စာပေသမားတို့၏ အခန်းကဏ္ဍသည် အရေးပါလှ၏။ မိမိတို့၏ ဉာဏ်စွမ်းဖြင့် ကလောင်ထက်စွာ ရေးဖွဲ့သော စာမျိုးစုံတို့သည် ခေတ်အဆက်ဆက် ပြည်သူ့အတွက် အားထုတ်ကြိုးပမ်း တင်ဆက်ခဲ့သည်မှာ ကျောက်ထက်အက္ခရာတင်သည်မှ ယနေ့တိုင်အောင်ပင် ဖြစ်လေသည်။

ကလောင်ရှင်များအား ခေတ်အဆက်ဆက် ဖွဲ့စည်းစုစည်းခဲ့ကြရာတွင် စာပေလုပ်သားအဖွဲ့ကြီးကာလတွင် စာနယ်ဇင်းသမားများစွာ ပြည့်စွမ်းအားအဖြစ် စုစည်းနိုင်ကာ မြန်မာနိုင်ငံစာပေနှင့်စာနယ်ဇင်းအဖွဲ့ကြီး ပေါ်ထွန်းလာသောအခါ တစ်နိုင်ငံလုံး အတိုင်းအတာဖြင့် စည်းရုံးဖွဲ့စည်းလာခဲ့ပါသည်။ ၂၀၀၆ခု ဇွန်လစာရင်းအရ အဖွဲ့ဝင်အင်အား ၇၂၉၇ ယောက်ရှိလာခဲ့ပြီး မြို့နယ်စာပေနှင့် စာနယ်ဇင်းအဖွဲ့ပေါင်း ၁၆၉ ဖွဲ့နှင့် စည်းရုံးရေးကော်မတီငါးခုကိုလည်း မြန်မာနိုင်ငံတစ်လွှား ကျယ်ပြန့်ခိုင်မာစွာ ဖွဲ့စည်းနိုင်ခဲ့ပြီး ဖြစ်ပါသည်။

တစ်ဖန်မျိုးဆက်၊ ပေါ်ထွန်းလျက်မို့
ထက်မြက်ပွင့်လန်း၊ စာပေပန်းများ
တင့်ဆန်းဝင့်ကြွား၊ ပြည့်စွမ်းအားမှာ
မွှေးနံ့ဖြာလျက်
ဖူးပွင့်ဝေဆာ ဉယျာဉ်သာ။

မြန်မာနိုင်ငံစာပေနှင့်စာနယ်ဇင်းအဖွဲ့ကြီးသည် စာရေးဆရာ၊ သတင်းစာဆရာ၊ စာနယ်ဇင်းသမားတို့၏ နိုင်ငံအကျိုးပြု သုတ ရသ စာပေရေးသားပြုစုမှု အတတ်ပညာများကို ဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်လျက်ရှိပါသည်။ စာပေလောကသားအချင်းချင်း စည်းလုံးညီညွတ်မှုခိုင်မာရေးကို ဆောင်ရွက်လျက်ရှိပြီး စာအုပ်စာပေနှင့် စာနယ်ဇင်းလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးတာဝန်နှင့် ဂန္ထဝင်စာပေနှင့်ခေတ်ပြိုင်စာပေများကို စာဖတ်ပရိသတ်လက်သို့ရောက်ရှိရေး ကူညီဆောင်ရွက်ပေးသော တာဝန်ကျေပွန်လျက်ရှိ၏။ စာပေနှင့်စာနယ်ဇင်းလုပ်ငန်းတွင် မဂ္ဂဇင်းစာစောင်၌ ရေးသားသော ကာတွန်းရုပ်ပြဆရာများနှင့် ပုံနှိပ်ထုတ်ဝေသူများ၏ လုပ်ငန်းများတွင်လည်း ကူညီဆောင်ရွက်ပေးလျက်ရှိရာ စာနယ်ဇင်းသမားတို့၏ ပွင့်လန်းရှင်သန်ရာ ဉယျာဉ်ကြီးသဖွယ် ဖြစ်ပါသည်။

စာနယ်ဇင်းသမားများသည် ပြည်သူများအသိအမြင် အတွေးအခေါ် ကျယ်ပြန့်ရေးအတွက် ပြုစုလေ့လာရေးသားကြလျက်ရှိပြီး သုတရသ စာပေဖွံ့ဖြိုးတိုးတက်ရေးနှင့် အမျိုးသားယဉ်ကျေးမှုထိန်းသိမ်းစောင့်ရှောက်ရေးလုပ်ငန်း၌ ပါဝင်ဆောင်ရွက်လျက်ရှိကြသည်။

အမျိုးသားစည်းလုံးညီညွတ်ရေးကို အထောက်အကူဖြစ်စေကာ မိမိနိုင်ငံနှင့်လူမျိုးအဓွန့်ရှည်တည်တံ့ရေး၊ နိုင်ငံတော်၏အဖျက်ရန်မှန်သမျှ ကာကွယ်တားဆီးနိုင်ရေး စာပေစွမ်းအားဖြင့်ပါဝင်လျက်ရှိ၏။ စာပေဖွံ့ဖြိုးရေးကို ဖြစ်ထွန်းစေမည့် စာပေဟောပြောပွဲများ၊ စာပေဆိုင်ရာ စာတမ်းဖတ်ပွဲများ၊ စာပေသင်တန်းများကိုလည်း အခါအားလျော်စွာ ပြုလုပ်လျက်ရှိ၏။ ထို့ကြောင့်လည်း အမျိုးသားစာပေဆု၊ စာပေဗိမာန်စာမူဆုများ ချီးမြှင့်ပေးရုံမက ပခုက္ကူဦးအုံးဖေစာပေဆု၊ ဆရာဝန်တင်ရွှေစာပေဆုကဲ့သို့ ဆုအသီးသီးလည်း နိုင်ငံတော်မှ စာပေဖွံ့ဖြိုးရေးကို အလေးပေးကာ မြှင့်တင်ပေးလျက် ရှိပါသည်။

မြန်မာစာပေနှင့် နိုင်ငံတကာစာပေတို့ ပေါင်းကူးဆက်စပ်၍ စာဖတ်သူများအတွက် ရေးသားပြုစုဆောင်ရွက်ခြင်း၊ မူပိုင်ခွင့်ဆိုင်ရာ အလုပ်ရုံဆွေးနွေးပွဲများ၊ နိုင်ငံတကာ စာပေပညာရှင်များ အချင်းချင်း တွေ့ဆုံနှီးနှောဖလှယ်ခြင်း၊ စာပေပညာရှင်များအား လေ့လာရေးခရီးများစေလွှတ်ပေးခြင်း၊ စာပေလောကသားများ၏ အခွင့်အရေးများကိုလည်း တည်ဆဲဥပဒေများဖြင့် ကာကွယ်စောင့်ရှောက်ပေးနေသည့်အပြင် စာပေလောကသားတို့၏ သာရေး၊ နာရေးကိစ္စများတွင်လည်း ကူညီထောက်ပံ့ပေးလျက်ရှိပါသည်။ စာပုံနှိပ်တိုက် လုပ်ငန်း၊ စာအုပ်ဆိုင် လုပ်ငန်းနှင့် ထုတ်ဝေဖြန့်ချိရေးလုပ်ငန်းများကိုလည်း မိမိအဖွဲ့၏ရည်ရွယ် ချက်နှင့် လုပ်ငန်းစဉ်များ အောင်မြင်စေရေး ဆောင်ရွက်ပေးလျက် ရှိပါသည်။

စတုတ္ထအကြိမ် စာပေညီလာခံကျင်းပရေး ဗဟိုကော်မတီသည် နိုင်ငံတော်၏ မူဝါဒများနှင့်အညီ ပြန်ကြားရေးဝန်ကြီးဌာန၏ ဦးဆောင်လမ်းညွှန်မှုဖြင့် ဌာနဆိုင်ရာအသီးသီး၏ ပံ့ပိုးကူညီမှု၊ ပူးပေါင်းဆောင်ရွက်မှုတို့ကို ရယူလျက် ဖွဲ့စည်းပုံအခြေခံစည်းမျဉ်း လုပ်ထုံးလုပ်နည်းများနှင့်အညီ စာပေညီလာခံ အောင်မြင်စွာ ကျင်းပနိုင်ရေးအတွက် နာယကအဖွဲ့၊ ကျင်းပရေးဗဟိုကော်မတီနှင့် လုပ်ငန်းကော်မတီများဖွဲ့ကာ လုပ်ငန်းစဉ်များကို ဆောင်ရွက်လျက်ရှိပါသည်။

စတုတ္ထအကြိမ် စာပေညီလာခံ သက်တမ်းကာလအတွက် ရွေးချယ်တင်မြှောက်ပွဲကိုပါ တစ်ပါတည်း ကျင်းပသွားမည်ဖြစ်သည့်အတွက် ရွေးချယ်တင်မြှောက်ပွဲ ကြီးကြပ်ရေးကော်မရှင်သည် သင့်လျော်သူများဖြင့် သီးခြားဖွဲ့စည်းကာ ကြီးကြပ်ဆောင်ရွက်သွားမည် ဖြစ်ပါသည်။

စာနယ်ဇင်းသမားများသည် ပြည်သူများ အသိအမြင်အတွေးအခေါ် ကျယ်ပြန့်ရေး အတွက် ပြုစုလေ့လာရေးသားကြလျက်ရှိပြီး သုတရသစာပေ ဖွံ့ဖြိုးတိုးတက်ရေးနှင့် အမျိုးသားယဉ်ကျေးမှု ထိန်းသိမ်းစောင့်ရှောက်ရေးလုပ်ငန်း၌ ပါဝင်ဆောင်ရွက်။

မြန်မာနိုင်ငံ စာပေနှင့် စာနယ်ဇင်းအဖွဲ့
စတုတ္ထအကြိမ်ညီလာခံ ၂၀၀၆ ခုနှစ်
ဇူလိုင်လ (၁)ရက်မှ (၂)ရက်
ပြည်ထောင်စုခန်းမ၊ ကျိုက္ကဆံကွင်း
ရန်ကုန်မြို့

အလျှံပြိုးပြက်၊ ရွှေရောင်လက်သို့
တက်လှမ်းစို့ပြင်၊ စာသဘင်၏
ချစ်ခင်ပေါင်းစု၊ တည်ပြုဖွဲ့စည်း
ကလောင်ကြီးငယ်၊ အရွယ်အလတ်
နယ်အရပ်ရပ်မှ၊ ပေါင်းစပ်ဖလှယ်ရာ
ကျိုက္ကဆံမဟာရွှေညီလာ။

မြန်မာနိုင်ငံ စာပေနှင့်စာနယ်ဇင်းအဖွဲ့ကြီးသည် စာနယ်ဇင်းသမားများ အားထားရာ အဖွဲ့အစည်းကြီးဖြစ်သည့်အားလျော်စွာ စာနယ်ဇင်းသမားတို့၏ စုစည်းညီညွတ်မှုစွမ်းအားဖြင့် စည်းရုံးဖွဲ့စည်းထားပြီး အခြားသော ညီနောင်သားချင်း အဖွဲ့အစည်းများဖြစ်သည့် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း၊ မြန်မာနိုင်ငံအမျိုးသမီးရေးရာအဖွဲ့ချုပ်၊ မြန်မာနိုင်ငံ မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်း၊ မြန်မာနိုင်ငံကြက်ခြေနီအသင်း၊ မြန်မာနိုင်ငံ ရုပ်ရှင်အစည်းအရုံး၊ မြန်မာနိုင်ငံ ဂီတအစည်းအရုံး၊ မြန်မာနိုင်ငံ ရိုးရာပန်းပညာရှင်များအစည်းအရုံး စသော အဖွဲ့အစည်းအသီးသီးနှင့်လည်း စည်းလုံးညီညွတ်စွာ ပူးပေါင်းဆောင်ရွက်ခြင်း၊ ညှိနှိုင်းခြင်း၊ အတွေးအမြင် ဖလှယ်ခြင်းတို့ကြောင့် ထူးခြားသောရလဒ်အဖြစ် အောင်မြင်လျက်ရှိကြောင်း တွေ့ရသည်။

နိုင်ငံတော်က ချမှတ်ထားသော နိုင်ငံတော်ရှေ့ဆက်သွားမည့် မူဝါဒလမ်းစဉ်(၇)ရပ် အောင်မြင်ရေး၊ အမျိုးသားညီလာခံကြီး အောင်မြင်စွာကျင်းပဆောင်ရွက်နိုင်ရေးတို့အတွက် မိမိတို့၏ဉာဏ်စွမ်း၊ ကလောင်စွမ်းဖြင့် နိုင်ငံတော်သစ်တည်ဆောက်ရာတွင် စာပေမျက်နှာစာမှ ပါဝင် နေသည်ဖြစ်ရာ **"အမျိုး၏ဂုဏ်၊ ဇာတိဂုဏ်၊ စာပေဂုဏ်ကို မြှင့်တင်မည်"** ဆိုသည့် မြန်မာနိုင်ငံ စာပေနှင့်စာနယ်ဇင်းအဖွဲ့၏ ဆောင်ပုဒ်အတိုင်း နိုင်ငံတော်နှင့် ပြည်သူ့အကျိုးကို ကျေပွန်စွာ ထမ်းဆောင်လျက်ရှိနေပါကြောင်းတင်ပြရင်း စတုတ္ထအကြိမ် စာပေညီလာခံကြီးအား ဂုဏ်ပြုလိုက်ရပါသည်။ ။

စတုတ္ထအကြိမ်ညီလာခံတက်ရောက်ရန် ကိုယ်စားလှယ်များနှင့်လေ့လာသူများရောက်ရှိ

ရန်ကုန် ဇွန် ၃၀

မြန်မာနိုင်ငံစာပေနှင့်စာနယ်ဇင်းအဖွဲ့ စတုတ္ထအကြိမ်ညီလာခံ တက်ရောက်ရန် ပြည်နယ်နှင့်တိုင်းများမှ ကိုယ်စားလှယ်များနှင့် လေ့လာသူများသည် ယနေ့တွင် ရန်ကုန်မြို့သို့ လေကြောင်းခရီးဖြင့်လည်းကောင်း၊ မြန်မာ့မီးရထားဖြင့်လည်းကောင်း၊ မော်တော်ယာဉ်ဖြင့်လည်းကောင်း၊ ရေယာဉ်ဖြင့်လည်းကောင်း ရန်ကုန်မြို့သို့ရောက်ရှိလာကြရာ မြန်မာနိုင်ငံစာပေနှင့် စာနယ်ဇင်းအဖွဲ့ စတုတ္ထညီလာခံကျင်းပရေး ကြိုဆိုနေရာချထားရေးလုပ်ငန်းကော်မတီမှ တာဝန်ရှိသူများက ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်၊ ရန်ကုန်ဘူတာကြီး၊ အဝေးပြေးမော်တော်ယာဉ်ဂိတ်များနှင့် ရန်ကုန်ဆိပ်ကမ်းတို့၌ ကြိုဆိုကြပြီး ကျိုက္ကဆံကွင်းရှိ တည်းခိုဆောင်များသို့ ပို့ဆောင်နေရာချထားပေးကြသည်။ **(သတင်းစဉ်)**

မြန်မာ့ရုပ်မြင်သံကြား

၁၃၆၈ ခုနှစ်၊ ဝါဆိုလဆန်း ၇ ရက်၊ (အဖိတ်နေ့)
၁-၇-၂၀၀၆ရက် (စနေနေ့)

နံနက်ပိုင်း

၇:၀၀	၁။	ကျေးဇူးရှင်မင်းကွန်း ဆရာတော်ကြီး နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ အကျိုးတော်ဆောင်ချုပ် အဘိဓဇမဟာရဋ္ဌဂုရု အဘိဓဇအဂ္ဂမဟာ သဒ္ဓမ္မဇောတိက တိပိဋကဓရ ဓမ္မဘဏ္ဍာဂါရိက ဆရာတော် ဘဒ္ဒန္တ ဝိစိတ္တသာရာဘိဝံသ၏ ပရိတ်တရားတော်
၇:၂၅	၂။	ကျန်းမာဖို့ အတူကစားစို့
၇:၃၀	၃။	နံနက်ခင်းသတင်း
၇:၄၀	၄။	သံသာချိုအေး မင်္ဂလာတေး
၇:၅၀	၅။	အတီးပြိုင်ပွဲ
၈:၁၀	၆။	မြန်မာအမျိုးသမီးများနေ့ ဂုဏ်ပြုအစီအစဉ်
၈:၂၀	၇။	ဘော်ဘင်ရေလှောင်တမံ
၈:၃၀	၈။	International News
၈:၄၅	၉။	Grammar made Easy

နေ့လယ်ပိုင်း

၁၁:၀၀	၁။	စစ်သည်တေး
၁၁:၁၅	၂။	တေးဂီတအစီအစဉ်
၁၁:၃၀	၃။	ပြည်တွင်းသတင်း
၁၁:၄၀	၄။	ချစ်စရာ့အရွယ်ကစားကြမယ်
၁၂:၁၅	၅။	တစ်ပတ်အတွင်း ရုပ်မြင်သံကြား ပြည်တွင်းသတင်းစဉ်
၁၂:၃၅	၆။	နိုင်ငံခြားကာတွန်း ဇာတ်လမ်းတွဲ "Doraemon"
၁၂:၄၅	၇။	နိုင်ငံခြားဇာတ်လမ်းတွဲ **"ဆည်းဆာ"** (အပိုင်း-၅)
၁၃:၂၀	၈။	ကြားမြင်သုတပြည့်ဝစေရာ စာပဒေသာ
၁၃:၃၀	၉။	"စက်မှုဖွံ့ဖြိုး ဒို့တိုင်းပြည်အကျိုး" ဖြိုးငွေစိုး၊ မိုးဒီ၊ စောနိုင်(ရှမ်းပြည်)၊ သဇင်၊ နှင်းဆီ၊ ခင်မို့မို့အေး (ဒါရိုက်တာ-တင်အောင်ရွှေ-သုတေသီ)
၁၃:၅၅	၁၀။	အဆိုပြိုင်ပွဲ
၁၄:၀၀	၁၁။	ပြည်ထောင်စု တိုင်းရင်းသားရိုးရာအက
၁၄:၂၀	၁၂။	**"ပြေးပြေးလွှားလွှား သွားသွားလာလာ"** မောင်မောင်မြင့်၊ မအေးမြင့်၊ စိန်ဂွက်ထော်၊ မောင်မောင်မျိုးသန့် (ဒါရိုက်တာ- မောင်မောင်မြင့်)
၁၄:၃၀	၁၃။	ယာကြီးရေထိန်းတမံ
၁၄:၄၅	၁၄။	International News
၁၅:၀၀	၁၅။	အစီအစဉ်ပြီး၏။

ညပိုင်း

၁၆:၀၀	၁။	စစ်ချီတေး၊ စစ်သည်တေး
၁၆:၁၅	၂။	မျိုးချစ်စိတ်ဓာတ်ရှင်သန် ထက်မြက်ရေးတေးများ
၁၆:၃၀	၃။	အဝေးသင်တက္ကသိုလ် ပညာရေးရုပ်မြင်သံကြား သင်ခန်းစာ ဒုတိယနှစ် (သင်္ချာအထူးပြု) [သင်္ချာ]
၁၆:၄၅	၄။	တေးဂီတအစီအစဉ်
၁၇:၀၀	၅။	အတီးပြိုင်ပွဲ
၁၇:၁၅	၆။	မြန်မာ့ခြင်းလုံး
၁၇:၂၅	၇။	ချစ်စရာ့အရွယ်ကစားကြမယ်
၁၇:၅၀	၈။	အပြည်ပြည်ဆိုင်ရာ သမဝါယမနေ့တေးများ
၁၈:၀၀	၉။	ညနေခင်းသတင်း
၁၈:၃၀	၁၀။	မိုးလေဝသအခြေအနေ
၁၈:၃၅	၁၁။	Discovery
၁၈:၄၅	၁၂။	မြန်မာအမျိုးသမီးများနေ့ ဂုဏ်ပြုအစီအစဉ်
၁၉:၀၀	၁၃။	စွမ်းဆောင်ရည်မြင့်မားမြန်မာ အမျိုးသမီးများ(အပိုင်း-၁)
၁၉:၁၀	၁၄။	နိုင်ငံခြားဇာတ်လမ်းတွဲ **"ဖြူစင်မေတ္တာ"** (အပိုင်း-၉)
၂၀:၀၀	၁၅။	ပြည်တွင်းသတင်း
	၁၆။	နိုင်ငံတကာသတင်းများ
	၁၇။	မိုးလေဝသအခြေအနေ
	၁၈။	မြန်မာရုပ်ရှင် **"အမေ့နို့ဖိုး"** (အပိုင်း-၁) ကျော်သူ၊ မင်းမော်ကွန်း၊ ဇော်ဦး၊ ထွန်းအိန္ဒြာဗို၊ ချိုပြုံး၊ ဆုပန်ထွာ (ဒါရိုက်တာ-ကျော်သူ)
	၁၉။	နောက်တစ်နေ့အစီအစဉ်
	၂၀။	အစီအစဉ်ပြီး၏။

■ ကျောဖုံးမှ

အဆိုပါ အခမ်းအနားသို့ ပြန်ကြားရေးဝန်ကြီးဌာန ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးချစ်နိုင်နှင့် ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ ရန်ကုန်တိုင်းအေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး၊ ခရိုင်နှင့်မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌများ၊ လူမှုရေးအသင်းအဖွဲ့ဝင်များ၊ အလှူရှင်များနှင့် အထူးဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

ရှေးဦးစွာ ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်လှဋ္ဌေးဝင်းက အမှာစကားပြောကြားရာတွင် ယခုကျင်းပသည့် အခမ်းအနားသည် ရန်ကုန်တိုင်း၊ တိုင်းလုံးကျွတ် ကျေးရွာကိုယ့်အားကိုယ်ကိုးစာကြည့်တိုက်များ ဖွင့်လှစ်ပြီးစီးခြင်း အထိမ်းအမှတ်နှင့် ငွေပဒေသာပင်၊ စာအုပ်စာစောင်များ၊ လူထုဆက်သွယ်ရေးပစ္စည်းများ လှူဒါန်းပွဲဖြစ်ကြောင်း။

လမ်းညွှန်မှာကြား

အေးချမ်းသာယာပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်သည့် စည်းကမ်းပြည့်ဝသည့် ဒီမိုကရေစီနိုင်ငံတော်ကြီးတည်ဆောက်ရာတွင် အခြေခံလိုအပ်ချက် သုံးချက်ရှိကြောင်း၊ ယင်းအချက်များသည်လည်း နိုင်ငံတော်အကြီးအကဲက လမ်းညွှန်မှာကြားခဲ့ခြင်းဖြစ်ကြောင်း၊ ပထမအချက်က နိုင်ငံတည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေ စိုးမိုးဖြစ်ထွန်းရေးဖြစ်ကြောင်း၊ ဒုတိယအချက်က အမျိုးသားစီးပွားရေး ဘဝခိုင်မာတောင့်တင်းရေးဖြစ်ကြောင်း၊ တတိယအချက်မှာ နိုင်ငံတော်၏ လူ့စွမ်းအားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်ရေး၊ ပြည်သူများ၏ ပညာရည်မြင့်မားရေးဖြစ်ကြောင်း။

နိုင်ငံတော်အတွင်းမှာရှိသည့်ကျေးလက်ပြည်သူများအပါအဝင် လူတန်းစားအားလုံးတို့အနေဖြင့် အသိပညာ၊ ဗဟုသုတပြည့်ဝရန်နှင့် အတွေးအခေါ်မှန်ကန်ရန် အထူးလိုအပ်ကြောင်း၊ ထို့ကြောင့် ပြည်သူများ အတွေးအခေါ်မှန်ကန်ရန်နှင့် အသိပညာဗဟုသုတရရှိရန်အတွက် နိုင်ငံတော်အကြီးအကဲက အမြော်အမြင်ကြီးမားစွာဖြင့် ကျေးရွာတိုင်း၌ ကိုယ့်အားကိုယ်ကိုး စာကြည့်တိုက်များကို မဖြစ်မနေ ဖွင့်လှစ်ဆောင်ရွက်ကြရန် လမ်းညွှန်ခဲ့ခြင်းဖြစ်ကြောင်း၊ လူသားအရင်းအမြစ်၊ လူသားစွမ်းရည် ဖွံ့ဖြိုးတိုးတက်ရေးအတွက် အထောက်အကူဖြစ်စေရန် အသံတိတ် စာသင်ကျောင်းဟုခေါ်သည့် စာကြည့်တိုက်များဖွင့်လှစ်ရန် လိုအပ်လာခြင်းဖြစ်ကြောင်း။

စာကြည့်တိုက်ဆိုသည်မှာ စာအုပ်နှင့်ပြည်သူ ဆက်သွယ်ပေါင်းကူးပေးသည့်ဌာန၊ အသိဉာဏ်ပညာ ထုတ်လုပ်ရာ အလုပ်ရုံ၊ ဘဝတစ်သက်တာ စာဖတ်ခန်း၊ လူထုတက္ကသိုလ်၊ နိုင်ငံတော်၏ ဦးနှောက်၊အသည်းနှလုံးစသည်ဖြင့် အမျိုးမျိုးခေါ်ဆိုကြကြောင်း၊ ပညာပြည့်ဝနှလုံးလှစေရန် တာဝန်ရှိသူများအားလုံးက စာကြည့်တိုက်လုပ်ငန်းများ အစဉ်ရှင်သန်ဖွံ့ဖြိုးတိုးတက်ရေးကို စေတနာရှေ့ထား ဆောင်ရွက်ကြရမည်ဖြစ်ကြောင်း။

ပညာရှင်ကြီးများ၏ အဆိုအရ နိုင်ငံတစ်နိုင်ငံ၏ ဖွံ့ဖြိုးတိုးတက်မှုအခြေအနေကိုသိရှိလိုလျှင် ယင်းနိုင်ငံ၌ရှိသည့် စာကြည့်တိုက်အသုံးပြုမှုကို လေ့လာရုံမျှဖြင့် သိရှိနိုင်သည်ဟု ဆိုကြောင်း၊ ယင်းမှာ အသိပညာ၊ ဗဟုသုတရှာမှီးရန် ပြည့်စုံသည့် နိုင်ငံသည် မဖွံ့ဖြိုး၊ မတိုးတက်စရာ အကြောင်းမရှိကြောင်းကို ဆိုခြင်းပင်ဖြစ်ကြောင်း။

ထူထောင်လျက်ရှိ

မြန်မာနိုင်ငံလူဦးရေ၏ ၇၀ ရာခိုင်နှုန်းသည် ကျေးလက်တွင် နေထိုင်ကြကြောင်း၊ ယနေ့အချိန်အခါတွင် နိုင်ငံတော်အကြီးအကဲ၏ လမ်းညွှန်ချက်နှင့်အညီ ကျေးရွာပြည်သူများ အသိပညာ၊ ဗဟုသုတတိုးပွားရေးအတွက် ကျေးရွာကိုယ့်အားကိုယ်ကိုး စာကြည့်တိုက်များကို ထူထောင်လျက်ရှိကြောင်း။

ယနေ့ ရန်ကုန်တိုင်း၌ တိုင်းလုံးကျွတ် ကျေးရွာ ကိုယ့်အားကိုယ်ကိုး စာကြည့်တိုက်ပေါင်း ၂၀၅၆ ခု ဖွင့်လှစ်ပြီးဖြစ်ကြောင်း၊ ဤစာကြည့်တိုက်များ ရေရှည်တည်တံ့ဖွံ့ဖြိုးရေးအတွက် ဆက်လက် ဆောင်ရွက်ရမည်ဖြစ်ကြောင်း၊ ဆက်လက်ဆောင်ရွက်ရန်မှာ အချက်ငါးချက်ရှိကြောင်း၊ ပထမဆုံး ကျေးရွာပြည်သူများ စာအုပ်စာစောင်အမြဲမပြတ် ဖတ်ရှုလေ့လာနိုင်အောင် ဆက်လက်စည်းရုံး ဆောင်ရွက်ရေး၊ ဒုတိယအချက်က စာအုပ်စာစောင်များ လစဉ် တိုးပွားအောင် ဆောင်ရွက်ရေး၊ စာအုပ်စာစောင် လစဉ်တိုးပွားအောင် ဆောင်ရွက်ရာတွင် စာအုပ်အလှူခံသည့်နည်းဖြင့် ဝယ်သည့်နည်းနှစ်ခုရှိကြောင်း၊ ဝယ်ရန်အတွက် ရန်ပုံငွေရရန် စေတနာရှင်များထံမှ ငွေအလှူခံခြင်းနှင့် စာအုပ်ငှားရာတွင် သင့်လျော်သည့် စနစ်ချမှတ်ပြီး ဆောင်ရွက်ခြင်းဖြစ်ကြောင်း၊ တတိယအချက်က စိတ်အေးချမ်းသာစွာ စာဖတ်နိုင်အောင် စာကြည့်တိုက် အဆောက်အအုံ ထူထောင်သင့်ကြောင်း၊ စတုတ္ထအချက်က စာကြည့်တိုက် ပရိဘောဂများ ပိုမိုပြည့်စုံလာအောင် ဆက်လက်ထူထောင်သင့်ကြောင်း၊ ပဉ္စမအချက်အနေဖြင့် ဝါသနာပါပြီး ယုံကြည်စိတ်ချရသည့် စာကြည့်တိုက်မှူးကောင်း ရှိလာအောင် လေ့ကျင့် ပျိုးထောင်ပေးရမည်ဖြစ်ကြောင်း၊ ဥပမာအားဖြင့် ကော့မှူးမြို့နယ် ကျိုက်ထော်ရွာက **"အမေ့ရွာ စာပျိုးခင်း"** ဆိုသည့် စာကြည့်တိုက်သည် ဤသို့ နည်းစနစ်များဖြင့် ထူထောင်ထား၍ ရှင်သန်ဖွံ့ဖြိုးနေခြင်းကို တွေ့မြင်ခဲ့ရကြောင်း။

ကျေးရွာအေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီများအနေဖြင့်ကျေးရွာစာကြည့်တိုက်များ၏ တိုးတက်ဖွံ့ဖြိုးမှုအခြေအနေကို အကဲခတ်သုံးသပ်ပြီး ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနနှင့် ပေါင်းစပ်ပံ့ပိုး ဆောင်ရွက်ရမည်ဖြစ်ကြောင်း၊ ပွဲပြီး မီးသေမဟုတ်ဘဲ အချိန်နှင့်တစ်ပြေးညီ တရိပ်ရိပ်ဖွံ့ဖြိုးတိုးတက်နေအောင် ပံ့ပိုးဆောင်ရွက်သွားမည်ဖြစ်ကြောင်း။

ခံယူဆောင်ရွက်

နိုင်ငံတိုးတက်ရေးတွင် မရှိမဖြစ်သည့် ပြည်သူများ အသိပညာ ဖွံ့ဖြိုးရေးဆိုသော လူသားအရင်းအမြစ် ဖွံ့ဖြိုးရေး လုပ်ငန်းကြီးဖြစ်သည့်အတွက် တာဝန်တစ်ရပ်အနေဖြင့် ခံယူဆောင်ရွက်သွားကြရန် ခရိုင်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီများ၊ မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီများကိုလည်း မှာကြားလိုကြောင်း။

(၂၁)ရာစုကာလသည် ပညာထွန်းကားသည့် ကာလဖြစ်သည့်အတွက် အသိပညာ၊ အတတ်ပညာနှင့် နည်းပညာရပ်ဆိုင်ရာများ အစွမ်းကုန်ထွန်းကားဖြစ်ပေါ်လာနေသည်ကို တွေ့ကြရမည်ဖြစ်ကြောင်း၊ နောင်အနာဂတ်ကမ္ဘာ့အသီးသီးတွင် ပညာနှင့် နည်းပညာများဖွံ့ဖြိုးမှု နိမ့်ကျပါက နိုင်ငံနှင့်လူမျိုးဖွံ့ဖြိုးမှု နိမ့်ကျမည်ဖြစ်ကြောင်း။

ထို့ကြောင့် ပါရမီဖြည့်သူ စေတနာရှင်၊ အလှူရှင်များ၏ စေတနာကို အလေးထားအသိအမှတ်ပြုပါကြောင်းနှင့်ခရိုင်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီများ၊ မြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီများက စာကြည့်တိုက်များ ရှင်သန်ဖွံ့ဖြိုးရေးကို ကူညီစောင့်ရှောက်ကြရန် လိုကြောင်းဖြင့် ပြောကြားသွားသည်။

ထို့နောက် ပြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်းက အမှာစကားပြောကြားရာတွင် ယနေ့ကျင်းပသည့်အခမ်းအနားသည် ရန်ကုန်တိုင်းအတွင်းရှိ ကျေးရွာအားလုံး ကိုယ့်အားကိုယ်ကိုး စာကြည့်တိုက်များ တိုင်းလုံးကျွတ် ဖွင့်လှစ်ပြီးစီးခြင်း အောင်ပွဲ အခမ်းအနားဖြစ်ကြောင်း၊ ထို့ကြောင့် နိုင်ငံတော်အတွက်လည်းကောင်း၊ ရန်ကုန်တိုင်းအတွက်လည်းကောင်း၊ ကျေးလက်ပြည်သူများအတွက်လည်းကောင်း၊ မင်္ဂလာအပေါင်းနှင့် ပြည့်စုံသည့် အခမ်းအနားဖြစ်ကြောင်း၊ ထိုကဲ့သို့ တိုင်းလုံးကျွတ် စာကြည့်တိုက်များ ဖွင့်လှစ်နိုင်ရန် ဝိုင်းဝန်းကြိုးပမ်းဆောင်ရွက်ခဲ့ကြသည့် တိုင်းမှူးနှင့် တာဝန်ရှိပုဂ္ဂိုလ်များ၊ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းဝင်များ၊ စေတနာရှင်၊ အလှူရှင်

ပြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်း ကျေးရွာကိုယ့်အားကိုယ်ကိုးစာကြည့်တိုက်များအတွက် အလှူရှင်တစ်ဦး၏ လှူဒါန်းငွေများကို လက်ခံစဉ်။ (သတင်းစဉ်)

များကိုလည်း ကျေးလက်ပြည်သူများကိုယ်စား၊ မိမိတို့ဝန်ကြီးဌာနကိုယ်စား အထူးကျေးဇူးတင်ရှိပါကြောင်း။

ပညာရည်မြင့်မားရေး

ယနေ့ခေတ်သည် ပညာခေတ်ဖြစ်ရာ လူ့ဘောင်အဖွဲ့အစည်း၏ လုပ်ငန်းကိစ္စအဝဝဖြစ်သည့် ကုန်ထုတ်လုပ်ရေး၊ ပညာရေး၊ ကျန်းမာရေးတို့တွင် နည်းပညာများ အသုံးပြု၍ ဆောင်ရွက်နေကြကြောင်း၊ အနာဂတ်တွင်လည်း မိမိတို့နိုင်ငံ ဖွံ့ဖြိုးတိုးတက်ရေးအတွက် တိုးမြှင့်ဆောင်ရွက်သွားကြရမည်ဖြစ်ကြောင်း၊ ထိုကဲ့သို့ ပညာဖြင့် အရာရာကို စေစားနိုင်သည့် အချိန်အခါတွင် မိမိတို့နိုင်ငံအနေဖြင့် အခြားနိုင်ငံများနှင့် ရင်ပေါင်တန်းပြီး မလိုက်နိုင်ပါက နစ်နာဆုံးရှုံးမှုများစွာ တွေ့ကြုံရမည်ဖြစ်ကြောင်း၊ ယခုအခါ မိမိတို့နိုင်ငံ၏ အမျိုးသားပညာရည်မြင့်မားရေးအတွက် အနှစ် ၃၀ နှစ်ရှည် စီမံကိန်းကို ချမှတ်ဆောင်ရွက်ကာ ပညာရည်မြင့်မားရေးကို အလေးထား ဆောင်ရွက်နေခြင်းဖြစ်ကြောင်း။

နိုင်ငံတော်အကြီးအကဲက မြန်မာ့လူ့ဘောင်ကို အစဉ်အမြဲ သင်ယူလေ့လာနေသော လူ့ဘောင်ဖြစ်စေရန် လမ်းညွှန်မှာကြားခဲ့ကြောင်း၊နိုင်ငံတော်အကြီးအကဲ၏ လမ်းညွှန် စီမံပေးမှုကြောင့် လူငယ်လူရွယ်များသည် မိမိတို့ နိုင်ငံအတွင်း၌ပင် နိုင်ငံတကာအဆင့်မီ ပညာရပ်များကို လွယ်လင့်တကူ လက်လှမ်းတမီ သင်ယူနိုင်သည့် အခွင့်အလမ်းများ ရရှိနေပြီဖြစ်ကြောင်း၊ ထိုကဲ့သို့ လူငယ် လူရွယ်များအတွက် အခွင့်အလမ်းများ ပွင့်လန်းနေသော်လည်း မြန်မာနိုင်ငံ၏ ၇၀ ရာခိုင်နှုန်းသော ကျေးလက်နေ ပြည်သူများအတွက် အသိပညာမြင့်မားရန်၊ ဗဟုသုတ တိုးပွားရန် အခွင့်အလမ်းနည်းပါးနေသည်ကို တွေ့ရကြောင်း၊ ထို့ကြောင့် ကျေးလက်နေ ပြည်သူများ အသိပညာ ဗဟုသုတ ကြွယ်ဝပြီး အခြေအနေမှန်ကို သိရှိ၍ မှန်မှန်ကန်ကန် ဝေဖန်ပိုင်းခြားတတ်စေရန်နှင့် စာဖတ်သည့် အလေ့အကျင့် တိုးတက်စေရန် ကျေးရွာများတွင် ကိုယ့်အားကိုယ်ကိုး စာကြည့်တိုက်များဖွင့်လှစ်ရန် စီမံချက်များကို ချမှတ်ဆောင်ရွက်ခဲ့ကြောင်း။

ယင်းစီမံကိန်းများကို ၂၀၀၄-၂၀၀၅ ခုနှစ်မှစတင်၍ ဆောင်ရွက်ခဲ့ရာ နိုင်ငံအတွင်း၌ ကျေးရွာ ၆၁၉၄၉ ရွာရှိသည့်အနက် ၂၀၀၆ ခုနှစ် ဇွန် ၇ ရက်အထိ စာရင်းများအရ ကျေးရွာပေါင်း ၅၄၇၀၇ ရွာတွင် ကျေးရွာကိုယ့်အားကိုယ်ကိုးစာကြည့်တိုက်များကို ဖွင့်လှစ်တည်ထောင်နိုင်ခဲ့ပြီးဖြစ်ကြောင်း၊ ရန်ကုန်တိုင်းတွင် ရပ်ကွက်နှင့် ကျေးရွာကိုယ့်အားကိုယ်ကိုး စာကြည့်တိုက်ပေါင်း ၂၀၅၆ တိုက်ကို ဖွင့်လှစ်နိုင်ခဲ့ပြီဖြစ်ကြောင်း။

အလှူရှင်များ၏ အားသည်အရေးပါ

မိမိတို့နိုင်ငံသည် ကမ္ဘာတွင် ပထမဦးဆုံးသော ကျေးရွာတိုင်း၌ စာကြည့်တိုက်များ တည်ထောင်ဖွင့်လှစ်နိုင်သည့် နိုင်ငံတစ်နိုင်ငံအဖြစ် ဂုဏ်ယူဝင့်ကြွားနိုင်တော့မည်ဖြစ်ကြောင်း၊ မိမိတို့သည် အမျိုးသားရေးတာဝန်ကို ကျေပွန်အောင် ဆောင်ရွက်နိုင်ခြင်းကို ဂုဏ်ယူကြရမည်ဖြစ်ကြောင်း၊ ထိုသို့ အမျိုးသားရေးတာဝန်ကို ကျေပွန်အောင် ဆောင်ရွက်နိုင်ခြင်းသည် နိုင်ငံတော်၏ အား ဒေသခံပြည်သူများ၏အားနှင့် စေတနာအလှူရှင်တို့၏ အားသုံးအားပေါင်းစည်းမှုကြောင့်ဖြစ်ကြောင်း၊ စေတနာ အလှူရှင်များ၏ အားသည် အရေးပါလှကြောင်း၊ မိမိတို့ ကိုယ့်အားကိုယ်ကိုးစာကြည့်တိုက်များအတွက် စာအုပ်လှူဒါန်းပွဲ (၁၆)ကြိမ် ကျင်းပခဲ့ရာ စာအုပ်စာစောင်ပေါင်း ၂၁ သိန်းနှင့် ရုပ်မြင်သံကြားနှင့် ရေဒီယိုအပါအဝင် တန်ဖိုးငွေကျပ် ၁၉၃၃ သိန်းကျော်၊ ငွေသားကျပ်သိန်းပေါင်း ၁၁၁၉ သိန်းကျော် စုစုပေါင်းတန်ဖိုးငွေ ကျပ်သိန်းပေါင်း ၃၀၅၂ သိန်းကျော်ကို လက်ခံရရှိခဲ့ပြီးဖြစ်ကြောင်း။

အားသုံးအားဖြင့်ဆောင်ရွက်

ထိုကဲ့သို့ အောင်မြင်မှုများရရှိခြင်းမှာ အားသုံးအားစုစည်းညီညွတ်မှုကြောင့်ဖြစ်ရာ နိုင်ငံတော်တည်ဆောက်ရေးတွင်လည်း အဆိုပါ အားသုံးအားဖြင့် ဆောင်ရွက်သွားမည်ဆိုပါက အောင်မြင်မှုများ မလွဲမသွေရရှိမည်ဖြစ်ကြောင်းကို တစ်ဆက်တည်းပြောကြားလိုကြောင်း။

ထို့ကြောင့် ထူထောင်ပြီး စာကြည့်တိုက်များ ရေရှည်တည်တံ့ခိုင်မြဲရေးအတွက် ရေရှည်လုပ်ငန်းစဉ် ငါးရပ်ဖြင့် ချမှတ်ဆောင်ရွက်သွားရမည်ဖြစ်ကြောင်း၊ ယင်းလုပ်ငန်းစဉ်များမှာ ကျေးလက်နေ ပြည်သူများ စာဖတ်လိုစိတ်ရှိ၍ စာဖတ်ကြစေအောင် စည်းရုံးဆောင်ရွက်သွားရေး၊ ရရှိပြီး စာအုပ်စာစောင်များကို ရေရှည်တည်တံ့အောင်ထိန်းသိမ်းရေးနှင့် စာအုပ်စာစောင်အသစ်များ တိုးပွားရရှိလာအောင် ငွေပဒေသာပင်စိုက်ထူ ဆောင်ရွက်ရေး၊ စာကြည့်တိုက် အဆောက်အအုံမရှိသေးသည့် ကျေးရွာများ၌ အဆောက်အအုံဖြစ်လာစေရန် ဆောင်ရွက်ရေး၊ စာကြည့်တိုက်များတွင် ပရိဘောဂများစုံလင်စွာ ရရှိလာစေရန် ဆောင်ရွက်ရေးနှင့် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနက စာကြည့်တိုက်ထိန်းသိမ်းရာတွင် ကျွမ်းကျင်သော စာကြည့်တိုက်မှူးများရရှိစေရန် လေ့ကျင့်ပျိုးထောင်သွားရေးတို့ပင်ဖြစ်ကြောင်း၊ ယင်းလုပ်ငန်းစဉ်များကို ဒေသအာဏာပိုင်များ၊ ကျေးရွာအလိုက် စာကြည့်တိုက်ကော်မတီများ၊ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းဝင်များ၊ မိမိတို့ဌာနမှ ဝန်ထမ်းများဟူသည့် အားလေးအားဖြင့် ဆက်လက် ဆောင်ရွက်သွားကြရန် လိုကြောင်းဖြင့် တိုက်တွန်းပြောကြားသွားသည်။

အလှူငွေများပေးအပ်

ယင်းနောက် အလှူရှင်များဖြစ်ကြသော ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီက ငွေကျပ် သုံးသိန်း၊ ရန်ကုန်အရှေ့ပိုင်းခရိုင် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီက ငွေကျပ် ၇၁၀၀၀၀၊ ရန်ကုန်အနောက်ပိုင်းခရိုင် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီက ငွေကျပ် ၁၂၄၅၀၀၀၊ ရန်ကုန်တောင်ပိုင်းခရိုင် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီက ငွေကျပ် ၇၇၅၀၀၀၊ ရန်ကုန်မြောက်ပိုင်းခရိုင် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီက ငွေကျပ် ၈၁၀၀၀၀၊ မြန်မာနိုင်ငံ စစ်မှုထမ်းဟောင်းအဖွဲ့ချုပ်နှင့် ရန်ကုန်တိုင်း ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းတို့က ငွေကျပ် ၅၀၀၀၀၀စီ၊ မော်တော်ယာဉ်လုပ်ငန်းပေါင်းစုံ ထိန်းသိမ်းရေးကော်မတီ (မြို့တွင်း)နှင့်(အဝေးပြေး)တို့က ငွေကျပ် ၃၀၀၀၀၀ စီ၊ ပန်းချီဆရာကြီး ဦးလွန်းကြွယ်နှင့် ဇနီး ပန်းချီလွန်းမြမြ မိသားစုက ငွေကျပ် ၁၀၀၀၀၀၊ ဒေါက်တာခင်မောင်လွင် (ဗဟိုကျန်းမာ၊ ပညာ) က လူကို အန္တရာယ်ပေးနိုင်သော ကြက်ငှက်တုပ်ကွေးရောဂါစာအုပ် ၆၀၊ ပန်းဘဲတန်းမြို့နယ်မှ ဦးမြင့်စိုးနှင့် စာပေတိုက်အဖွဲ့က ငွေကျပ် ၁၀၀၀၀၀၊ ဗဟန်းမြို့နယ်မှ သီရိသုဓမ္မသိင်္ဂီ ဒေါ်အေးမြန္တယ်က ငွေကျပ် ၂၀၀၀၀၀၊ တွံတေးမြို့မှ ဦးကျင်ဟုတ်(ငါးလုပ်ငန်းရှင်)၊ လသာမြို့နယ်မှ ဦးဇာနည်စိုး (Asia Express)၊ ရန်ကုန်တိုင်းဗီဒီယိုလုပ်ငန်း စိစစ်ကြီးကြပ်ရေးအဖွဲ့၊ ရန်ကုန်တိုင်း အမျိုးသမီးရေးရာအဖွဲ့၊ ဒဂုံမြို့နယ်မှ ဒေါက်တာကျော်လင်းနှင့် ဒေါက်တာခင်မာရီနှင့် အလက(၁)ဒဂုံတို့က ငွေကျပ် ၁၀၀၀၀၀ စီ၊ ဂျပန်နိုင်ငံ တိုကျိုတက္ကသိုလ်မှ ပါမောက္ခ Dr. Takedaက ငွေကျပ် ၁၀၀၀၀၀ တန်ဖိုးရှိ စာအုပ် ၂၀၀၊အဝေးသင်တက္ကသိုလ်မှ ဌာနမှူး ဦးမြငွေက ငွေကျပ် ၅၄၈၀၀၀ တန်ဖိုးရှိ စာအုပ်၊ ဂျာနယ်၊ စာစောင် ၁၃၇၀၊ လှိုင်သာယာစက်မှုဇုန် စီမံခန့်ခွဲရေးကော်မတီက ငွေကျပ် ၆၀၀၀၀ နှင့် စာအုပ်၊ ဂျာနယ်၊ စာစောင် ၂၃၃ အုပ်၊ ဒဂုံမြို့သစ်(တောင်ပိုင်း) မြို့နယ် စာပေနှင့်စာနယ်ဇင်းအဖွဲ့က ငွေကျပ် ၁၁၁၃၀၀ တန်ဖိုးရှိ စာအုပ်၊ ဂျာနယ်၊ စာစောင် ၃၇၁ အုပ်၊ သဃ်န်းကျွန်းမြို့နယ်မှ ဦးဉာဏ်ထွန်း-ဒေါ်မာလာတို့က ငွေကျပ် ၁၀၈၀၀၀ တန်ဖိုးရှိ စာအုပ်၊ ဂျာနယ်၊ စာစောင် ၃၆၀၊ ဦးတင်ချို(မိတ်ကပ်ချိုလေး)က ငွေကျပ် ၁၀၀၀၀နှင့် စာအုပ်၊ ဂျာနယ်၊ စာစောင် ၃၁၀၊ တွံတေးမြို့ ပန္နိတရာမကျောင်းတိုက်မှ ဦးအရိယာဝံသက ငွေကျပ် ၁၀၀၀၀၀ တန်ဖိုးရှိ စာအုပ်၊ ဂျာနယ်၊ စာစောင် ၂၀၀၊ မင်္ဂလာဒုံမြို့နယ်မှ ဦးမြထွေးက ငွေကျပ် ၁၀၀၀၀၀ တန်ဖိုးရှိ စာအုပ်၊ ဂျာနယ်၊ စာစောင် ၆၀၀၊ ရန်ကုန်မြောက်ပိုင်းခရိုင်မှ ပညာရေးမှူး ဦးရန်နောင်က ငွေကျပ် ၁၀၀၀၀ နှင့် စာအုပ်၊ ဂျာနယ်၊ စာစောင် ၁၅၉၀၊ ဦးလှမြင့်(ကေသီပန်တိုင်းရင်းဆေး)က ငွေကျပ် ၂၀၀၀၀ နှင့် စာအုပ်၊ ဂျာနယ်၊ စာစောင် ၆၄၂အုပ်၊ မင်္ဂလာဒုံမြို့နယ်မှ ဦးမြင့်ထွန်းနှင့်ဇနီး ဒေါ်ခင်သန်းတို့က ငွေကျပ် ၈၃၅၀၀ တန်ဖိုးရှိ စာအုပ်၊ ဂျာနယ်၊ စာစောင် ၂၄၇ အုပ်၊ ကြည့်မြင်တိုင်မြို့နယ်မှ တက်လူအလူမိနီယံလုပ်ငန်းက ငွေကျပ် ၇၇၀၀၀ တန်ဖိုးရှိ ရေဒီယို ၁၃ လုံး၊ အမှတ်(၃) အခြေခံပညာဦးစီးဌာနက ငွေကျပ် ၅၀၀၀၀၊ အထက(၂)ဒဂုံက စာအုပ်၊ ဂျာနယ်၊ စာစောင်အုပ် ၁၀၀၀၊ ရန်ကုန်တိုင်း မြန်မာ့လယ်ယာထွက်ကုန်ပစ္စည်းရောင်းဝယ်ရေးက ငွေကျပ် ၂၀၀၀၀၊ ဦးသန်းထွန်း (ကောင်းမှုကောင်းစားသောက်ဆိုင်)က ငွေကျပ် ၄၀၀၀၀၊ သီတဂူဒေါက်တာစိုးမြင့်က ငွေကျပ် ၄၄၀၀၀ တန်ဖိုးရှိ ရုပ်မြင်သံကြားပြစက်တစ်လုံး၊ မှော်ဘီမြို့နယ်မှ ဒေါ်လှလှစိုးက ငွေကျပ် ၄၈၆၀၀၀ တန်ဖိုးရှိ ပရိဘောဂများ၊ သာကေတမြို့နယ်မှ ဦးအေးကြိုင်က ငွေကျပ် ၅၅၀၀၀ တန်ဖိုးရှိ ရုပ်မြင်သံကြားပြစက်တစ်လုံး၊ ဒဂုံမြို့သစ်(မြောက်ပိုင်း) မြို့နယ်မှ ဦးဘုန်းရွှေက ငွေကျပ် ၅၅၀၀၀ တန်ဖိုးရှိ ရုပ်မြင်သံကြားပြစက်တစ်လုံး၊တာမွေမြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနက ငွေကျပ် ၅၅၀၀၀ တန်ဖိုးရှိ ရုပ်မြင်သံကြားပြစက်တစ်လုံး၊ ရန်ကုန်အရှေ့ပိုင်းခရိုင်ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနက ငွေကျပ် ၂၅၀၀၀၀ နှင့် ငွေကျပ် ၂၃၅၀၀၀ တန်ဖိုးရှိ ရေဒီယို ၄၇ လုံးနှင့် စာအုပ်၊ ဂျာနယ်၊ စာစောင် ၃၉၅၀၊ ရန်ကုန်အနောက်ပိုင်းခရိုင် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေး ဦးစီးဌာနက ငွေကျပ် ၇၀၀၀၀ နှင့် စာအုပ်၊ ဂျာနယ်၊ စာစောင် ၉၈၆၅ အုပ်၊ ရန်ကုန်တောင်ပိုင်းခရိုင် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနက ငွေကျပ် ၅၄၀၀၀၀ နှင့်စာအုပ်၊ဂျာနယ်၊စာစောင် ၃၂၀၊ ရန်ကုန် မြောက်ပိုင်းခရိုင် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနက ငွေကျပ် ၂၀၀၀၀ နှင့် စာအုပ်၊ ဂျာနယ်၊ စာစောင် ၉၇၀ တို့ကို ပေးအပ်လှူဒါန်းကြရာ ဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်း၊ ညွှန်ကြားရေးမှူးချုပ် ဦးချစ်နိုင်နှင့် တာဝန်ရှိသူများက လက်ခံကြပြီး ဂုဏ်ပြုမှတ်တမ်းလွှာများကို ပြန်လည်ပေးအပ်ကြသည်။

ယနေ့ လှူဒါန်းပွဲအခမ်းအနားတွင် ရန်ကုန်တိုင်းအတွင်းရှိ ကျေးရွာကိုယ့်အားကိုယ်ကိုးစာကြည့်တိုက်များအတွက် ငွေပဒေသာပင်နှင့် ရုပ်မြင်သံကြားပြစက်၊ ရေဒီယိုနှင့် စာအုပ်၊ စာစောင်များကို အလှူရှင် ၁၅၅ ဦးတို့က ငွေသားစုစုပေါင်း ခုနစ်ဆယ့်သုံးသိန်းကိုးသောင်းလေးရာနှင့် ပစ္စည်းတန်ဖိုး ငွေကျပ် လေးဆယ့်ကိုးသိန်းကိုးသောင်းနှစ်ထောင့်ခုနစ်ရာတစ်ဆယ် ဖြစ်ရာ စုစုပေါင်း တန်ဖိုးငွေကျပ် တစ်ရာနှစ်ဆယ့်ခုနစ်သိန်းငါးသောင်းတစ်ထောင့် တစ်ရာတစ်ဆယ်ဖြစ်ကြောင်း သိရှိရသည်။ **(သတင်းစဉ်)**

မြန်မာအမျိုးသမီးများနေ့ကို ဂုဏ်ပြုကြိုဆို

ရန်ကုန်အထွေထွေရောဂါကုဆေးရုံကြီး၌ သန့်ရှင်းရေးလုပ်အားပေး စုပေါင်းသွေးလှူ၊ ဆေးပဒေသာပင် စိုက်ထူလှူဒါန်းပွဲကျင်းပ

ရန်ကုန် ဇွန် ၃၀

၂၀၀၆ ခုနှစ် ဇူလိုင်လ ၃ ရက်နေ့တွင် ကျရောက်မည့် မြန်မာအမျိုးသမီးများနေ့ကို ဂုဏ်ပြုကြိုဆိုသည့်အနေဖြင့် မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ် စီမံရေးရာဌာနကြီးက ဦးဆောင်၍ ရန်ကုန်အထွေထွေရောဂါကုဆေးရုံသစ်ကြီး၌ သန့်ရှင်းရေးလုပ်အားပေးပွဲ၊ ခြံစည်းရိုး ကြက်ဆူပင် စုပေါင်းစိုက်ပျိုးပွဲ၊ စုပေါင်းသွေးလှူဒါန်းပွဲနှင့် ဆေးရုံသစ်ကြီးသို့ ဆေးပဒေသာပင်စိုက်ထူလှူဒါန်းပွဲ အခမ်းအနားများကို ယနေ့နံနက် ၆ နာရီ ၄၅ မိနစ်တွင် အဆိုပါ ဆေးရုံဥယျာဉ်၌ ကျင်းပရာ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း ဗဟိုအလုပ်အမှုဆောင် ရန်ကုန်တိုင်း တာဝန်ခံ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ ဥက္ကဋ္ဌ မြို့တော်ဝန် ဗိုလ်မှူးချုပ်အောင်သိန်းလင်း တက်ရောက်အားပေးသည်။

အဆိုပါ အခမ်းအနားသို့ မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ် ဒုတိယဥက္ကဋ္ဌ ဒေါ်ခင်သက်ဌေး၊ စီမံရေးရာဌာန ဌာနကြီးမှူး ဒေါက်တာဒေါ်ခင်ဆန်းနွယ်နှင့် ဌာနကြီးမှူးများ၊ လုပ်ငန်းအဖွဲ့ ခေါင်းဆောင်များ၊ ရန်ကုန်တိုင်း အမျိုးသမီးရေးရာအဖွဲ့ နာယက ဒေါ်မာမာဝေနှင့် အဖွဲ့ဝင်များ၊ ကျန်းမာရေးဦးစီးဌာနနှင့် ဌာနဆိုင်ရာများမှတာဝန်ရှိသူများ၊ လူမှုရေးအသင်းအဖွဲ့ဝင်များနှင့် အလှူရှင်များ တက်ရောက်ကြသည်။

ရှေးဦးစွာ ရန်ကုန်အထွေထွေရောဂါကုဆေးရုံသစ်ကြီး ဆေးရုံအုပ်ကြီး ဒေါက်တာဒေါ်လှကြင်က ဆေးရုံသစ်ကြီးဝင်းအတွင်း မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ဝင်များ၊ မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းဝင်များ၊ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းဝင်များ၊ ကြက်ခြေနီနှင့် အရန်မီးသတ် တပ်ဖွဲ့ဝင်များ၊ ရန်ကုန်မြို့တော်စည်ပင်သာယာရေး ကော်မတီဝန်ထမ်းများ စုစုပေါင်းအင်အား ၅၀၀ ကျော်ဖြင့် လုပ်ကွက်ခြောက်ကွက်ခွဲ၍ အမှိုက်လှည်းခြင်း၊ ချုံနွယ်၊ မြက်များ ခုတ်ထွင်ရှင်းလင်းခြင်း၊ ရေစီး ရေလာကောင်းမွန်စေရန် ရေနုတ်မြောင်းများအတွင်းမှ အမှိုက်များ ဆယ်ယူစွန့်ပစ်ခြင်းလုပ်ငန်းများ ဆောင်ရွက်နေမှု အခြေအနေကို မြေပုံကားချပ်ဖြင့် ရှင်းလင်းတင်ပြသည်။

ဆက်လက်၍ ဗဟိုအလုပ်အမှုဆောင် မြို့တော်ဝန် ဗိုလ်မှူးချုပ်အောင်သိန်းလင်း၊ မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ် ဒုတိယဥက္ကဋ္ဌ ဒေါ်ခင်သက်ဌေးနှင့်အဖွဲ့ဝင်များ၊ ရန်ကုန်တိုင်း အမျိုးသမီးရေးရာအဖွဲ့ နာယက ဒေါ်မာမာဝေနှင့် တာဝန်ရှိသူများသည် ဆေးရုံကြီးဝင်းအတွင်း စုပေါင်းသန့်ရှင်းရေးပြုလုပ်နေမှုကို လိုက်လံကြည့်ရှုအားပေးကြသည်။

ထို့နောက် အထွေထွေရောဂါကုဆေးရုံသစ်ကြီး အနောက်ဘက်မျက်နှာစာရှိ မြေကွက်လပ်၌ ခြံစည်းရိုး

မြန်မာနိုင်ငံအမျိုးသမီးရေးရာအဖွဲ့ချုပ် ဒုတိယဥက္ကဋ္ဌ ဒေါ်ခင်သက်ဌေးနှင့် အဖွဲ့ဝင်များ မြန်မာအမျိုးသမီးများနေ့ကို ကြိုဆိုဂုဏ်ပြုသည့်အနေဖြင့် ရန်ကုန်အထွေထွေရောဂါကုဆေးရုံသစ်ကြီး၌ သွေးလှူဒါန်းနေမှုကို ကြည့်ရှုအားပေးစဉ်။ (သတင်းစဉ်)

ကြက်ဆူပင်စိုက်ပျိုးပွဲကို ကျင်းပရာ မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ် ဒုတိယဥက္ကဋ္ဌ ဒေါ်ခင်သက်ဌေး၊ ရန်ကုန်တိုင်းအမျိုးသမီးရေးရာအဖွဲ့ နာယက ဒေါ်မာမာဝေ၊ စီမံရေးရာဌာနကြီးမှူး ဒေါက်တာဒေါ်ခင်ဆန်းနွယ်၊ ဗဟိုအလုပ်အမှုဆောင် မြို့တော်ဝန် ဗိုလ်မှူးချုပ်အောင်သိန်းလင်းနှင့် တာဝန်ရှိသူများက သတ်မှတ်နေရာများတွင် ခြံစည်းရိုးကြက်ဆူပင်များ စိုက်ပျိုးပေးကြသည်။ ရန်ကုန်အထွေထွေရောဂါကုဆေးရုံသစ်ကြီးဝင်းအတွင်း မြန်မာနိုင်ငံအမျိုးသမီးရေးရာအဖွဲ့ဝင်များစုပေါင်း၍ ခြံစည်းရိုးကြက်ဆူပင် ၃၀၀ကို မြေလွတ်မြေလပ်များ၌ စိုက်ပျိုးပေးကြကြောင်း သိရသည်။

ယင်းနောက် ဗဟိုအလုပ်အမှုဆောင် မြို့တော်ဝန်၊ မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ် တာဝန်ရှိသူများသည် အထွေထွေရောဂါကုဆေးရုံသစ်ကြီး သွေးလှူခန်းမ၌ မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ဝင်များ၊ အရန်မီးသတ်တပ်ဖွဲ့ဝင်များ စုစုပေါင်း သွေးလှူရှင်၅၀တို့ သွေးလှူဒါန်းနေမှုကို သွားရောက် ကြည့်ရှုအားပေးကြသည်။

ဆေးပဒေသာပင်စိုက်ထူ

ထို့နောက် အထွေထွေရောဂါကုဆေးရုံသစ်ကြီးသို့ ဆေးပဒေသာပင် အလှူငွေ စိုက်ထူလှူဒါန်းပွဲ အခမ်းအနားကို ဆေးရုံအစည်းအဝေးခန်းမ၌ ကျင်းပရာ မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ် စီမံရေးရာဌာန ကြီးမှူး ဒေါက်တာဒေါ်ခင်ဆန်းနွယ်က အထွေထွေရောဂါကုဆေးရုံသစ်ကြီးသို့ ဆေးပဒေသာပင် စိုက်ထူလှူဒါန်းရခြင်းနှင့် စပ်လျဉ်း၍ အကျယ်တဝင့် ရှင်းလင်းတင်ပြသည်။

ဆက်လက်၍ ဆေးပဒေသာပင် စိုက်ထူနိုင်ရန် အလှူငွေများ ပေးအပ်လှူဒါန်းကြရာ ရန်ကုန်အနောက်ပိုင်း ခရိုင် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဒုတိယဗိုလ်မှူးကြီး ကျော်တင့်က ငွေကျပ်နှစ်သိန်း၊ မြန်မာနိုင်ငံမိခင်နှင့် ကလေးစောင့်ရှောက်ရေး

ရန်ကုန်တိုင်း အမျိုးသမီးရေးရာအဖွဲ့ နာယက ဒေါ်မာမာဝေ ၂၀၀၆ ခုနှစ် ဇူလိုင် ၃ ရက်တွင် ကျရောက်မည့် မြန်မာအမျိုးသမီးများနေ့ကို ကြိုဆိုဂုဏ်ပြုသည့်အနေဖြင့် ရန်ကုန်အထွေထွေရောဂါကုဆေးရုံကြီး အနောက်ဘက်မျက်နှာစာရှိ မြေကွက်လပ်၌ ခြံစည်းရိုးကြက်ဆူပင်ကို စိုက်ပျိုးပေးစဉ်။ (သတင်းစဉ်)

အသင်းနှင့် မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ်တို့က ငွေကျပ် နှစ်သိန်းစီ၊ ရန်ကုန်တိုင်း အမျိုးသမီးရေးရာအဖွဲ့ နာယက ဒေါ်မာမာဝေက ငွေကျပ် နှစ်သိန်း၊ လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်ဌေးဦးနှင့် ဇနီးတို့က ငွေကျပ် တစ်သိန်း၊ ပို့ဆောင်ရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်သိန်းဆွေနှင့်ဇနီးတို့က ငွေကျပ်တစ်သိန်း၊ အဂ္ဂသီရိသုဓမ္မဒေါ်ဆယ်မိသားစုက ငွေကျပ်တစ်သိန်း၊ မြတ်လေးရုံမိသားစုက ငွေကျပ်တစ်သိန်း၊ မစ္စတာရောဘတ်သိန်းဖေ-ဒေါ်မေလင်း (Group Managing Director Baiyoke Hotel. Kandaw gyi Palace Hotel)က ငွေကျပ် ငါးသိန်း၊ ဦးသိန်းမောင်၊ ဒေါ်ပါးပါး (စန္ဒီပရဆေး) ကုန်စျေးတန်းက ငွေကျပ် သုံးသိန်းသုံးထောင်၊ ပါမောက္ခ ဌာနမှူး ဒေါက်တာဦးသန်းအေး ဇနီး ပါမောက္ခ ဒေါက်တာ ဒေါ်ခင်အုန်းချစ်တို့က ငွေကျပ် သုံးသိန်း၊ Europ Continent Co., Ltd.မှ မန်နေဂျင်းဒါရိုက်တာဒေါ်စန်းစန်းရီက ငွေကျပ်သုံးသိန်း၊ ထွန်းဖောင်ဒေးရှင်းဥက္ကဋ္ဌ ဦးသိန်းထွန်းက ငွေကျပ် သုံးသိန်း၊ ဦးဇော်မိုးနိုင်-ဒေါက်တာ ဒေါ်စောနေနွယ် (A.A Medical Product Ltd.)က ငွေကျပ် သုံးသိန်း၊ မရမ်းကုန်းမြို့နယ် အမှတ် (၁)ရပ်ကွက် ရွာမကျောင်းလမ်းနေ ဦးမောင်မောင်နှင့်ညီများ (သားရေလုပ်ငန်း)က ငွေကျပ်နှစ်သိန်း၊ ဒဂုံမြို့နယ် သီဂီရွှေရည်ဓာတ်ပုံတိုက် မှ ဒေါ်မေသန်းနွယ်က ငွေကျပ် နှစ်သိန်း၊ ပန်းဘဲတန်းမြို့နယ် (Camel အင်တာနေရှင်နယ်ကုမ္ပဏီလီမိတက်)မှဦးတင်ဦးမိသားစုက ငွေကျပ် နှစ်သိန်း၊ ပုဂံဟိုတယ်မှ ဒေါ်အေးမြတ်နွယ်က ငွေကျပ် နှစ်သိန်း၊ ဗိုလ်မှူးတင်ဌေး (ငြိမ်း)၊ ဒေါက်တာ ဒေါ်လှကြင်မိသားစုက ငွေကျပ်တစ်သိန်းနှင့် ပါမောက္ခ ဦးကြည်စိုး၊ ဒေါက်တာလှလှတင်က ငွေကျပ်တစ်သိန်း အပါအဝင်အလှူရှင်စုစုပေါင်း ၄၆ ဦးတို့က အလှူငွေ စုစုပေါင်း ကျပ် ၆၀၆၃၀၀၀ ကျော်ကို ပေးအပ်လှူဒါန်းကြရာ ကျန်းမာရေးဦးစီးဌာန တာဝန်ရှိသူများ၊ ရန်ကုန်တိုင်း ကျန်းမာရေးဦးစီးမှူး ဒေါက်တာလှမြင့် နှင့် ဆေးရုံအုပ်ကြီး ဒေါက်တာ ဒေါ်လှကြင်တို့က လက်ခံရယူကြပြီး ဂုဏ်ပြုမှတ်တမ်းလွှာများ ပြန်လည်ပေးအပ်ကြသည်။

ယင်းနောက် ဆေးရုံအုပ်ကြီး ဒေါက်တာဒေါ်လှကြင်က ကျေးဇူးတင်စကားပြောကြားပြီး အခမ်းအနားကို ရုပ်သိမ်းလိုက်ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

ထာဝရမမေ့ မြန်မာအမျိုးသမီးများနေ့

* မြန်မာအမျိုးသမီးများ၊ ပေါင်းစည်းအားကို
ထင်ရှားမြေမိုး၊ သက်သေနှိုးသို့
မိုးပန်းပွင့်လှိုင်၊ အေးချမ်းမြိုင်သည်
ဇူလိုင် ၃ ရက် ထိုနေ့တည်း။

* တစ်ဦးချင်းကို၊ ဂုဏ်ပြုလို၍
ထိုသို့ဆုံးဖြတ်၊ ဖြစ်တည်အပ်ဟု
သတ်မှတ်ခဲ့သည် မဟုတ်ချေ။

* တစ်ယောက်တည်းက၊ ထူးချွန်လှ၍
စံပြသရုပ်၊ ဟန်ပြထုတ်ကာ
သမုတ်ခဲ့သည်မဟုတ်ချေ။

* ချီးမွမ်းခြေကျောက်၊ ဘေးကမြှောက်၍
သွေးရောက်နားထင်၊ စိတ်ကြီးဝင်ကာ
တီထွင်ခဲ့သည် မဟုတ်ချေ။

* ဤမြေကမ္ဘာ၊ ကျယ်ဝန်းစွာဝယ်
မြန်မာတို့အရေး၊ မြန်မာတို့တွေးအံ့
ဘေးစကားမယုံ၊ သွေးစကားယုံအံ့
ကိုယ့်ဂုဏ်ကိုယ်မြင့်၊ လူမျိုးတင့်အံ့
တွေးချင့်ပိုင်ပိုင်၊ လက်တွဲခိုင်အံ့
နိုင်ငံနှင့်လူမျိုး၊ အလှတိုးအောင်
အမျိုးသမီးဘဝ၊ ဖွံ့ဖြိုးရအောင်
ကဏ္ဍစုံတွင် အလှဆင်သည်
ပြည်ခွင်မြန်မာ သာရေးတည်း။
သြော် . . . မြန်မာအမျိုးသမီးများ၊ ပေါင်းစည်းအားကို
ထင်ရှားမြေမိုး၊ သက်သေနှိုးသို့
မိုးပန်းပွင့်လှိုင်၊ အေးချမ်းမြိုင်သည်
ဇူလိုင် ၃ရက် ထိုနေ့တည်း။ ။

ဇူလိုင်လ(၃)ရက်"မြန်မာအမျိုးသမီးများနေ့"ကို ကြိုဆိုဂုဏ်ပြုလျက်–

မြင်းမူမောင်နိုင်မိုး

ရှင်သာမဏေချီးမြှောက်ခြင်း အကြိုတရားပွဲများကျင်းပမည်

ရန်ကုန် ဇွန် ၃၀

မန္တလေးတိုင်း ကျောက်ပန်းတောင်းမြို့ စိတ္တပါလဂူကျောင်းစာသင်တိုက်ကြီးတွင် ဇူလိုင် ၉ ရက် (ဝါဆိုလပြည့် ဓမ္မစကြာနေ့) တွင် ကျင်းပမည့် ရန်ကုန်တိုင်း ရန်ကင်းမြို့နယ် ကမ္ဘာအေး ဘုရားလမ်း ပြည်တော်အေးရိပ်သာလမ်းသွယ် အမှတ် ၉ (ဒီ)နေ သီဟသုဓမ္မမဏိဇောတဓရ ဦးအေးလွင်–ဒေါ်ခင်လေး မိသားစု၏ ပရပုတ္တသားရတနာ သာမဏေလောင်း ၂၀၀ ကျော်တို့အား ရှင်သာမဏေအဖြစ်သို့ သွတ်သွင်းချီးမြှောက်ခြင်း မင်္ဂလာအခမ်းအနားတွင် အလှူမင်္ဂလာ အကြိုတရားပွဲအဖြစ် ရန်ကုန်မြို့ မဟာဂန္ဓာဝင်ကျောင်းတိုက် ပဓာနနာယက တိပိဋကဓရ တိပိဋကဓရကောဝိဒ တိပိဋကဓမ္မဘဏ္ဍာ ဂါရိက အဂ္ဂမဟာပဏ္ဍိတ ဘဒ္ဒန္တ ဝါယမိန္ဒာဘိဝံသ ရေစကြိုဆရာတော်က ဇူလိုင် ၇ ရက် ည ၇ နာရီခွဲတွင်လည်းကောင်း၊ ရေနံချောင်းမြို့ ရွှေတောင်ပါဠိ တက္ကသိုလ် နာယက အမေရိကန်–မြန်မာဗုဒ္ဓဘာသာ ထေရဝါဒ သာသနာပြု အဂ္ဂမဟာ ဂန္ထဝါစကပဏ္ဍိတ ဘဒ္ဒန္တဇနိတ ဆရာတော်က ဇူလိုင် ၈ ရက် ည ၇ နာရီခွဲ၌လည်းကောင်း နိဗ္ဗာန်ရောက်ကြောင်း တရားတော်များ ဟောကြားမည်ဖြစ်ကြောင်း သိရသည်။**(က–ပ)**

မှော်ဘီ ကျိုက်ဒေးစေတီတော် ကာလဒါနဝါဆိုသင်္ကန်းကပ်လှူပွဲ

ရန်ကုန် ဇွန် ၃၀

ရန်ကုန်တိုင်း မှော်ဘီမြို့ ကျိုက်ဒေးစေတီတော်ရင်ပြင်တွင် (၈)ကြိမ်မြောက်ကာလဒါန ဝါဆိုသင်္ကန်းကပ်လှူပွဲကို ဇူလိုင် ၉ ရက် (တနင်္ဂနွေနေ့) မွန်းတည့် ၁၂ နာရီတွင် ပင့်ဖိတ်ထားကြသော တောရနေ သံဃာတော်များနှင့် စာသင်တိုက် သံဃာတော် ၁၀၈ ပါးတို့အား စီဝိုင်စီသင်္ကန်း ဒွိစုံ တစ်စုံကျစီ လှူဒါန်းကြမည်ဖြစ်ရာ ဖုန်း–၀၉၅၁၃၂၅၆၆၊ ၆၂၀၈၃၀ တို့သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း ဂေါပကအဖွဲ့က ဖိတ်ကြားထားကြောင်း သိရသည်။ **(က–ပ)**

၂၀၀၆ ဂျာမနီကမ္ဘာ့ဖလား
၂၀၀၆ ဂျာမနီကမ္ဘာ့ဖလား ၂၀၀၆ ဂျာမနီကမ္ဘာ့ဖလား ၂၀၀၆ ဂျာမနီကမ္ဘာ့ဖလား ၂၀၀၆ ဂျာမနီကမ္ဘာ့ဖလား ၂၀၀၆ ဂျာမနီကမ္ဘာ့ဖလား

ကမ္ဘာ့ဖလားဘောလုံးပွဲ၏ မှတ်မှတ်ရရ ၁၀ ခု

တင်ပြသူ **မြင့်မောင်စိုး**

ဘာလင် ဇွန် ၃၀

၂၀၀၆ ကမ္ဘာ့ဖလား ဘောလုံးပြိုင်ပွဲများကို ဇွန် ၉ ရက်မှစပြီး ဂျာမနီနိုင်ငံ၌ ကျင်းပလာခဲ့ရာ အုပ်စုပွဲစဉ်များနှင့် ရှုံးထွက် ၁၆ သင်းပြိုင်ပွဲများအားလုံး ပြီးစီးခဲ့ပြီဖြစ်သည်။

ယင်းပြိုင်ပွဲများ တစ်လျှောက်ဖြစ်ပျက်ခဲ့သည့် အဓိကအမှတ်တမဲ့မှ အမှတ်တရဖြစ်စေမည့် အကြောင်းအရာ ၁၀ ခုကို ကောက်နုတ်ဖော်ပြလိုက်ပါသည်။

၁။ ရွန်နေပါဝင်သော်လည်း ခြေစွမ်းမပြနိုင်

အင်္ဂလန်တိုက်စစ်မှူး ရွန်နေသည် ကမ္ဘာ့ဖလားပြိုင်ပွဲ မကျင်းပမီက ခြေဖဝါးကျိုးနေ၍ ပါဝင်မည်

ရွန်နေ

မပါဝင်မည်ဆိုသည့်ကိစ္စနှင့် စပ်လျဉ်းပြီး မတင်မကျဖြစ်နေသည်။ ဆေးမှန်စစ်ဆေးမှုအောင်မြင်ပြီး ရွန်နေ အင်္ဂလန်မှ ဂျာမနီသို့ ပြန်လာခဲ့သည်။ ရွန်နေက ဂျာမနီသို့ ပြန်လာခြင်းမှာ အကျော်အမော် ကစားသမားတစ်ယောက်အဖြစ် ရပ်တည်ရန်အတွက် ပြန်လာခြင်းဖြစ်ကြောင်း ကြွားလုံးထုတ်လိုက်သည်။ ပြီးခဲ့သော သုံးပွဲ ပါဝင်ကစားရာတွင် ခြေစွမ်းမပြနိုင်သေးဘဲ ရှိသည်။ အမှန်မှာ ၎င်း၏ခြေထောက်ဒဏ်ရာ ပြန်မဖြစ်ရေးအတွက် ဂရုစိုက်နေရသည်ဟု ဆိုသည်။

၂။ သုံးဝါ တစ်နီ ပြသည့် ဒိုင်လူကြီး

ဖီဖာက ဘောလုံးသမားများ ပြစ်ဒဏ်ပေးရာတွင် နှစ်ဝါတစ်နီပြရန် စည်းကမ်းသတ်မှတ်ထားသော်လည်း အင်္ဂလန် ဒိုင်လူကြီး ဂရေဟမ်ပူးလ်

အင်္ဂလန်ဒိုင်လူကြီး ဂရေဟမ်ပူးလ်

သည် ခရိုအေးရှားနှင့် ဩစတြေးလျတို့ ယှဉ်ပြိုင်ကစားရာတွင် ခရိုအေးရှားနောက်တန်း ကစားသမား ဂျိုဆစ်စီမြူနစ်အား နှစ်ဝါပြထားသော်လည်း ပြိုင်ပွဲမှ ထုတ်ပယ်ခြင်း မရှိသေးပေ။ ပွဲပြီးမှသာလျှင် အဝါတစ်ကတ်ထပ်ပြပြီး ပြိုင်ပွဲမှထွက်ရန် အနီကတ်ပြခဲ့သည်။

၃။ အနီ၊အဝါကတ်တွေအလွန်များ

ကျင်းပဆဲ ကမ္ဘာ့ဖလားဘောလုံးပြိုင်ပွဲ ဒုတိယအဆင့် ၁၆ သင်းရှုံးထွက်ပြိုင်ပွဲများအပြီး အနီကတ် ၂၅ ကတ်နှင့် အဝါကတ် ၂၉၀ ကို ဒိုင်လူကြီးများက ကစားသမားများအားပြခဲ့ပြီးဖြစ်သည်။ အဆိုးရွားဆုံးမှာ နယ်သာလန်နှင့် ပေါ်တူဂီပွဲဖြစ်သည်။ အဝါကတ် ၁၆ ကတ်နှင့် အနီကတ်လေးကတ် ပြခဲ့သည်။ ယင်းပွဲတွင် ရုရှား ဒိုင်လူကြီး ဗလင်တင်အီဗာနော့ဗ်က ကွင်းလယ်ဒိုင်လူကြီးအဖြစ် ဆောင်ရွက်ခဲ့သည်။

ကမ္ဘာ့ဖလားသမိုင်းတစ်လျှောက် ဂိုးအများဆုံးစံချိန်တင်ဂိုးသွင်းသူ

ဘရာဇီးတိုက်စစ်မှူး ရော်နယ်ဒိုသည် ယခုကျင်းပဆဲ ကမ္ဘာ့ဖလားတွင် သုံးဂိုးသွင်းထားသည်။ ၎င်းသည် ယခင်ကမ္ဘာ့ဖလားတွင် ဂိုးအများဆုံး

ဘရာဇီးတိုက်စစ်မှူး ရော်နယ်ဒို

သွင်းနိုင်သည့် ဂတ်မူလာ၏ ဂိုးသွင်းစံချိန်ကို ကျော်ဖြတ်နိုင်ခဲ့ပြီဖြစ်သည်။ ဂတ်မူလာသည် ၁၄ ဂိုးသွင်းပြီး ရော်နယ်ဒိုက၁၅ဂိုးသွင်းယူနိုင်ခဲ့ပြီဖြစ်သည်။ ၎င်းသည် ဂါနာနှင့်ပွဲတွင် အပြောင်မြောက်ဆုံး ဖွေဆော်ဦးဂိုးကို သွင်းယူခဲ့သူဖြစ်သည်။

အွန်နရီခြေစွမ်းပျောက်နေ

အာဆင်နယ်တိုက်စစ်မှူး အွန်နရီသည် ပရီမီယာရှစ်တွင် ဂိုးအများဆုံးသွင်းထားသော်လည်း ကမ္ဘာ့ဖလားပြိုင်ပွဲတွင် ဂိုးမသွင်းနိုင်ဘဲရှိသည်။ ပြင်သစ်အသင်းသည် အုပ်စုပွဲများတွင် ဂိုးသွင်းနိုင်ခြေများရှိသော်လည်း သရေပွဲနှစ်ကြိမ်ဖြစ်ခဲ့သည်။

အင်္ဂလန်ကစားသမားများအခက်ကြုံ

အင်္ဂလန်ကစားသမားများသည် ၎င်းတို့၏ ဇနီးနှင့်ချစ်သူများကို ဂျာမနီကမ္ဘာ့ဖလားပွဲသို့ ခေါ်လာခဲ့မှုကြောင့်

အင်္ဂလန်ပရိသတ်တစ်ဦး

ကွင်းထဲသို့ အဝင်တွင် အခက်ကြုံနေရသည်ဟုဆိုသည်။ ယင်းတို့သည် ဇနီးနှင့် ချစ်သူများကို ကမ္ဘာ့ဖလားတွင် ပါဝင်ပြသရန် ခေါ်လာခြင်းဖြစ်သည်။

ပွဲသိမ်းချိန် ပယ်နယ်တီကြောင့် ဩစတြေးလျနစ်နာ

ဩစတြေးလျအသင်းနှင့် အီတလီအသင်းတို့ယှဉ်ပြိုင်ကစားရာတွင် ပွဲချိန် ၉၄ မိနစ်ရောက်မှ ဩစတြေးလျအသင်း ပယ်နယ်တီအပေးခံလိုက်ရ၍ ယင်းတို့၏ ကွာတားဖိုင်နယ်တက်ရမည့် မျှော်လင့်ချက်ကို ရိုက်ချိုးသလိုဖြစ်သွားခဲ့သည်။ ထိုသို့ပြုလုပ်ခဲ့၍ တစ်ဖက်အသင်းကို နစ်နာစေသည်ဟု ဆိုသည်။

အာဂျင်တီးနား၏ အံ့ဖွယ်ဂိုး

အာဂျင်တီးနားအသင်းနှင့်မက္ကဆီကိုအသင်းတို့ ယှဉ်ပြိုင်ကစားရာတွင် ပွဲပြီးရန် နှစ်မိနစ်အလိုတွင် တစ်ဖက်နှင့်

မာရာဒိုနာ

တစ်ဖက် အနိုင်ဂိုးသွင်းရန် အကြိတ်အနယ် အပြန်အလှန် တိုက်စစ်ဆင်ကစားနေချိန် မက်စီရိုဒရီဂွက်ဇ်၏ ဂိုးသည် အာဂျင်တီးနားအတွက် အံ့ဖွယ်ဂိုးဖြစ်ကြောင်း အာဂျင်တီးနား ဂန္ထဝင် ဘောလုံးသမား မာရာဒိုနာက ပြောသည်။

ဂါနာအသင်း ယုံကြည်မှုရှိလာ

အာဖရိကတိုက်မှ ဂါနာအသင်းသည် ချက်အသင်းကိုလည်းကောင်း၊ အမေရိကန်အသင်းကိုလည်းကောင်း အနိုင်ရပြီး နောက်ဆုံး ၁၆သင်းအုပ်စုတက်နိုင်ခဲ့သည်။ ယင်း ၁၆သင်းအုပ်စုတွင် နာမည်ကြီး မိုက်ကယ်အက်ဆိန်း ပါဝင် မကစားနိုင်ခဲ့ပေ။ အဓိကကစားသမား အက်ဆိန်း ပါဝင်ကစားနိုင်ခဲ့လျှင် ဘရာဇီးကို ပိုမိုခြိမ်းခြောက်ကစားနိုင်လိမ့်မည်ဟု ဆိုသည်။

အလွတ်တည်ကန်ဘော ပါရမီရှင် ဘက်ခမ်း

အင်္ဂလန်အသင်းနှင့် အီကွေဒေါ အသင်းတို့ အကြိတ်အနယ် ယှဉ်ပြိုင်

ဒေးဗစ်ဘက်ခမ်း

ရာတွင် အလွတ်တည်ကန်ဘော ပါရမီရှင် ဘက်ခမ်း၏ ဂိုးကြောင့် အသင်းသားများ စိတ်ဓာတ်နိုးကြားလာပြီး ဖိုင်လ်လုပွဲအထိတက်ရန် ယုံကြည်လျက်ရှိသည်။ ။ **(အင်တာနက်)**

ကမ္ဘာ့ဖလား သတင်းဂယက်

ယနေ့ ကွာတားဖိုင်နယ်ပွဲကစားမည့် အသင်းများ၏ နောက်ဆုံးသတင်း

ဘာလင် ဇွန် ၃၀

၂၀၀၆ ကမ္ဘာ့ဖလားဘောလုံးပြိုင်ပွဲ ကွာတား ဖိုင်နယ်ပွဲစဉ်များကို ဇူလိုင် ၁ ရက် **(ယနေ့)**တွင် ဆက်လက်ကစားမည်ဖြစ်ရာ ကွာတားဖိုင်နယ်ကစားမည့် ဘောလုံးအသင်းများနှင့် ပတ်သက်၍ နောက်ဆုံးသတင်းများကို စုစည်းဖော်ပြလိုက်ပါသည်။

မိမိစိတ်တိုင်းကျပုံစံဖြင့် ခင်းကျင်းကစားမည်ဟု အဲရစ်ဆင်ပြောကြား

ယနေ့ကစားမည့် ပေါ်တူဂီနှင့် ကွာတားဖိုင်နယ်ပွဲစဉ်တွင် မိမိစိတ်တိုင်းကျ အခင်းအကျင်းဖြင့်သာ ကစားသွားမည်ဖြစ်ကြောင်း အင်္ဂလန်အသင်းနည်းပြ အဲရစ်ဆင်က ပြောကြားလိုက်သည်။

ပြီးခဲ့သည့် ပွဲစဉ်များ၌ အဲရစ်ဆင်၏ လူရွေးချယ်မှု၊ အစားထိုးမှုနှင့် ကစားကွက် အခင်းအကျင်းများအပေါ် အမျိုးမျိုးဝေဖန်ပြောကြား ဖိအားပေးမှုများနှင့်ပတ်သက်ပြီး အဲရစ်ဆင်က အင်္ဂလန်အသင်းအနိုင်ရရှိရေးအတွက် ဦးတည်ကာ မိမိစိတ်ကြိုက် ဆုံးဖြတ်စီစဉ်မှုဖြင့်သာ ဆောင်ရွက်သွားမည်ဟု တုံ့ပြန်ပြောကြားလိုက်သည်။ အင်္ဂလန်ဘောလုံးအဖွဲ့ချုပ်ကလည်း အဲရစ်ဆင်၏စီစဉ်ဆောင်ရွက်မှု အားနည်းချက်များရှိကြောင်း ပြောကြားခဲ့သည်။

ဒေးဗစ်ဘက်ခမ်း ယနေ့ပွဲ၌ ခြေစွမ်းပြမည်

ယနေ့ကစားမည့် ကွာတားဖိုင်နယ်ပွဲစဉ်တွင် မိမိအနေဖြင့် ခြေစွမ်းပြ အားစိုက်ကစားနိုင်မည်ဟု ယုံကြည်နေကြောင်း ဒေးဗစ်ဘက်ခမ်းက ပြောကြားလိုက်သည်။



ဒေးဗစ်ဘက်ခမ်း

ပေါ်တူဂီနှင့်ပွဲတွင် မိမိတို့ ခက်ခက်ခဲခဲ ကစားရဖွယ်ရှိကြောင်း၊ မိမိတို့ကစားအားမချဘဲ ဆက်တိုက်ကစားမှသာ အခြေအနေကောင်းနိုင်ကြောင်းလည်း ဘက်ခမ်းက ဆက်လက်ပြောကြားသည်။ အင်္ဂလန်အသင်းသည် ဒေးဗစ်ဘက်ခမ်း၏ ဖရီးကစ်ဂိုးဖြင့် ကွာတားတက်လာခဲ့သည်။

စီရိုနယ်ဒိုသည် ပေါ်တူဂီအသင်းအနိုင်ရရေးတွင် အရေးပါနေကြောင်း ဖီဂို ပြောကြား

အင်္ဂလန်နှင့် ယနေ့ကစားရမည့် ကွာတားဖိုင်နယ်ပွဲစဉ်တွင် ပေါ်တူဂီအသင်းအနိုင်ရရှိရေးသည် စီရိုနယ်ဒိုအပေါ်၌ မူတည်နေကြောင်း ပေါ်တူဂီတိုက်စစ်မှူးကြီး ဖီဂိုက ပြောကြားလိုက်သည်။

ပေါ်တူဂီတောင်ပံတိုက်စစ်မှူးစီရိုနယ်ဒိုသည် ဟော်လန်နှင့်ကစားခဲ့သည့်ပွဲတွင် ဒဏ်ရာရရှိခဲ့၍ ယနေ့ ကစားမည့် အင်္ဂလန်နှင့်ပွဲ၌ ပါဝင်ကစားရန် မသေချာဘဲရှိသည်။ သို့သော် စီရိုနယ်ဒို၏ဒဏ်ရာမှာ အလျင်အမြန် သက်သာလာလျက်ရှိရာ အသင်းနှင့်အတူ အပေါ့စား လေ့ကျင့်မှုများ ပြုလုပ်နေပြီဖြစ်သည်။ အင်္ဂလန်နှင့်ပွဲသည် အလွန်အရေးကြီးသည့် ပွဲကျပ်တစ်ပွဲဖြစ်ကြောင်း၊ မိမိတို့ အကောင်းဆုံးကစားနိုင်မည်ဖြစ်ကြောင်း အသက် ၃၃ နှစ်အရွယ်ရှိ လူးဝစ်ဖီဂိုက ပြောကြားသည်။

စုစည်းတင်ပြသူ **မောင်မောင်မြင့်ဆွေ**

ကွာတားဖိုင်နယ်ပွဲမှာ ဇီဒန်း၏ နောက်ဆုံးပွဲဖြစ်မည်ဟု ရော်ဘင်ဟိုပြောကြား

ယနေ့ကစားမည့် ပြင်သစ်နှင့် ကွာတားဖိုင်နယ်ပွဲသည် ဇီဒန်း၏ နိုင်ငံတကာ ဘောလုံးသမားဘဝ နောက်ဆုံးပွဲပင် ဖြစ်လိမ့်မည်ဖြစ်ကြောင်း ဘရာဇီးတိုက်စစ်မှူး ရော်ဘင်ဟိုက ပြောကြားလိုက်သည်။



ရော်ဘင်ဟိုနှင့် ပရဲရား

ယခုကမ္ဘာ့ဖလားဘောလုံးပြိုင်ပွဲပြီးလျှင် နိုင်ငံတကာ ဘောလုံးသမားအဖြစ်မှ အနားယူမည်ဟု ပြောကြားထားသော ပြင်သစ်ကွင်းလယ်ကစားသမား ဇီဒန်းအတွက် ရည်ရွယ်ကာ ရော်ဘင်ဟိုက အထက်ပါအတိုင်း ပြောကြားခြင်းဖြစ်သည်။ ရော်ဘင်ဟိုက ယနေ့ပွဲ မိမိတို့အနိုင်ရမည်ဟုလည်း ကြိုတင်ပြောကြားလိုက်သည်။

ဘရာဇီးအသင်း ဖိုင်လ်လုပွဲအထိရောက်ပြီး ဖလားယူမည်

ပြင်သစ်အသင်းကို အနိုင်ကစားရန် စနစ်တကျပြင်ဆင်ထားခဲ့ပြီးနောက် မိမိတို့ဘရာဇီးအသင်း ချန်ပီယံဖလားကို ဆက်တိုက်ယူနိုင်သည်အထိ ကြိုးစားသွားမည်ဟု ဘရာဇီးနည်းပြ ကာလို့စ် အယ်ဘာတိုပရဲရားက ပြောကြားလိုက်သည်။

သမိုင်းဖြစ်ရပ်များကို မိမိမပြောလိုကြောင်း၊ လက်ရှိကမ္ဘာ့ဖလားပွဲ၌ ပွဲတိုင်းအနိုင်ရရှိရေးကို အာရုံစိုက်ထားကြောင်း၊ ချန်ပီယံဖြစ်ရေး အရေးကြီးကြောင်း နည်းပြပရဲရားက ပြောကြားလိုက်သည်။ ထို့အပြင် ယနေ့ကစားရမည့် ပြင်သစ်အသင်းသည် အသင်းကောင်းဖြစ်ကြောင်းလည်း ၎င်းက ပြောကြားသည်။

ဘရာဇီးကိုတုန်လှုပ်စရာအကြောင်းမရှိဟု ပြင်သစ်နည်းပြ ဒိုမီနစ်ချ် ပြောကြား

ယနေ့ကစားမည့် ဘရာဇီးနှင့် ကွာတားဖိုင်နယ်ပွဲကို မိမိတို့အသင်းရှုံးနိုင်သည်ဟု ပရိသတ်အများစုက ထင်ကြေးပေးနေမှုကို ဂရုမစိုက်ကြောင်း၊ ပြင်သစ်အသင်းသည်

ပြင်သစ်နည်းပြ ဒိုမီနစ်ချ်

ကမ္ဘာ့ဖလားဆုနှင့် ထိုက်တန်သည့်အသင်းဖြစ်ကြောင်း ပြင်သစ်နည်းပြ ရေမွန်ဒိုမီနစ်ချ်က ပြောကြားလိုက်သည်။

၁၉၉၈ခုနှစ် ကမ္ဘာ့ဖလား နောက်ဆုံးဖိုင်လ်လုပွဲ ဖြစ်ရပ်ကို မမေ့သင့်ကြောင်း၊ ပြင်သစ်အသင်းသည် ကမ္ဘာ့အကောင်းဆုံးအသင်းအဖြစ် ရပ်တည်နေဆဲဖြစ်ကြောင်း ၎င်းက ပြောကြားသည်။

- * **ဖရန့်လမ်းပတ်အသင်းနှင့် လေ့ကျင့်စဉ် ခြေချင်းဝတ်ဒဏ်ရာရရှိခဲ့၍ ကြပ်မတ်ကုသနေ။**
- * **ဂရေဟမ်ပူးလ် နိုင်ငံတကာ ဒိုင်လူကြီးမှ အနားယူရန် ဆုံးဖြတ်။ ။** (အင်တာနက်)

ကုန်အမှတ်တံဆိပ် သတိပေးကြေညာချက်

ရန်ကုန်မြို့၊ လသာမြို့နယ်၊ လမ်းမတော်လသာအရှေ့ ဘီ(၁၁-၁၁)နေ ဦးကြည်သိန်း(AC-၀၄၆၄၇၅)သည် အောက်ဖော်ပြပါ ကုန်အမှတ်တံဆိပ်ကို ရန်ကုန်မြို့ စာချုပ်စာတမ်း မှတ်ပုံတင်ရုံး မှတ်ပုံတင် အမှတ် ၄/၃၉၆ ဖြင့် တစ်ဦးတည်းပိုင်အဖြစ် မှတ်ပုံတင်ပြီး မြန်မာနိုင်ငံတစ်ဝန်း ထုတ်လုပ်ဖြန့်ဖြူး ရောင်းချလျက်ရှိပါသည်။

ကုန်အမှတ်တံဆိပ်အမှတ်အသားမှာ

အရောင်းစား
အုန်း ပင်
အထွန်းခံဖယောင်း

အထက်ဖော်ပြပါ ကုန်အမှတ်တံဆိပ်ကို ဈေးကွက်တွင် ဆင်တူယိုးမှား ပြုလုပ်၍လည်းကောင်း၊ အတုအပပြုလုပ်၍ လည်းကောင်း ရောင်းချနေကြောင်း တွေ့ရှိရပါသည်။ သို့ပါ၍ ဦးကြည်သိန်း၏ တရားဝင်ခွင့်ပြုချက် တစ်စုံတရာမရှိဘဲ ကုန်အမှတ်တံဆိပ်၏ တစ်စိတ်တစ်ဒေသကိုဖြစ်စေ၊ တစ်ခုလုံးကိုဖြစ်စေ တိုက်ရိုက်သော်လည်းကောင်း၊ သွယ်ဝိုက်၍သော်လည်းကောင်း ဆင်တူယိုးမှား၊ ထင်ယောင်ထင်မှား၊ သံတူကြောင်းကွဲ၊ တစ်နည်းနည်းတုပ၍ ကုန်ပစ္စည်းထုတ်လုပ်ဖြန့်ဖြူး ရောင်းချလျှင် သို့မဟုတ် ထုတ်လုပ်ဖြန့်ဖြူးရောင်းချရန်အလို့ငှာ လက်ဝယ်ထားရှိလျှင် တည်ဆဲတရားဥပဒေနှင့်အညီ ထိရောက်စွာ အရေးယူသွားမည်ဖြစ်ကြောင်း သတိပေးကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ

ဦးသန်းဆွေ B.A(Law);LLB
တရားရုံးချုပ်ရှေ့နေ (စဉ်-၁၄၀၀)
အမှတ်-၁၇၊ အထက်ဝန်းဆိုးတန်းလမ်း၊
မင်္ဂလာတောင်ညွန့်မြို့နယ်၊ ရန်ကုန်မြို့။

ဝန်ထမ်းအလိုရှိသည်
(ပြည်တွင်း၌သာခန့်ထားရန်)

ရွှေသာယာ မော်တော်ယာဉ်ထုတ်လုပ်ရေးနှင့် CNG ပြောင်းလဲ တပ်ဆင်ရေးလုပ်ငန်း တိုးချဲ့လုပ်ကိုင်ရန်အတွက် အောက်ပါဝန်ထမ်းများ အလိုရှိပါသည်။

(၁) စက်ရုံမှူး/ဒု-စက်ရုံမှူး ကျား(၂)ဦး
(၂) အုပ်ချုပ်ရေးမှူး/ဒု-အထွေထွေမန်နေဂျာ ကျား(၂)ဦး

အမှတ်စဉ်(၁) B.E (Mechanical) အောင်မြင်ထားသူ ဖြစ်ရမည်။ လုပ်ငန်းအတွေ့အကြုံ အနည်းဆုံး(၅)နှစ်ရှိရမည့်အပြင် အသက်(၅၀)နှစ်အထက် ကျန်းမာသန်စွမ်းသူ ဖြစ်ရမည်။ မိမိ၏လုပ်ငန်းအပေါ် စိတ်ပါဝင်စားသူဖြစ်ပြီး မော်တော်ကားလုပ်ငန်းပိုင်းတွင် အတွေ့အကြုံရှိသူကို ဦးစားပေးမည်။

အမှတ်စဉ်(၂) M.B.A အောင်မြင်ထားသူဖြစ်ရမည်။ စက်ရုံ/ အလုပ်ရုံ စီမံခန့်ခွဲမှုလုပ်ငန်း အတွေ့အကြုံအနည်းဆုံး (၅)နှစ်ရှိရမည့် အပြင် အသက်(၅၀)နှစ်အထက် ကျန်းမာသန်စွမ်းသူဖြစ်ရမည်။ မိမိ၏စီမံခန့်ခွဲရေး လုပ်ငန်းပိုင်းတွင် စိတ်ပါဝင်စားသူဖြစ်လျက် အကြီးတန်းစီမံခန့်ခွဲမှု လုပ်ငန်းအတွေ့အကြုံရှိသူကိုဦးစားပေးမည်။

အလုပ်လျှောက်လွှာများကို အလုပ်သမားမှတ်ပုံတင်မိတ္တူနှင့်တကွ ကြော်ငြာသည့်နေ့မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါလိပ်စာတွင် လျှောက်ထားနိုင်သည်။

မှတ်ချက်။ ။ လုပ်ငန်းကျွမ်းကျင်မှုအပေါ် မူတည်၍ အသက်ကန့်သတ်ချက်ကို လျှော့ပေါ့စဉ်းစားမည်ဖြစ်ရာ လုပ်ငန်းကျွမ်းကျင်သူများ၊ လုပ်ငန်းအတွေ့အကြုံရှိသူ အငြိမ်းစားများ စိတ်ပါဝင်စားပါက လျှောက်ထားနိုင်ပါသည်။

ရွှေသာယာမော်တော်ကားကုမ္ပဏီလီမိတက်
အမှတ် ၄၇/ဂျီ၊ ကံ့ကော်မြိုင်လမ်းသွယ်
ပြည်လမ်း၊ ခုနစ်မိုင်ခွဲ၊ မရမ်းကုန်းမြို့နယ်၊ ရန်ကုန်မြို့။

ကျေးဇူး ဆပ်ပါမည်

ရွှေတိဂုံဘုရားလမ်းနှင့်ဦးဝိစာရလမ်းဆုံအနီးတွင် ၂၇-၆-၂၀၀၆ ရက်(အင်္ဂါနေ့)တွင် Credit Card နှင့် Identity Card များ ပါသော ပိုက်ဆံအိတ်အနက်တစ်လုံး ကျပျောက်သွားပါ၍ တွေ့ရှိက ကျေးဇူးဆပ်ပါမည်။ **ဖုန်း-၄၄၂၁၀၂၁။**

ဒေါက်တာမတင်ဝင်း(ပညာရေးတက္ကသိုလ်)၏

အောင်ဟိတ်နှင့်လူ

(အောင်မြင်စေသော အကြောင်းရင်းခံတရားများ)

School for Future Giants

အာရုံဦး
ဆေးဝါးနားလည်မှု အခြေခံသင်တန်း

ရုံး၊ ကျောင်းသား ကျောင်းသူများအတွက်(စနေ၊ တနင်္ဂနွေ)တန်းခွဲသစ်စပြီ အစအဆုံး၊ ဆရာဝန်များကိုယ်တိုင် သင်ကြားသည်။ အလွယ်တကူ နားလည်သဘောပေါက်စေရန် တာဝန်ယူသည်။

လေးလွှာ၊ ၁၈ လှည်းတန်းလမ်းမ၊ ကမာရွတ်၊ ဖုန်း- ၀၉-၉၉ ၂၂၃၇၂။

ယာဉ်မှတ်ပုံတင်ခွင့်လျှောက်ထားခြင်း

ယာဉ်အမှတ် ပခ/၁၉၅၀၈ ယာဉ်လက်ဝယ်ရှိသူ အမည် ဦးသန့်ဇင် ၇/ရတရ(နိုင်)၀၅၉၇၅၈က ယာဉ်မှတ်ပုံတင်စာအုပ်(ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးပါရန် လျှောက်ထားလာပါသဖြင့် ကန့်ကွက်လိုသူများသည် ခိုင်လုံသော အထောက်အထားများဖြင့်ကြေညာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။

ကညန၊ခရိုင်ရုံး(တောင်ငူ)။

အမြန်ရောင်းမည်

ဗိုလ်ချုပ်အောင်ဆန်းဈေးကြီး အတွင်းရှိ ဆိုင်ခန်းအမှတ် ၁၅၃၊ အလယ်ဗဟိုရုံရှိ ရတနာဆိုင်အား ညှိနှိုင်းဈေးနှုန်းဖြင့် ရောင်းမည်။ တိုက်ရိုက်ဆက်သွယ်နိုင်ပါသည်။

ဖုန်း-၀၉-၈၀ ၃၀၆၃၀။

သမ္မတ ခေတ်မီအဆင့်မြင့် ပြင်ဆင်ပြီးတိုက်ခန်းသစ်များရောင်းမည်။

15% off

ကျောက်စိမ်းအတွဲပေါင်း ၁၄၄တွဲဈေးပြိုင်ရောင်းချရ ရတနာကုန်သည် ၂၃၈၄ဦး အပြိုင်အဆိုင်ဝယ်ယူ

ရန်ကုန် ဇွန် ၃၀

မြန်မာ့ကျောက်မျက်ရတနာပြပွဲ ဗဟိုကော်မတီနာယက သတ္တုတွင်းဝန်ကြီးဌာနဝန်ကြီးဗိုလ်မှူးချုပ်အုန်းမြင့်သည် ယနေ့ညနေ၃နာရီတွင် ရန်ကုန်မြို့ မရမ်းကုန်းမြို့နယ် မင်းဓမ္မလမ်းရှိ မြန်မာကွန်ဗင်းရှင်းစင်တာ ခန်းမဆောင်၌ ပြည်တွင်းပြည်ပ ရတနာကုန်သည်များအား ကျောက်စိမ်းအတွဲများဈေးပြိုင်စနစ်ဖြင့် ရောင်းချနေမှုကို ကြည့်ရှုအားပေးပြီး ပြည်တွင်းပြည်ပ ရတနာကုန်သည်များအား ရင်းရင်းနှီးနှီး လိုက်လံနှုတ်ဆက်သည်။

ဈေးပြိုင်စနစ်

၂၀၀၆ခုနှစ် ကျောက်စိမ်း၊ကျောက်မျက်နှင့်ပုလဲ အထူးရောင်းချပွဲတွင် ကျန်ရှိနေသော ကျောက်စိမ်းအတွဲများကို ဈေးပြိုင်စနစ်ဖြင့် ယမန်နေ့ညနေ ၄နာရီမှ ည၇နာရီအထိ ဆက်လက်ရောင်းချခဲ့ရာ ကျောက်စိမ်းအတွဲပေါင်း ၂၅တွဲကို ရတနာကုန်သည်များက ဝယ်ယူခဲ့ကြသည်။ ယမန်နေ့ တစ်နေ့တည်းမှာပင် ကျောက်စိမ်းအတွဲပေါင်း ၅၈တွဲကို ဈေးပြိုင်စနစ်ဖြင့် ရောင်းချခဲ့ရသည်။

အထူးရောင်းချပွဲ အစီအစဉ်အရ ယနေ့နံနက်၉နာရီမှ ညနေ၄နာရီအထိ ကျောက်စိမ်းအတွဲများကို ဈေးပြိုင်စနစ်ဖြင့် ဆက်လက်ရောင်းချရာ ကျောက်စိမ်းအတွဲပေါင်း ၃၇တွဲကို ရောင်းချခဲ့ရသည်။ သုံးရက်အတွင်း ဈေးပြိုင်စနစ်ဖြင့် ရောင်းချခဲ့ရသော ကျောက်စိမ်းအတွဲပေါင်းမှာ ၁၄၄တွဲ ဖြစ်သည်။

အပြိုင်အဆိုင်ဝယ်ယူ

ကျန်ရှိနေသော ကျောက်စိမ်းအတွဲများကို ဈေးပြိုင်စနစ်ဖြင့် ညပိုင်းအထိ ဆက်လက်ရောင်းချလျက်ရှိရာ မြန်မာကွန်ဗင်းရှင်းစင်တာ အတွင်းရှိ ခန်းမဆောင်ကြီးတစ်ခုလုံး ပြည့်လျှံနေပြီး သူ့ထက်ငါအပြိုင်အဆိုင်ဈေးပိုပေး၍ ဝယ်ယူလျက်ရှိကြသည်။ ယခုရောင်းချလျက်ရှိသည့် အထူးရတနာရောင်းချပွဲသို့ ပြည်ပနိုင်ငံ ၁၀ နိုင်ငံမှ ရတနာကုန်သည် ၁၄၆၇ဦးနှင့် ပြည်တွင်းမှနိုင်ငံသားရတနာကုန်သည် ၉၁၇ဦး စုစုပေါင်း ရတနာကုန်သည် ၂၃၈၄ဦးတက်ရောက်၍ ဝယ်ယူလျက်ရှိကြသည်။

ကျန်ရှိသော ကျောက်စိမ်းအတွဲများကို ဇူလိုင် ၁ရက်တွင် ဈေးပြိုင်စနစ်ဖြင့် ဆက်လက်ရောင်းချသွားမည်ဖြစ်သည်။ **(သတင်းစဉ်)**

ခြောက်ထပ်ကြီးဘုရားကြီးတိုက် ဝါဆိုသင်္ကန်းကပ်လှူမည်

ရန်ကုန် ဇွန် ၃၀

ဗဟန်းမြို့နယ် ရွှေဂုံတိုင်လမ်းရှိ ခြောက်ထပ်ကြီး ဘုရားကြီးတိုက်၌ ဝါကပ်တော်မူကြမည်ဖြစ်သော ဘုရားကြီးတိုက် မဟာနာယကဆရာတော်များအမှူးရှိသည့် စာချစာသင် သံဃာတော်အပါး ၃၇၀ကျော်တို့အား ဝါဆိုသင်္ကန်းကပ်လှူပွဲကို ဇူလိုင် ၉ရက် (ဝါဆိုလပြည့်နေ့) ညနေ ၃နာရီတွင် သာသနာ့ဝိပုလကာရီ မဟာသိမ်တော်ကြီး၌ ကျင်းပမည်ဖြစ်ကြောင်း သိရသည်။ **(က-ပ)**

ပဲခူး ၁၀မိုင်ကုန်း မုံလယ်တောရ ဓမ္မရိပ်သာ သံဃာဆောင်ငွေလှူဒါန်း

ရန်ကုန် ဇွန် ၃၀

မိုးကုတ်ဝိပဿနာ ပြန့်ပွားရေး မုံလယ်တောရ ဓမ္မရိပ်သာ ၁၀မိုင်ကုန်း ပဲခူးမြို့၏ ဦးစီးပဓာနနာယက ဆရာတော်ဖြစ်တော်မူသော ဘဒ္ဒန္တသံဝရ အဂ္ဂမဟာကမ္မဋ္ဌာနာစရိယ မုံလယ်ဆရာတော်ကြီး၏ ဓမ္မရိပ်သာသုံးထပ်ကျောင်း သံဃာဆောင် စုပေါင်းဆောက်လုပ်ရန်အတွက် အလှူရှင်ဖြစ်သော ရန်ကုန်မြို့ ဗဟန်းမြို့နယ် အနောက်ရွှေဂုံတိုင် ၂လမ်း အမှတ်၈နေ မိဘများဖြစ်ကြသော ဦးတင်ထွန်း-ဒေါ်သန်းမြင့်တို့ကို အမှူးထား၍ သားကိုသိန်းမြင့်ထွန်း(ခ)ကိုရွှေသွေး-မသူဇာ မိသားစုက လှူဒါန်းငွေကျပ် ၆၂၀၀၀၀ကို ဇွန် ၂၄ရက်က ဆရာတော်ကြီးထံ လာရောက်လှူဒါန်းသွားသည်။ သံဃာဆောင်အတွက် ဓမ္မမိတ်ဆွေအပေါင်းတို့မှ လှူဒါန်းထားငွေ သိန်းတစ်ရာခန့်ရရှိထားပြီး သုံးထပ်ကျောင်းဆောင် ပြီးစီးသည်အထိ ဆောက်လုပ်သွားမည်ဖြစ်ရာ အလှူရှင်များ ဆက်လက်ပါဝင်လှူဒါန်းနိုင်ကြောင်းသိရသည်။ ထို့အပြင် ဆရာတော်က ဝါတွင်းသုံးလတွင် တစ်လ ခုနစ်ရက် စခန်းတစ်ကြိမ် စုစုပေါင်း သုံးကြိမ် တရားစခန်းပွဲများ ကျင်းပမည်ဖြစ်ကြောင်း သိရသည်။ **(က-ပ)**

❒ **ကျော့ဖုံးမှ**

ခေါင်းတိုက်သွင်းယူ

အာဂျင်တီးနားအသင်းက ပထမပိုင်း၌ခြေအသာစီးမှ ကစားနိုင်ခဲ့သည်။ အာဂျင်တီးနားအသင်းအတွက် ဦးဆောင်ဂိုးကို ၄၉မိနစ်တွင် ထောင့်ကန်ဘောမှတစ်ဆင့် အာယာလာက ခေါင်းတိုက်သွင်းယူပေးသည်။ ဂျာမနီအသင်းအတွက် ချေပဂိုးကို မိနစ်၈၀တွင် မိုက်ကယ်ဘောလက်ကန်ပို့ပေးသည့်ဘောလုံးကို ဘိုရော့စကီးက ခေါင်းတိုက်ချပေးရာ ကလိုဆေးက ထပ်ဆင့်ခေါင်းတိုက်၍ သွင်းယူခဲ့ခြင်းဖြစ်သည်။ ကလိုဆေးသည် ယခုဂိုးအပါအဝင် စုစုပေါင်းငါးဂိုးသွင်းယူထားပြီး ဂိုးအများဆုံးသွင်းသူအဖြစ် ရပ်တည်လျက်ရှိသည်။

ပယ်နယ်တီအဆုံးအဖြတ်

ပုံမှန်ပွဲကစားချိန် မိနစ်၉၀ပြီးဆုံးသည်အထိ တစ်ဂိုးစီသရေပွဲဖြစ်နေ၍ အချိန်ပိုမိနစ် ၃၀ ဆက်လက်ယှဉ်ပြိုင်ကစားရာ တစ်ဖက်နှင့်တစ်ဖက် အနိုင်ဂိုးမသွင်းနိုင်ခဲ့ချေ။ ပယ်နယ်တီ ငါးလုံးစီကန်သွင်းပြီး အဆုံးအဖြတ်ယူရာတွင် ဂျာမနီအသင်းက လေးဂိုးဝင်ပြီး အာဂျင်တီးနားအသင်းက နှစ်ဂိုးသာဝင်သဖြင့် ဂျာမနီအသင်းက စုစုပေါင်းငါးဂိုး-သုံးဂိုးဖြင့် အနိုင်ရရှိပြီး အကြိုဗိုလ်လုပွဲသို့ တက်ရောက်သွားသည်။

(သတင်းမှတ်စု-ကိုထွေး)

မြန်မာ့သမဝါယမနှင့် အသေးစား ငွေကြေးလုပ်ငန်း

ကျော်မြင့်ကျော်

၁၈၄၄ ခုနှစ်တွင် ရောခ်ဒေးလ် ရှေ့ဆောင်လမ်းပြသမဝါယမများက စတင်ခဲ့သည့် သမဝါယမသည် သက်တမ်းအားဖြင့် နှစ် ၁၆၀ ကျော်လွန်လာခဲ့သလို ၁၈၉၅ ခုနှစ်တွင် စတင်ဖွဲ့စည်းထူထောင်ခဲ့သည့် အပြည်ပြည်ဆိုင်ရာ သမဝါယမအဖွဲ့ချုပ်၏ သက်တမ်းသည်လည်း နှစ် ၁၁၀ ကျော်လွန်ခဲ့ပြီဖြစ်သည်။ အလားတူစွာပင် မြန်မာ့သမဝါယမ သက်တမ်းသည်လည်း စစ်ကိုင်းတိုင်း မြင်းမူသမဝါယမငွေစုငွေချေးအသင်းကို ဖွဲ့စည်း၍ ၁၉၀၅ ခုနှစ် ဇန်နဝါရီလ ၃ ရက်နေ့တွင် မှတ်ပုံတင်ခဲ့သည်ဖြစ်ရာ သက်တမ်းနှစ် ၁၀၀ ပြည့်ခဲ့ပြီး 'မြန်မာ့သမဝါယမရာပြည့်အထိမ်းအမှတ်ပွဲ' ကိုပင် ၂၀၀၅ ခုနှစ် အတွင်းက အောင်မြင်စွာ ကျင်းပပြုလုပ်ခဲ့ပြီး ဖြစ်ပေသည်။

ဤမျှအထိ မြန်မာနိုင်ငံတွင်သာမက ကမ္ဘာနှင့်အဝန်း သမဝါယမများ နှစ်ပေါင်းရှည်ကြာစွာရပ်တည်နိုင်ခဲ့သည်မှာ သမဝါယမများ၏ ထူးခြားရှင်သန်နေသည့် အတွေးအခေါ်၊ယူဆချက်၊အဓိပ္ပာယ်၊ အခြေခံကျင့်ဝတ်တို့အပြင် ခေတ်နှင့်တစ်ပြေးညီ ပြုပြင်ပြောင်းလဲကျင့်သုံးလာခဲ့သည့် အခြေခံမူများကြောင့်ပင်ဖြစ်သည်။ သမဝါယမဖြစ်ပေါ် တိုးတက်မှုများက ၂၁ ရာစု၏ စိန်ခေါ်ချက်များကို ကြံ့ကြံ့ခံရပ်တည်နိုင်စွမ်းရှိသည့် စနစ်တစ်ခုဖြစ်ပေသည်။ တစ်နည်းဆိုသော် 'Co-operative-Proven concept for new challenges'ဆိုသည့်အတိုင်း 'သမဝါယမများသည် စိန်ခေါ်မှုအသစ်များအတွက် ပွဲတွေ့စိတ်ကူးအယူအဆများပင်'ဖြစ်ပေသည်။

မြန်မာနိုင်ငံတွင် စတင်ဖွဲ့စည်းခဲ့သည့် သမဝါယမအသင်းမှာ ငွေစုငွေချေးသမဝါယမအသင်းဖြစ်သည်။ ငွေစုငွေချေးအကြောင်း ပြောသည့်အခါ ၁၈ ရာစုအတွင်းက ငွေစုငွေချေးသမဝါယမအသင်းများကို စတင်မျိုးစေ့ချပေးခဲ့သည့် 'ဖရက်ဒရစ်ဝီလ်ဟင်မ်ရဖိုက်ဆင်' (Fredrich Wilhelm Raiffeisen) နှင့် 'ဟာမင်ရှုလ်ဇ်ဒီလစ်ချ်' (Herman Schukze Delitzsch) တို့အကြောင်းပါဝင်မှ ပြည့်စုံနိုင်မည်ဖြစ်ပေသည်။ ၁၈၆၂ ခုနှစ်တွင် ဂျာမနီနိုင်ငံ တောင်သူလယ်သမားများ၏ ငွေစုငွေချေး သမဝါယမအသင်း (တစ်နည်း) ငွေချေးသမဝါယမ ဘဏ်ကလေးများကို 'ရဖိုက်ဆင်'က စတင်တည်ထောင်ခဲ့သည်။ သူ၏ဆောင်ပုဒ်မှာ 'အများအကျိုးကို တစ်ဦးစီက ဆောင်ရွက်၍ တစ်ဦးစီအတွက် အများကဆောင်ရွက်'(One for all°- all for one) ဖြစ်သည်။ အလားတူ 'ရှုလ်ဇ်ဒီလစ်ချ်'ကလည်း ၁၈၅၀ ပြည့်နှစ်များအတွင်း လက်မှုပညာသည်ကလေးများ၊ အလုပ်သမားများ၏ ငွေစုငွေချေးသမဝါယမအသင်းများကို မြို့ပေါ်ဒေသများတွင် စတင်ဖွဲ့စည်းခဲ့သည်။ သူတို့နှစ်ဦးစလုံး၏ စိတ်ကူးမှာ ကျေးလက်ဒေသ မြို့ပေါ်ဒေသရှိ ဆင်းရဲနွမ်းပါးသူများအား သမဝါယမနည်းလမ်းဖြင့်လူမှုစီးပွား အခက်အခဲများမှ လွတ်မြောက်စေရေးပင်ဖြစ်သည်။ ဤအသင်းများသည် လွန်ခဲ့သည့်နှစ်၁၅၀ ကျော်ကစ၍ တောင်သူလယ်သမား၊ လက်မှုပညာသည်များအား ဆင်းရဲနွမ်းပါးမှုလျော့နည်းစေရန်နှင့် အကြွေးနွံမှကယ်တင်ရန် အသေးစားငွေကြေးလုပ်ငန်း (Microfinance) ဖြင့်လူမှုဘဝမြင့်မားရေး ကြိုးပမ်းဆောင်ရွက်ချက်များပင်ဖြစ်ပေသည်။

တစ်နည်းအားဖြင့် သမဝါယမအနှစ်သာရအပေါ်အခြေခံ၍ အသင်းသားများကို ဝန်ဆောင်မှုပေးခြင်းနှင့်ငွေစုဆောင်းမှုနှင့် ချေးငွေလုပ်ငန်းအတွက် အပြန်အလှန်အကူအညီပေးရေးလုပ်ငန်းတွင် သမဝါယမအခြေခံမူများကို လိုက်နာဆောင်ရွက်သည့် အဖွဲ့အစည်းများဖြစ်သည်။

သမဝါယမများ၏ ဤအသေးစားငွေကြေးလုပ်ငန်းသည် လူအများ၏ လူမှုစီးပွားမြင့်မားတိုးတက်ရေးကို အစွန့်ရှည်တည်တံ့ရေး အလေးပေးသည့်အပြင် အမှန်တစ်ကယ်စွမ်းအား မြင့်မားစေရေးအတွက်လည်း အားပေးလျက်ရှိသည်။

မြန်မာ့သမဝါယမ စတင်ဖွဲ့စည်းမှုကို ကြည့်လျှင်မြင်းမူမြို့ငွေစုငွေချေး သမဝါယမအသင်းသည် 'ရှုလ်ဇ်လ်'ပုံစံဖြင့် စတင်ဖွဲ့စည်းခဲ့ခြင်း ဖြစ်သည်။ ၁၉၀၆ ခုနှစ်သို့ ရောက်သောအခါ ငွေစုငွေချေးသမဝါယမအသင်းများကို ရှုလ်ဇ်ပုံစံမှ'ရဖိုက်ဆင်'ပုံစံသို့ ပြောင်းလဲဖွဲ့စည်းခဲ့သည်။ မည်သို့ပင်ဆိုစေ ဤမြန်မာ့သမဝါယမအသင်းများကလည်း အသေးစား ငွေကြေးလုပ်ငန်းဖြင့် တောင်သူလယ်သမား၊ လက်မှုပညာသည်များ ဘဝမြင့်မားရေးကို တစ်ဖက်တစ်လမ်းမှ ကြိုးပမ်းဆောင်ရွက်ခဲ့ကြခြင်း ဖြစ်သည်။

ဤမြင်းမူမြို့ ငွေစုငွေချေးသမဝါယမအသင်းသည် အာရှဒေသ အခြားနိုင်ငံများ၏ ငွေစုငွေချေးသမဝါယမဖွဲ့စည်းမှုများထက် နှစ်ကာလ စောစီးစွာဖွဲ့စည်းခဲ့သည့် အသင်းဖြစ်ကြောင်းလည်း လေ့လာတွေ့ရှိရသည်။

ဤအချက်ကို ထောက်ရှု၍ ကမ္ဘာတွင် နှစ် ၁၁၀ ကျော် မြန်မာနိုင်ငံတွင် နှစ်၁၀၀ ကျော်မှစ၍ လူမှုစီးပွားအဖွဲ့အစည်းအဖြစ် တောင်သူလယ်သမား၊ လက်မှုပညာသည်များအတွက် အသေးစားငွေကြေးလုပ်ငန်းဖြင့် အကျိုးပြုရေး ကြိုးပမ်းအကောင်အထည်ဖော်ဆောင်ရွက်ခဲ့သည်မှာ အထင်အရှားပင် ဖြစ်ပေသည်။

မျက်မှောက်ကာလ စာပေအရေးအသားများအရ အသေးစား ငွေကြေးလုပ်ငန်းသည် ကျေးလက်နေဆင်းရဲနွမ်းပါးသူများအတွက် ချွေတာစုဆောင်းမှု၊ ငွေကြေးထုတ်ချေးမှုတို့အပြင် အခြားသော ငွေကြေးဝန်ဆောင်မှု၊ ကုန်ထုတ်လုပ်မှုတို့အတွက် ထောက်ပံ့ကူညီမှုပေးသကဲ့သို့ မြို့ပြဒေသ၊ မြို့ပြတစ်ပိုင်း

ကျေးလက်တစ်ပိုင်းနေသူများအတွက် ဝင်ငွေတိုးပွားစေသကဲ့သို့လူနေမှုဘဝမြင့်မားစေကြောင်း ရေးသားဖော်ပြကြသည်။ အသေးစားငွေကြေးလုပ်ငန်းအဖွဲ့များအတွက် အထောက်အကူပြုရာ အဖွဲ့အစည်းများအဖြစ်လည်း ရည်ညွှန်းဖော်ပြ ရေးသားလျက်ရှိကြသည်။

အသေးစား ငွေကြေးလုပ်ငန်းသည် ပုံမှန်ငွေကြေးအထောက်အပံ့ပေးသည့်အဖွဲ့များ၊ ဘဏ်များသို့ ချဉ်းကပ်နိုင်စွမ်းမရှိသည့် စီးပွားရေးအရ ရုန်းကန်လှုပ်ရှားနေကြရသည့် ဆင်းရဲနွမ်းပါးသူများအား ငွေစုဆောင်းမှု၊ ချေးငွေချေးငှားမှုအရ ရေရှည်ငွေကြေးအထောက်အကူပြုရာ အဖွဲ့များအဖြစ် လည်းကောင်း၊ မရှိနွမ်းပါးသူများအား လူမှုရေး၊ စီးပွားရေးအရ စွမ်းအားမြင့်မားစေသော ပုံမှန်ငွေကြေးဝန်ဆောင်မှုလုပ်ငန်းအဖြစ်လည်းကောင်း အဓိပ္ပာယ်ဖွင့်ဆိုကြသည်။

စက်မှုတော်လှန်ရေး၏ ပထမလှိုင်း ၁၇၈၅-၁၈၄၅ တွင် ပေါက်ဖွားလာခဲ့သည့် ငွေစုငွေချေးသမဝါယမအသင်းများ၏ အသေးစားငွေကြေးလုပ်ငန်းများသည် ၁၉၈၀ ပြည့်နှစ်များအတွင်း စတင်ခဲ့သည့်စက်မှုတော်လှန်ရေး၏ ပဉ္စမလှိုင်း ဖြစ်သည့် သတင်းအချက်အလက်နှင့် ဆက်သွယ်ရေးနည်းပညာဖွံ့ဖြိုးလာသည့် ယနေ့ခေတ်ကာလအထိ 'ကမ္ဘာလွှမ်းခြုံဆက်စပ်ပတ်သက်မှုဖြစ်စဉ်(Globalization)'တွင်လည်း ရွှေရည်စိမ်မီ အမှတ်တံဆိပ်အဖြစ် သက်သေပြလျက်ရှိသည်။

သမဝါယမနည်းအရ အသေးစားငွေကြေးလုပ်ငန်းသည် ကိုယ့်အားကိုယ်ကိုးမှုကို အားပေးသည့် သဘာဝအခြေခံဖြစ်ပြီး၊ လူအများပူးပေါင်းဆောင်ရွက်ခြင်းဖြင့် ဆင်းရဲနွမ်းပါးမှုမှလွတ်မြောက်နိုင်သည့်အပြင် ဆင်းရဲတွင်းကျဆင်းမှုမှလည်း အကာအကွယ်ပေးလျက်ရှိသည်။ တစ်နည်းပြောရလျှင် သမဝါယမ ငွေကြေးအထောက်အကူပြုလုပ်ငန်းများသည် စွန့်ထွင်လုပ်ငန်းရှင်အဖြစ် တက်လှမ်းရာလှေကား (Entrepreneurial Ladder)လည်း ဖြစ်သည်။ သာမန် လက်လုပ်လက်စား ဆင်းရဲနွမ်းပါးသူတစ်ဦးအနေဖြင့် အသေးစားငွေကြေးဝန်ဆောင်မှု လုပ်ငန်းအရ ကိုယ်တိုင်အလုပ်ဖန်တီးနိုင်ခွင့်(Self Employment) ကိုရရှိပြီး အငယ်စားစီးပွားရေးလုပ်ငန်းရှင်(micro entrepreneur) ဖြစ်လာနိုင်ပေသည်။ ထိုမှတစ်ဆင့် အသေးစား စီးပွားရေးလုပ်ငန်း (Small Scale Enterprise)အဖြစ် တက်လှမ်းနိုင်ပြီး ထိုမှတစ်ဆင့် အလတ်စားစီးပွားရေးလုပ်ငန်းမှသည် ပို၍ကြီးမားသော စီးပွားရေး လုပ်ငန်းရှင်အဖြစ် တဖြည်းဖြည်းချင်း တက်လှမ်းသွားနိုင်ပေသည်။

ယနေ့ခေတ်ကာလတွင် သမဝါယမငွေကြေးလုပ်ငန်းသည် မြန်မာနိုင်ငံတွင်ရော ကမ္ဘာမှာပါ ဒေသအမျိုးမျိုးရှိလူအများ၏ လူမှုစီးပွားပတ်ဝန်းကျင်နှင့် လိုက်လျောညီထွေစွာ ရှင်သန်ရပ်တည်လျက် ရှိပေသည်။ သမဝါယမငွေကြေးလုပ်ငန်းကြီးထွားလာသည်နှင့်အမျှ သမဝါယမ ဘဏ်ကြီးများပေါ်ထွန်းလာပြီး ငွေကြေးဝန်ဆောင်မှုလုပ်ငန်းများကို အဆင့်မြှင့် ဆောင်ရွက်လာနိုင်ပြီဖြစ်ရာ မြန်မာနိုင်ငံတွင်လည်း 'သမဝါယမဘဏ်'ကြီး တစ်ဘဏ်ပေါ်ထွန်းလာခဲ့သည် ဖြစ်ပေသည်။

ယခုအခါ သမဝါယမအသင်းများ၏ အသေးစားငွေကြေးလုပ်ငန်းများကို စက်ရုံ၊ အလုပ်ရုံ၊ ရုံးလုပ်ငန်းအလိုက် (Departmental Base)အရသော်လည်းကောင်း၊ ရပ်ကွက်ကျေးရွာ(Community Base) အရသော်လည်းကောင်း၊ ဈေးသမဝါယမအသင်း(Market Base) အရသော်လည်းကောင်း တိုးချဲ့ဖွဲ့စည်းလုပ်ကိုင်လျက်ရှိရာ ၃၁-၃-၂၀၀၆ တွင် အသင်း ၁၉၇ ထိအရေအတွက်ရော အရည်အသွေးပါ တိုးမြှင့်လုပ်ကိုင်လျက်ရှိသည်။ အဆိုပါအသင်းများတွင် အသင်းသား ၃ ဒသမ ၈၈ သိန်းကျော်တို့က အစုတန်ဖိုး ကျပ်သန်း ၁၀၁၂၊ စုဆောင်းငွေ တန်ဖိုးကျပ်သန်း ၅၅၄၀ ကျော်၊ ထုတ်ချေးငွေကျပ်သန်း ၁၅၁၇၂ ဖြင့် လည်ပတ်လုပ်ကိုင် ဆောင်ရွက်လျက်ရှိသည်။

ထို့ပြင် **ကျေးလက်နွမ်းပါးသူများ ရေရှည်ဘဝ ရပ်တည်နိုင်ရေး အသေးစားငွေချေးလုပ်ငန်း (Micro finance)ကိုလည်း ဆောင်ရွက်လျက်ရှိရာ စီမံကိန်းဝင်မြို့နယ် ၂၂မြို့နယ်(မူလ ၁၁မြို့နယ်+တိုးချဲ့ ၁၁မြို့နယ်)တို့တွင် ကျေးရွာပေါင်း ၃၀၂၈ ရွာမှ ဝင်ငွေနည်း အိမ်ထောင်စုပေါင်း ၁၇၈၅၆၈ ကို ချေးငွေကျပ်သန်း ၃၁၅၉၄ကျော် ထုတ်ချေးပေးခဲ့ပြီး အိမ်ထောင်စုများမှ ကိုယ်ပိုင်စုဆောင်းငွေကျပ်သန်း ၁၄၇၀ ကျော်ရှိနေ**ကြောင်း သိရပေရာ အားရဖွယ်ပင်ဖြစ်ပေသည်။

သို့ဖြစ်ရာ **သမဝါယမများ၏ အသေးစားငွေကြေးလုပ်ငန်း(တစ်နည်း)အသေးစားချေးငွေလုပ် ငန်းသည် အလုပ်သမား၊ တောင်သူလယ်သမား၊ ဈေးသူဈေးသားမှအစ ကျေးလက်နေ နွမ်းပါးသူများအတွက် ကိုယ်တိုင်အလုပ်အကိုင် ဖန်တီးခွင့်နှင့် စွမ်းအားမြင့်မားရေးတို့ကို မြှင့်တင်အားပေးနေသည်မှာ အထင်အရှားပင်** ဖြစ်ပေသည်။ ဤသို့အားဖြင့် အသင်းသူအသင်းသားများ၏ လူမှုစီးပွားဘဝလည်း မြင့်မားတိုးတက်လာနေသည်ဖြစ်ရာ ဤလုပ်ငန်း တစ်စတစ်စ ကျယ်ပြန့်လာသည်နှင့်အမျှ အများပြည်သူတို့၏ လူမှုစီးပွားအကျိုးတရားများလည်း မြင့်မားတိုးတက်လာမည် ဖြစ်ပါကြောင်း အပြည်ပြည်ဆိုင်ရာသမဝါယမနေ့ကို ဂုဏ်ပြုရေးသား လိုက်ရပေသည်။ ။

ကျေးလက်နွမ်းပါးသူများ ရေရှည်ဘဝ ရပ်တည်နိုင်ရေး အသေးစားငွေချေးလုပ်ငန်း (Micro finance)ကိုလည်း ဆောင်ရွက်လျက်ရှိရာ စီမံကိန်းဝင်မြို့နယ် ၂၂မြို့နယ်(မူလ ၁၁မြို့နယ်+တိုးချဲ့ ၁၁မြို့နယ်) တို့တွင် ကျေးရွာပေါင်း ၃၀၂၈ ရွာမှ ဝင်ငွေနည်းအိမ်ထောင်စုပေါင်း ၁၇၈၅၆၈ ကို ချေးငွေ ကျပ်သန်း ၃၁၅၉၄ကျော် ထုတ်ချေးပေးခဲ့ပြီး အိမ်ထောင်စုများမှ ကိုယ်ပိုင်စုဆောင်းငွေကျပ်သန်း ၁၄၇၀ ကျော်ရှိနေ။

သမဝါယမများ၏ အသေးစားငွေကြေး လုပ်ငန်း(တစ်နည်း)အသေးစားချေး ငွေလုပ်ငန်းသည် အလုပ်သမား၊ တောင်သူလယ်သမား၊ ဈေးသူဈေးသားမှအစ ကျေးလက်နေ နွမ်းပါးသူများအတွက် ကိုယ်တိုင်အလုပ်အကိုင် ဖန်တီးခွင့်နှင့် စွမ်းအားမြင့်မားရေးတို့ကို မြှင့်တင်အားပေးနေသည်မှာ အထင်အရှားပင်။

ပုသိမ်မြို့ လယ်တီပရိယတ္တိစာသင်တိုက်အတွင်း ဆောက်လုပ်ဆဲဖြစ်သော သံဃာဝါသ ကျောင်းဆောင်တော်အတွက် ရှစ်နှစ်မြောက်ဖခင်ကြီး ဦးမြခင်နှင့်မိခင်ကြီး ဒေါ်ကြီးရင်တို့အားရည်စူး၍ ပုသိမ်မြို့နေ ဦးချစ်စိန်-ဒေါ်ခင်အေး သားသမီးမြေးတစ်စုတို့က အလှူတော်ငွေကျပ်ခြောက်သိန်းကို ပဓာနနာယကဆရာတော် နိုင်ငံတော်ဇဟိုသံဃာ့ဝန်ဆောင် ဘဒ္ဒန္တ ဣန္ဒိဥဏာဘိဝံသထံ ဆက်ကပ်လှူဒါန်းစဉ်။ (က-ပ)

ပဲခူးတိုင်းအထွေထွေအုပ်ချုပ်ရေးဦးစီးဌာန လုပ်ငန်းညှိနှိုင်းအစည်းအဝေးကျင်းပ

တောင်ငူ ဇွန် ၂၇

ပဲခူးတိုင်း အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၏ ၂၀၀၆ခုနှစ် လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ဇွန် ၂၃ ရက် နံနက် ၈ နာရီက တောင်ငူမြို့ ခပေါင်းခန်းမ၌ ကျင်းပရာ ပဲခူးတိုင်းအေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ တောင်ပိုင်းတိုင်း စစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ကိုကိုတက်ရောက် အမှာစကားပြောကြားသည်။

ထို့နောက် ပဲခူးတိုင်းအထွေထွေအုပ်ချုပ်ရေး ဦးစီးဌာနမှ တိုင်းအုပ်ချုပ်ရေးမှူး ဦးဖေသိန်းက လုပ်ငန်းဆိုင်ရာများကို ရှင်းလင်းဆွေးနွေးတင်ပြပြီး အစည်းအဝေးကို ခေတ္တရပ်နားသည်။

ဒုတိယပိုင်းတွင် တိုင်းအုပ်ချုပ်ရေးမှူး ဦးဖေသိန်းက အမှာစကားပြောကြားပြီး ခရိုင်နှင့် မြို့နယ်အုပ်ချုပ်ရေးမှူးများက ခရိုင်နှင့် မြို့နယ်အလိုက် လုပ်ငန်းဆောင်ရွက်မှု အခြေအနေများကို ရှင်းလင်းတင်ပြရာ တိုင်းအုပ်ချုပ်ရေးမှူးက ပြန်လည်ရှင်းလင်း ဆွေးနွေးသည်။ **(ခရိုင် ပြန်/ဆက်)**

ဒဂုံမြို့သစ်(တောင်ပိုင်း)ယုဇနအိမ်ရာနေ ဇဟိုတရားရုံးချုပ်ရှေ့နေ ဦးထွန်းမြတ်(နာရေးကူညီမှုအသင်း ဥပဒေအကြံပေးပညာရှင်)မိသားစုတို့က ရွှေပြည်သာမြို့ ၆/၁၀ ရပ်ကွက် သံလွင်လမ်း ရွှေပြည်သာပရိယတ္တိစာသင်တိုက်ကြီးအတွင်းရှိ နာရေးကူညီမှုအသင်း(ရွှေပြည်သာ)သို့ အလှူတော်ငွေကျပ်တစ်သိန်းလှူဒါန်းရာ အသင်းဥက္ကဋ္ဌ ဦးမြတ်ဝေနှင့် အတွင်းရေးမှူး ဦးမျိုးသက်အောင်၊ အမှုဆောင် ဦးထွန်းတင်တို့က လက်ခံယူပြီး ဂုဏ်ပြုလွှာပြန်လည်ချီးမြှင့်စဉ်။ (က-ပ)

ကျောင်းဆောင်သစ်ဆောက်လုပ်ရန် အလှူငွေပေးအပ် ငွေကျပ်သိန်း ၆၀ အကုန်အကျခံ ဆောက်လုပ်မည်

ကျောင်းကုန်း ဇွန် ၂၆

အခြေခံပညာမူလတန်း ကျောင်း ကျောင်းဆောင်သစ်ဆောက်လုပ်ရန် အလှူငွေပေးအပ်ပွဲ အခမ်းအနားကို ဇွန် ၂၂ ရက် နံနက် ၉ နာရီက ဧရာဝတီတိုင်း ကျောင်းကုန်းမြို့နယ် သဲကုန်းကျေးရွာအုပ်စု သဲကုန်းကျေးရွာ အောင်မင်္ဂလာကျောင်းတိုက် ဘုန်းတော်ကြီးကျောင်းတွင် ကျင်းပသည်။

အခမ်းအနားတွင် မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဦးဉာဏ်လှိုင်နှင့် မြို့နယ်ပညာရေးမှူး ဦးတင့်ဆွေတို့က အမှာစကား ပြောကြားကြပြီး အလှူငွေပေးအပ်ပွဲကို ဆက်လက်ကျင်းပရာ သဲကုန်းကျေးရွာအေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဦးကံဝင်း-ဒေါ်သိန်းအေး မိသားစုက ငွေကျပ် ၂၀၀၀၀၊ မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဦးဉာဏ်လှိုင်နှင့် ဇနီးက ငွေကျပ် ၆၀၀၀၀၊ ဦးထွန်းသွင် မိသားစုက ငွေကျပ် ၂၀၀၀၀ နှင့် ဒေါ်စန်းရီမိသားစုက ငွေကျပ် ၂၀၀၀၀ တို့ကို လှူဒါန်းကြသည်။

ကျောင်းဆောင်သစ်မှာ အလျား ပေ ၆၀၊ အနံ ပေ ၃၀ ရှိ အုတ်ပတ်ကား၊ သွပ်မိုး၊ အင်္ဂတေခင်းဖြစ်ပြီး နိုင်ငံတော်က ထည့်ဝင်ငွေကျပ်သိန်း ၃၀နှင့် ပြည်သူထည့်ဝင်ငွေကျပ် သိန်း ၃၀၊ စုစုပေါင်း ငွေကျပ် သိန်း ၆၀ အကုန်အကျခံ ဆောက်လုပ်မည်ဖြစ်ပြီး ၂၀၀၆-၂၀၀၇ ပညာသင်နှစ်အတွင်း အပြီးဆောက်လုပ်မည်ဖြစ်ကြောင်းသိရသည်။ (၂၆၅)

ရှင်းလင်းတင်ပြ

မြေပုံမြို့နယ် စည်ပင်သာယာရေးအဖွဲ့ ဂါလန် ၄၀၀၀ ဆံ့ အများသုံး အုတ်ရေလှောင်ကန်ဖြင့် ရေပေးဝေမှုကို ဇွန် ၁၈ရက်က ရခိုင်ပြည်နယ် စည်ပင်သာယာရေးအဖွဲ့ အင်ဂျင်နီယာမှူးကြီး ဦးမန်းကွင်းဆင်းစစ်ဆေးရာ အမှုဆောင်အရာရှိ ဦးဦးချစ်မောင်နှင့် တာဝန်ခံအင်ဂျင်နီယာ ဦးကောင်းထွန်းလင်းတို့က ရှင်းလင်းတင်ပြစဉ်။

(မြို့နယ်စည်ပင်)

ညောင်ဦးခရိုင်၌ စီမံကိန်းရည်မှန်းချက် တာဝန်ပေးအပ်

ညောင်ဦး ဇွန် ၁၅

ညောင်ဦးခရိုင်၏ ၂၀၀၆-၂၀၀၇ ခုနှစ် စီမံကိန်းရည်မှန်းချက်များ တာဝန်ပေးအပ်ပွဲ အခမ်းအနားကို ဇွန် ၈ရက်က ခရိုင်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံး အစည်းအဝေးခန်းမ၌ ကျင်းပသည်။

ရှေးဦးစွာ ခရိုင်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဒုတိယဗိုလ်မှူးကြီး တေဇက အဖွင့်အမှာစကားပြောကြားပြီး ခရိုင်အမျိုးသားစီမံကိန်းနှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး ဦးဝင်းလှိုင်က ၂၀၀၆-၂၀၀၇ ခုနှစ် နှစ်စဉ်စီမံကိန်း ရည်မှန်းချက်များနှင့် ပတ်သက်၍ ရှင်းလင်းတင်ပြသည်။

ထို့နောက် ညောင်ဦးခရိုင် အေးချမ်း သာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဒုတိယဗိုလ်မှူးကြီး တေဇက ၂၀၀၆-၂၀၀၇ ခုနှစ် စီမံကိန်းရည်မှန်းချက်များတာဝန်ကို မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဦးကံထူးထံသို့ ပေးအပ်ကြောင်းသိရသည်။ **(ခရိုင် ပြန်/ဆက်)**

မြန်မာ့အသံ နားဆင်စရာ

၁၃၆၈ခုနှစ် ဝါဆိုလဆန်း(၈)ရက်
၂-၇-၂၀၀၆(တနင်္ဂနွေနေ့)

နံနက်ပိုင်း

- ၀၇း၀၀ တရားတော် (ဦးဥတ္တမသာရ ဆရာတော်ကြီး၏ ပုဗ္ဗဏှသုတ်နှင့် ဂုဏ်တော်ကွန်ချာ)

နေ့လယ်ပိုင်း

- ၁၀း၀၀ သုတစုံစွာ သိမှတ်စရာ (အထွေထွေသိကောင်းစရာ တချို့-သိပ္ပံမှူးတင်)
- ၁၁း၂၅ နိုင်ငံ့စီးပွားလုပ်ငန်းများ (အဆောက်အအုံ ရေယိုရေစိမ့်ပြုပြင်ကာကွယ်မှုလုပ်ငန်းအကြောင်း)
- ၁၁း၃၀ မေတို့တွက်တာ အလှကမ္ဘာ (ပေါ့ပါးသွက်လက်တဲ့အသွင် မိုးရာသီဖက်ရှင်)
- ၁၁း၄၅ ခံစားနားဆင်မြန်မာတေးသံစဉ်
  - (၁) အဖြူသက်သက်မေတ္တာနဲ့
  - (၂) ခုတော့လည်း တစိမ်းတွေလိုပါပဲလား
  - (၃) ပန်းကောက်လှည့်ပါ
- ၁၂း၀၀ မြန်မာအမျိုးသမီးများနေ့ အထိမ်းအမှတ် (ကလေးများ၏ သီချင်းဆိုမှုအစီအစဉ်)
- ၁၂း၃၀ မြန်မာအမျိုးသမီးများနေ့ဂုဏ်ပြု ဇာတ်လမ်းပမာနားဆင်စရာ (ပန်းမျိုးတစ်ရာရောင်စုံဖြာ၍)
- ၁၃း၁၀ ယဉ်ကျေးမှုအနုပညာ (ဇူလိုင် ၃ ရက် မြန်မာအမျိုးသမီးများအတွက်-ဒေါ်စောမုံညင်း)

ညနေပိုင်း

- ၁၆း၃၀ **၂၀၀၆ ခုနှစ် ကမ္ဘာ့ဖလား ဘောလုံးပြိုင်ပွဲ နေ့စဉ်သုံးသပ်ချက်များ**
- ၁၇း၀၀ ဟာဒယရွှင်ဆေး (လူရွှင်တော်ဦးသော်တာနှင့်အဖွဲ့)
- ၁၇း၁၅ မြန်မာ့မူဟန်ဇာတိမာန် ဟောပြောချက် (မြန်မာ့သားချော့တေးနှင့် အမျိုးဂုဏ်ဇာတိဂုဏ်) (ညွှန့်ဟံ-ကြူတော)
- ၁၇း၃၀ မြန်မာအမျိုးသမီးများနေ့ဂုဏ်ပြု အစီအစဉ် (မြန်မာနိုင်ငံအမျိုးသမီးရေးရာ အဖွဲ့ချုပ်နှင့် ဆွေးနွေးခန်း)
- ၁၈း၂၅ မြန်မာအမျိုးသမီးများနေ့ဂုဏ်ပြု တေးသစ်များ
- ၁၈း၄၅ အာယုနှင့်သာစုဆွေးနွေးခန်း
- ၁၉း၁၅ အသံလွှင့်ဇာတ်(ညို့)
- ၂၀း၃၀ အင်္ဂလိပ်စကားပြောသင်ခန်းစာ English Lesson Working Knowledge
- ၂၀း၄၀ ခံစားနားဆင်မြန်မာတေးသံစဉ်
  - (၁) မခန်းသောစမ်း
  - (၂) ညရယ် အတွေးရယ် သံသရာရယ်
  - (၃) မိုးသက်လေနှင်

မအူပင်မြို့နယ် စည်ပင်သာယာရေးအဖွဲ့ပိုင် သားငါးဈေးအတွင်း သားငါးရောင်းချနေသူများ သန့်ရှင်းလတ်ဆတ်မှုနှင့် ကျန်းမာသန့်ရှင်းမှုရှိစေရေးအတွက် ယင်လုံဆန်ခါများ တပ်ဆင်အသုံးပြုမှုကို ဇွန်၂၆ ရက်က ဧရာဝတီတိုင်းစည်ပင်သာယာရေးအဖွဲ့ညွှန်ကြားရေးမှူး ဦးစိုးတင့် ကွင်းဆင်းကြည့်ရှုစစ်ဆေးရာ အမှုဆောင်အရာရှိ ဦးစိုးနိုင်ဦးက ရှင်းလင်းတင်ပြစဉ်။ (မြို့နယ်စည်ပင်)

အမြို့မြို့ အနယ်နယ် သတင်းများ

အမျိုးသမီးရေးရာအဖွဲ့ဝင် အဆိုပြုလွှာပေးအပ် သိကောင်းစရာနှင့် ရည်ရွယ်ချက်များရှင်းလင်း

ညောင်လေးပင် ဇွန် ၂၇

မြန်မာအမျိုးသမီးများနေ့ကို ဂုဏ်ပြု ကြိုဆိုသောအားဖြင့် အမျိုးသမီးရေးရာအဖွဲ့ဝင် အဆိုပြုလွှာ ပေးအပ်ပွဲနှင့် ဟောပြောပွဲကို ဇွန် ၂၂ ရက်နံနက်၉ နာရီက ပဲခူးခရိုင် ညောင်လေးပင် မြို့နယ် ပြွန်တန်ဆာမြို့ အခြေခံပညာ အလယ်တန်းကျောင်း၌ ကျင်းပသည်။

ရည်ရွယ်ချက်ရှင်းလင်း

အခမ်းအနားတွင် မြို့နယ်အမျိုးသမီးရေးရာအဖွဲ့ ဥက္ကဋ္ဌ ဒေါ်ခင်ခင်လှက မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ ဖွဲ့စည်းပုံနှင့်သိကောင်းစရာများကို ရှင်းလင်းပြီး မြို့နယ်အလုပ်အမှုဆောင် ဒေါ်ညွန့်ညွန့်ရွှေက အမျိုးသမီးရေးရာအဖွဲ့၏ ရည်ရွယ်ချက်များကို ရှင်းလင်းဟောပြောသည်။

ပေးအပ်

ထို့နောက် ပြွန်တန်ဆာမြို့ အခြေခံပညာအလယ်တန်းကျောင်းအုပ်ဆရာမကြီး ဒေါ်ခင်စန်းမြင့်က အမျိုးသမီးငယ်ရွယ် ၁၉၆ ဦးတို့၏ ကိုယ်စား အမျိုးသမီးရေးရာအဖွဲ့ဝင် အဆိုပြုလွှာများ ပေးအပ်ရာ မြို့နယ် အမျိုးသမီးရေးရာ အဖွဲ့ဥက္ကဋ္ဌ ဒေါ်ခင်ခင်လှက လက်ခံရယူကြောင်းသိရသည်။

(အောက်ပုံ)(မြို့နယ် ပြန်/ဆက်)

စာကြည့်တိုက်များ တည်တံ့ရေးဆွေးနွေး

လှိုင်ကော် ဇွန် ၈

ကယားပြည်နယ်လှိုင်ကော်မြို့နယ်အတွင်း ဖွင့်လှစ်ထားသော ကျေးရွာကိုယ့်အားကိုယ်ကိုးစာကြည့်တိုက်များ ရေရှည်တည်တံ့ရေး ဆွေးနွေးပွဲအခမ်းအနားကို ဇွန် ၃ရက်က လှိုင်ကော်မြို့ ပန်ကန်း ကျေးရွာအုပ်စုနမ့်ဘော်ဝမ်(ရှမ်း)ကျေးရွာ တက်နေဝန်းကိုယ့်အားကိုယ်ကိုးစာကြည့်တိုက်တွင် ကျင်းပရာ ခရိုင်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးမှူး ဦးစိုးနိုင်နှင့် ရပ်သံကျွမ်းကျင်(၃) ဦးမျိုးမြင့်ထွေးတို့က စာကြည့်တိုက်ရေရှည် တည်တံ့ရေး၊ စာအုပ်စာစောင်များ တိုးပွားရေးအတွက်ဆောင်ရွက်ရမည့် နည်းလမ်းများနှင့် စာကြည့်တိုက်ဆိုင်ရာပညာရပ်များကို ဆွေးနွေးပို့ချကြသည်။

(ခရိုင် ပြန်/ဆက်)

PET (အကြည်ဘူး)ထုတ် စက်မျိုးစုံရောင်းရန်ရှိသည်

လက်ရှိအသုံးပြုနေသော–
၁။ PET Injection စက်အမျိုးမျိုး
၂။ PET Blowing စက်အမျိုးမျိုး
၃။ Blowing နှင့် Injection Mould အမျိုးမျိုး
၄။ Compressor, Water Chiller

မှတ်ချက်။ ။နည်းပညာပိုင်းများကို တာဝန်ယူဆောင်ရွက်ပေးမည်။

ဆက်သွယ်ရန်ဖုန်း–၀၉၅ ၁၆၆၆၂၈။

ရောင်းရန်ကြော်ငြာ

(တရားမကျင့်ထုံးဥပဒေအမိန့်–၂၁၊ နည်းဥပဒေ–၆၆)
မကွေးတိုင်းတရားရုံး
၂၀၀၅ ခုနှစ် တရားမဇာရီမှုအမှတ်–၂၉

မန်နေဂျာ **နှင့်** ၁။ ဦးခင်မောင်အေး
မြန်မာ့စီးပွားရေးဘဏ်၊ ပခုက္ကူမြို့ ရေစကြိုမြို့
တရားနိုင် **တရားရှုံး**

မကွေးတိုင်းတရားရုံး၏ ၂၀၀၄ခုနှစ် တရားမကြီးမှုအမှတ်(၅၀)တွင် ကျရှိသည့် ဒီကရီအတွက် ဇာရီစာရင်းပြုစုရာ စာရင်း၌ဖော်ပြထားသော ပစ္စည်းတွင် တရားရှုံးများ အကျိုးသက်ဆိုင်ခြင်းကို ၂၀၀၆ ခုနှစ် ဩဂုတ်လ ၁ ရက် (၁၃၆၈ ခု၊ ဝါခေါင်လဆန်း ၁ရက်) နံနက် ၁၀း၀၀ နာရီအချိန်တွင် ပစ္စည်းတည်ရှိရာအရပ်၌ လေလံတင်ရောင်းချလိမ့်မည်။

လေလံတင်ရောင်းချမည့်ပစ္စည်း

ရေစကြိုမြို့ အမှတ်(၄)ရပ်၊ အကွက်အမှတ်(၃) ဖောင်တော်ဦးမြေကွက် အကွက်အမှတ် (၁၃၀/၁၀၇)ဧရိယာ ၀ ဒသမ ၀၃၆ဧကရှိမြေ၊ ယင်းမြေပေါ်ရှိ (၄၀ x ၄၅ x ၂၄)ပေကျယ် နှစ်ထပ်တိုက်နှင့် ရေစကြိုမြို့ ဖောင်တော်ဦးရပ် အကွက် (၃)၊ ဖောင်တော်ဦးမြေကွက် အကွက်အမှတ်(၂၁၁/၁၇၁)ဧရိယာ ၀ဒသမ ၀၂၄ ဧကရှိ မြေနှင့် ယင်းမြေပေါ်ရှိ (၄၀x၂၇x၂၄)ပေကျယ် နှစ်ထပ်တိုက် အပါအဝင် အဆောက်အအုံများအားလုံးနှင့် တပ်ဆင်ထားသော စက်ကိရိယာ ပစ္စည်းများအားလုံး။ **လေလံကြမ်းခင်းဈေးအား ကျပ်(၁၀၀)သိန်းသတ်မှတ်သည်။**

လေလံစည်းကမ်းချက်များ

၁။ စာရင်းတွင်ဖော်ပြပါရှိသောအချက်များမှာ တရားနိုင်ကတရားရုံးသို့ တင်ပြချက်အရ သိရှိသမျှဖြစ်သည်။ မှားယွင်းခြင်း၊ ကွင်းကျန်ခြင်းတစ်ခုခုအပေါ် တာဝန်ခံမည်မဟုတ်ပါ။
၂။ လေလံတင်ရောင်းချသည့် နည်းစနစ်ကို ရောင်းချသူအရာရှိက သတ်မှတ်သည့်အတိုင်း၊ ရောင်းချမည်ဖြစ်သည်။
၃။ လေလံစည်းကမ်းချက်များကို ရောင်းချသူအရာရှိထံ ရောင်းချမည့်ရက်မတိုင်မီ ရုံးချိန်အတွင်း လာရောက်စုံစမ်းနိုင်ပါသည်။

၂၀၀၆ ခုနှစ် ဇွန်လ ၁၉ ရက်နေ့တွင် ဤရုံးတော်တံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ် လက်မှတ်ရေးထိုး ပေးလိုက်သည်။

မြတ်မင်း
တိုင်းတရားသူကြီး၊ မကွေးတိုင်းတရားသူကြီး။

ငြင်းချက်ထုတ်ရန်သမ္မန်စာ

တရားမကျင့်ထုံး ဥပဒေအမိန့်–၅၊ နည်းဥပဒေ–၂၀
ရန်ကုန်အနောက်ပိုင်းခရိုင် တရားရုံးတော်၌
၂၀၀၆ခုနှစ် တရားမကြီးမှု အမှတ်–၁၅၁

အာရှဓနဘဏ်လီမိတက်	**နှင့်**	ဦးတင်ဇော်အောင်
(အထူးကိုယ်စားလှယ်လွှဲစာရသူ		အမှတ် ၃၂/၃၆
ဦးသန်းစိန်)		ဗိုလ်အောင်ကျော်လမ်း၊
အိုလံပစ်တာဝါ(II)ကမ်းနားလမ်း၊		ဗိုလ်တထောင်မြို့နယ်၊
အလုံမြို့နယ်၊ ရန်ကုန်မြို့။		ရန်ကုန်။
တရားလို		**တရားပြိုင်**

ဦးတင်ဇော်အောင် (ယခုနေရပ်လိပ်စာမသိသူ) သိစေရမည်။

သင့်အပေါ်၌ အထက်အမည်ပါ တရားလိုက Credit Card (Diamond) ဖြင့် သုံးစွဲထားသောငွေနှင့် ကျသင့်သည့်ဒဏ်ကြေးငွေများ ရလိုမှု လျှောက်ထားစွဲဆိုသည်ဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေ၊ သို့တည်းမဟုတ် ၎င်းအမှုနှင့်စပ်လျဉ်း၍ အရေးကြီးသည့် စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ သင့်ကိုယ်စားလှယ်ရုံး အခွင့်အမိန့်ရ ရှေ့နေဖြစ်စေ၊ သို့တည်းမဟုတ် ၎င်းအမှုနှင့်စပ်လျဉ်းသည့် အချက်များကို ချေပ၍ပြောဆိုနိုင်သူ တစ်ဦးတစ်ယောက် ၎င်းရှေ့နေ ပါစေ၍ဖြစ်စေ၊ ၂၀၀၆ခုနှစ် ဇူလိုင်လ(၁၃)ရက်နေ့ (၁၃၆၈ခုနှစ် ဝါဆိုလပြည့်ကျော် ၄ ရက်)မွန်းမတည့်မီ ၁၀း၀၀ နာရီတွင် အထက်အမည်ရေးသားပါရှိသူ တရားလို၏ စွဲချက်ကို ထုချေရှင်းလင်းရန် ရုံးသို့လာရောက်ရမည်။ ၎င်းအပြင် သင်သိစေရမည်မှာ အထက်ဆိုခဲ့သည့်နေ့ရက်တွင် သင့်မလာရောက်ပျက်ကွက်ခဲ့လျှင် သင့်ကွယ်ရာတွင် အမိန့်ချမှတ်လိမ့်မည်ဖြစ်ကြောင်း သိစေအပ်ပါသည်။

၂၀၀၆ ခုနှစ် ဇွန်လ(၂၃)ရက်နေ့တွင် ဤရုံးတော်တံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

ခင်ခင်လှ
ဒုတိယခရိုင်တရားသူကြီး(၄)
ရန်ကုန်အနောက်ပိုင်းခရိုင်တရားရုံး။

အခြမ်ရောင်းမည်

မကွေးတိုင်း သမဝါယမအသင်းစုချုပ်လီမိတက်က **ရန်ကုန်မြို့ရှိ ၃၇လမ်းနှင့် အနော်ရထာလမ်းထောင့်ရှိ တိုက်ခန်းနှစ်ခန်းဖြစ်သော အမှတ် ၁၀၄နှင့် အမှတ် ၁၁၂ (အားလုံးမြေညီထပ်)**တို့ကို **အိတ်ပိတ်တင်ဒါစနစ်ဖြင့်** ရောင်းချသွားမည်။ (၁၀၄/၁၁၂)

ဝယ်ယူလိုသည့်အဖွဲ့အစည်း သို့မဟုတ် ပုဂ္ဂလိက (မည်သူမဆို) ထံမှ ၁၀–၇–၂၀၀၆ရက် နောက်ဆုံးထား၍ မကွေးတိုင်း သမဝါယမ၊ အသင်းစုချုပ်ရုံး၊ မကွေးမြို့သို့ တိုက်ရိုက်ဆက်သွယ်ဝယ်ယူနိုင်သည်။

ထုခွဲရောင်းချရေးအဖွဲ့
ရုံးဖုန်း–၀၆၃–၂၃၁၁၃၊ ၀၆၃–၂၁၀၆၀။

အမွေပြတ်စွန့်လွှတ်ခြင်း

ကချင်ပြည်နယ် နမ္မတီးမြို့မရပ်ကွက်နေ ဒေါ်ယဉ်ယဉ်၏သား မောင်ဇေယျာထွန်း(ခ) မောင်အားတီ ၁/မကတ(နိုင်) ၀၇၀၈၃၀ သည် မိခင်အားစိတ်ဆင်းရဲအောင် အကြိမ်ကြိမ်ပြုလုပ်နေပါသဖြင့် ၂၇–၆–၂၀၀၆ ရက်မှစ၍ သားအဖြစ်မှ စွန့်လွှတ်လိုက်သည်။ နောက်နောင် ၎င်းနှင့် ပတ်သက်သော ကိစ္စအဝဝကို လုံးဝတာဝန်မယူပါ။

ဒေါ်ယဉ်ယဉ် ၁/မကတ(နိုင်)၀၁၃၁၀၄
နမ္မတီး။

အမြန်ပြန်လာပါ

မောင်သီဟထွန်း

မင်းအဖေ မင်းရဲ့စိတ်နှင့် အသည်းအသန်ဖြစ်နေသဖြင့် အမြန်ပြန်လာပါ အားလုံးစိတ်ပူနေသည်။ အရပ် ၅ပေ ၉လက်မ၊ အသားဖြူ၊ ပိန်ပိန် အသက်(၂၁)နှစ်အရွယ် တွေ့ရှိ သတင်းပေးသူအား ကျေးဇူးဆပ်ပါမည်။

မိခင်
ဒေါ်စန်းစန်းအေး(မကွေးမြို့)
ဖုန်း–၀၆၃–၂၁၇၇၆/၀၈၅၂၁၅၁၀
၀၉–၅၃၄၀၁၈၃/၀၉–၅၃၄၁၀၈၃။

အမည်ပြောင်း

မြစ်ကြီးနားမြို့ အထက(၃)အဌမတန်း(B)မှ အဖ ဦးဇော်ဖန်၏သား မောင်သန်းထွန်းအောင်အား မောင်သိန်းထွန်းအောင်ဟု ပြောင်းလဲခေါ်ပါရန်။ **မောင်သိန်းထွန်းအောင်။**

ဒေါ်တင်တင်နှင့်အများသိစေရန်

ပဲခူးတိုင်း (အနောက်ပိုင်း) ပြည်မြို့ ဦးပိုင်အမှတ် N–၃၇ ဧရိယာ ၁ ဒသမ ၅၉ ဧကအား ဦးစိန်တင်–ဒေါ်ခင်စောပု(ကွယ်လွန်)နှင့် သမီး ဒေါ်အေးအေးစု ၁၂/မဂဒ (နိုင်) ၀၀၅၈၇၄ တို့က ပိုင်ဆိုင်ပြီး ဒေါ်တင်တင်နှင့် လုံးဝမသက်ဆိုင်ကြောင်းနှင့် အဆိုပါမြေကွက်ကို ငှားရမ်းခြင်း၊ ပေါင်နှံခြင်း၊ ရောင်းချခြင်းမပြုလုပ်ပါရန်နှင့် ပြုလုပ်ပါက တရားဥပဒေအရ အရေးယူမည်ဖြစ်ကြောင်း ကြေညာအပ်ပါသည်။

ဒေါ်အေးအေးစု
၁၂/မဂဒ(နိုင်)၀၀၅၈၇၄။

အမြန်ရောင်းမည်

၁။ ဒဂုံ(မြောက်) အမှတ်(၃၄) ရပ်ကွက်၊ ယမနေလမ်း၊ မြေ ပေ ၄၀ x ပေ ၆၀။
၂။ ဒဂုံ(မြောက်) အမှတ်(၄၁) ရပ်ကွက်၊ ဦးဝိစာရလမ်း ဂုတ်ခြံ ပေ ၆၀xပေ၁၀၀၊ အိမ်(ရေ၊မီးပါ)။
၃။ ဒဂုံ(မြောက်) အမှတ်(၄၂) ရပ်ကွက် ဦးဝိစာရလမ်းအနီး မြေပေ ၄၀ x ပေ ၆၀၊ B/N နှစ်ထပ်၊ မီးပါ(ထောင့်ကွက်)။

ဖုန်း–၇၀၃၄၁၅၊
၀၉ ၈၀၂၁၁၇၉။

ပုသိမ်ခရိုင် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဒုတိယဗိုလ်မှူးကြီး လှသွင် ကျုံပျော်မြို့ သန့်ရှင်းသာယာလှပရေးနှင့် ရေစီးရေလာကောင်းမွန်ရေးအတွက် လမ်းများ အဆင့်မြှင့်တင်ရေး လုပ်ငန်းများ ကွင်းဆင်းစစ်ဆေးရာ ကျုံပျော်မြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးရဲဝင်းနှင့် အမှုဆောင်အရာရှိ ဦးသန်းအေးတို့က ရှင်းလင်းတင်ပြစဉ်။ (မြို့နယ်စည်ပင်)

မော်လမြိုင်ကျွန်း၌ စုပေါင်းသန့်ရှင်းရေးဆောင်ရွက်

မော်လမြိုင်ကျွန်း ဇွန် ၂၈

မြန်မာအမျိုးသမီးများနေ့ကို ဂုဏ်ပြုကြိုဆိုသောအားဖြင့် မော်လမြိုင်ကျွန်းမြို့နယ် အမျိုးသမီးရေးရာအဖွဲ့က ကြီးမှူးကျင်းပသော စုပေါင်းသန့်ရှင်းရေး ဆောင်ရွက်ပွဲကို ဇွန် ၂၇ ရက် နံနက် ၇ နာရီက မော်လမြိုင်ကျွန်းမြို့ ဗိုလ်ချုပ်လမ်းမကြီးနှင့် မြို့မ ၅ လမ်းမကြီးတစ်လျှောက်၌ ကျင်းပသည်။

စုပေါင်းဆောင်ရွက်

အဆိုပါ စုပေါင်းသန့်ရှင်းရေး ဆောင်ရွက်ပွဲသို့ မြို့နယ်ဥက္ကဋ္ဌ ဦးကိုကိုအောင်နှင့် အဖွဲ့ဝင်များ၊ မြို့နယ်အမျိုးသမီးရေးရာအဖွဲ့နှင့် မိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်းဥက္ကဋ္ဌ ဒေါ်ခင်စန်းမြင့်နှင့် အဖွဲ့ဝင်များ၊ မြို့နယ် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်း အမှုဆောင်များနှင့် အသင်းဝင်များ၊ လူမှုရေးအသင်းအဖွဲ့များ၊ မြို့နယ်စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးတင့်လွင်ဦးနှင့် ဝန်ထမ်းများ၊ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ မြို့မရပ်ကွက်မှ အမျိုးသမီးရေးရာအဖွဲ့နှင့် မိခင်နှင့်ကလေး စောင့်ရှောက်ရေး အသင်းဝင်များနှင့် ပြည်သူများက ပိတ်ဆို့ရေမြောင်းများ တူးဖော်ခြင်း၊ မြေနိမ့်ချိုင့်ဝှမ်းများ မြေဖို့ခြင်းနှင့် ပေါင်းမြက်များရှင်းလင်းမှုတို့ကို တပျော်တပါး စုပေါင်းဆောင်ရွက်ကြသည်။ **(အပေါ်ပုံ)**

(၀၉၇)

မြိုင်မြို့နယ် ဝွေးပင်လယ်ကျေးရွာ ကွင်းအမှတ် ၈၄၉ တွင် အမှုဆောင်အရာရှိ ဦးအောင်မင်းကြိုင် ဦးဆောင်သော စည်ပင်သာယာရေးအဖွဲ့ ဝန်ထမ်းများ မေ ၂၇ရက်က ခြစည်းရိုးကြက်ဆူပင်စိုက်ပျိုးကြစဉ်။ (မြို့နယ်စည်ပင်)

စာကြည့်တိုက်များ ရေရှည်တည်တံ့ရေး ဆွေးနွေး

ကလေး ဇွန် ၂၇

စစ်ကိုင်းတိုင်းပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး ဦးတင်သန်းဝင်းသည် ဇွန် ၁၉ရက်က ကလေးခရိုင် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနသို့ ရောက်ရှိကာ ဝန်ထမ်းများနှင့်တွေ့ဆုံပြီး ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ၂၀၀၆–၂၀၀၇ ခုနှစ် ရည်မှန်းချက်တာဝန်များကို ရှင်းလင်းပြီး ကျေးရွာကိုယ့်အားကိုယ်ကိုးစာကြည့်တိုက်များ ရေရှည်တည်တံ့ရေး၊ စာအုပ်စာစောင်များ တိုးပွားလာအောင် စည်းရုံးဆောင်ရွက်ရေး၊ စာကြည့်တိုက်ဆိုင်ရာ ပညာပေးဆင့်ပွားသင်တန်းနှင့် အလုပ်ရုံဆွေးနွေးပွဲများ တိုးချဲ့ဆောင်ရွက်ရေးတို့ကို မှာကြားသည်။

ဆက်လက်၍ ခရိုင်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးအရာရှိ ဦးတင်မောင်လွင်က ဖွင့်လှစ်ပြီး စာကြည့်တိုက်များ ရှင်သန်ဖွံ့ဖြိုးရေးနှင့် စာကြည့်တိုက်များ မှတ်ပုံတင်နိုင်ရေးဆောင်ရွက်ချက်များကို တင်ပြရာ တိုင်းလက်ထောက်ညွှန်ကြားရေးမှူး ဦးတင်သန်းဝင်းက လိုအပ်သည်များကို ဖြည့်စွက်မှာကြားကာ ခရိုင်ရုံး၏ ရုံးလုပ်ငန်းများ၊ စာကြည့်တိုက်ဆိုင်ရာလုပ်ငန်းများ၊ ရုပ်သံလုပ်ငန်းများနှင့် ဓာတ်ပုံလုပ်ငန်းများ စစ်ဆေးသည်။

(ခရိုင် ပြန်/ဆက်)

ဖျာပုံမြို့ မြို့မရပ်ကွက်များ အတွင်းရှိ ရေမြောင်းများ ရေစီးရေလာ ကောင်းမွန်ရေးအတွက် မြို့နယ် စည်ပင်သာယာရေးအဖွဲ့ ဝန်ထမ်းများ ဇွန်၁၄ ရက်က အမှတ် ၉ ရပ်ကွက် ကျွန်းတောလမ်းဘေး ရေနုတ်မြောင်းရှိ အမှိုက်သရိုက်၊ ရွှံ့ညွန်များ ဆယ်ယူရှင်းလင်းကြစဉ်။

(၁၅၈)

စုပေါင်းစိုက်ပျိုး

ဇွန် ၂၄ ရက်က ဝါးခယ်မြို့နယ် စည်ပင်သာယာရေးအဖွဲ့ ရုံးဝန်ထမ်းများ ကြာဖြူ–သဲကုန်း ကျေးရွာချင်းဆက် လမ်းဘေးဝဲယာတွင် ခြစည်းရိုးကြက်ဆူပင်စုပေါင်းစိုက်ပျိုးကြရာ အမှုဆောင်အရာရှိ ဦးလှဦး ကြီးကြပ်ဆောင်ရွက်စဉ်။

(မြို့နယ်စည်ပင်)

နိုင်ငံရေးဦးတည်ချက်(၄)ရပ်

- နိုင်ငံတော် တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး
- အမျိုးသား ပြန်လည်စည်းလုံးညီညွတ်ရေး
- ခိုင်မာသည့် ဖွဲ့စည်းပုံ အခြေခံဥပဒေသစ်ဖြစ်ပေါ်လာရေး
- ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံအခြေခံ ဥပဒေသစ်နှင့်အညီ ခေတ်မီ ဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး

စီးပွားရေးဦးတည်ချက်(၄)ရပ်

- စိုက်ပျိုးရေးကိုအခြေခံ၍ အခြားစီးပွားရေး ကဏ္ဍများကိုလည်း ဘက်စုံ ဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
- ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာဖြစ်ပေါ်လာရေး
- ပြည်တွင်းပြည်ပမှ အတတ် ပညာနှင့် အရင်းအနှီးများဖိတ်ခေါ်၍ စီးပွားရေးဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
- နိုင်ငံတော် စီးပွားရေး တစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသားပြည်သူတို့၏လက်ဝယ်တွင်ရှိရေး

လူမှုရေးဦးတည်ချက်(၄)ရပ်

- တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တမြင့်မားရေး
- အမျိုးဂုဏ် ဇာတိဂုဏ်မြင့်မားရေးနှင့် ယဉ်ကျေးမှု အမွေအနှစ်များ၊ အမျိုးသားရေးလက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး
- မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး
- တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည် မြင့်မားရေး

နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးစိုးဝင်း ဗီယက်နမ်နိုင်ငံ ဝန်ကြီးချုပ်ထံ သဝဏ်လွှာပေးပို့

နေပြည်တော် ဇွန် ၃၀

၂၀၀၆ခုနှစ် ဇွန် ၂၇ရက်တွင် ဗီယက်နမ်ဆိုရှယ်လစ်သမ္မတနိုင်ငံ၏ ဝန်ကြီးချုပ်အဖြစ် ခန့်အပ်တာဝန်ပေးအပ်ခြင်းခံရသူ မစ္စတာ ငုယင်တန်ဇွန်းထံသို့ ပြည်ထောင်စုမြန်မာနိုင်ငံတော် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးစိုးဝင်းထံမှ ဝမ်းမြောက်ကြောင်းသဝဏ်လွှာပေးပို့ခဲ့သည်။

(သတင်းစဉ်)

ကျေးလက်ပြည်သူများအသိပညာဗဟုသုတကြွယ်ဝပြီး မှန်မှန်ကန်ကန်ဝေဖန်ပိုင်းခြားတတ်ရန် စာဖတ်သည့်အလေ့အကျင့်တိုးတက်စေရန် ကျေးရွာများတွင်စာကြည့်တိုက်များဖွင့်လှစ် စာကြည့်တိုက်လုပ်ငန်းများ အစဉ်ရှင်သန်ဖွံ့ဖြိုးတိုးတက်ရေး စေတနာရှေ့ထားဆောင်ရွက်

ရန်ကုန် ဇွန် ၃၀

ရန်ကုန်တိုင်းလုံးကျွတ် ကျေးရွာကိုယ့်အားကိုယ်ကိုးစာကြည့်တိုက်များ ဖွင့်လှစ်ပြီးစီးခြင်းအထိမ်းအမှတ်နှင့် ငွေပဒေသာပင်၊ ရုပ်မြင်သံကြားပြစက်၊ ရေဒီယိုနှင့် စာအုပ်စာစောင်များ လှူဒါန်းပွဲအခမ်းအနားကို ယနေ့ညနေ ၃နာရီတွင် ရန်ကုန်မြို့ စမ်းချောင်းမြို့နယ် အမှတ်(၂)အခြေခံပညာအထက်တန်းကျောင်း စံပယ်ခန်းမဌကျင်းပရာ ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်လှဋ္ဌေးဝင်းနှင့် ပြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်းတို့ တက်ရောက်၍ အမှာစကားပြောကြားပြီး လှူဒါန်းပစ္စည်းများကို လက်ခံကြသည်။ *စာမျက်နှာ ၁၁ ကော်လံ ၁* ■

ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်လှဋ္ဌေးဝင်း ရန်ကုန်တိုင်းလုံးကျွတ် ကျေးရွာကိုယ့်အားကိုယ်ကိုးစာကြည့်တိုက်များ ဖွင့်လှစ်ပြီးစီးခြင်းအထိမ်းအမှတ်နှင့် ငွေပဒေသာပင်၊ ရုပ်မြင်သံကြားပြစက်၊ ရေဒီယိုနှင့် စာအုပ်စာစောင်များ လှူဒါန်းပွဲတွင် အမှာစကားပြောကြားစဉ်။ (သတင်းစဉ်)

အာဂျင်တီးနားကို ပယ်နယ်တီဖြင့်နိုင်ပြီး အိမ်ရှင် ဂျာမနီ အကြိုဗိုလ်လုပွဲတက်ရောက်

ရန်ကုန် ဇွန် ၃၀

၂၀၀၆ ကမ္ဘာ့ဖလားဘောလုံးပြိုင်ပွဲ ကွာတားဖိုင်နယ်ပွဲစဉ်(၁) အဖြစ် ယနေ့ မြန်မာစံတော်ချိန် ည၉နာရီခွဲက ဘာလင်မြို့ရှိ Olympiastadion အားကစားကွင်း၌ အိမ်ရှင်ဂျာမနီအသင်းနှင့် အာဂျင်တီးနားအသင်းတို့ ယှဉ်ပြိုင်ကစားရာ ဂျာမနီအသင်းက ငါးဂိုး–သုံးဂိုးဖြင့် အနိုင်ရရှိသွားသည်။

စာမျက်နှာ ၁၄ ကော်လံ ၅ ❐

အိမ်ရှင်ဂျာမနီအသင်း နှင့် အာဂျင်တီးနားအသင်း တို့၏ ပွဲစဉ်တွင် ဂျာမနီအသင်းအတွက် ချေပဂိုးကို တိုက်စစ်မှူး ကလိုဆေးက ဤသို့ ခေါင်းတိုက် သွင်းယူခဲ့သည်။

(ဓာတ်ပုံ– အင်တာနက်)

NLD ၏ လုပ်ရပ်များအပေါ် အယုံအကြည်မရှိ ဒီပဲယင်းမြို့နယ် NLD ပါတီဝင် ၂၀ဦး ၎င်းတို့၏ဆန္ဒအလျောက်စုပေါင်းနုတ်ထွက်

ရန်ကုန် ဇွန် ၃၀

စစ်ကိုင်းတိုင်း ဒီပဲယင်းမြို့နယ် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်မှ ပါတီဝင်များဖြစ်ကြသော ဦးမင်းနိုင်၊ ဦးအေးမောင်၊ ဦးကျော်ထွန်း၊ ဦးဘိုရွှေ၊ ဒေါ်ခင်သက်မာ၊ ဦးမြင့်ဦး၊ ဦးထွန်းမောင်၊ ဦးစိန်မ၊ ဒေါ်သန်းညွန့်၊ ဦးအောင်ဌေး၊ ဦးဝင်းသောင်၊ ဦးသန်းအောင်၊ ဦးမြလင်း၊ ဦးကျော်သင်း၊ ဦးအုန်းမြင့်၊ ဦးကျော်ငြိမ်း၊ ဦးသိန်းဇော်၊ ဒေါ်လှစိန်၊ ဦးကျော်ထွေး၊ ဦးစိန်လင်းတို့သည် ၎င်းတို့၏ဆန္ဒအလျောက် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် (NLD) ပါတီမှ နုတ်ထွက်ကြောင်း နုတ်ထွက်စာများရေးသားပြီး ဇွန် ၁၇ရက်တွင် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်(NLD) ဌာနချုပ်နှင့် ဒေသဆိုင်ရာ အာဏာပိုင်အဖွဲ့အစည်းများသို့ နုတ်ထွက်လွှာများကို ပေးပို့နုတ်ထွက်ခဲ့ကြသည်။

စစ်ကိုင်းတိုင်း ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲကျင်းပရေး ကော်မရှင်အဖွဲ့ခွဲသို့ ပေးပို့သော နုတ်ထွက်လွှာတွင် ၎င်းတို့သည် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် (NLD)၏ လုပ်ရပ်များအပေါ် အယုံအကြည်မရှိတော့သဖြင့် ၎င်းတို့၏ဆန္ဒအလျောက် နုတ်ထွက်ပါကြောင်းဖြင့် ဖော်ပြထားသည်။

(သတင်းစဉ်)